# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက် | ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၃)၊ အမှတ်(၁၂၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၁/၂၀၂၄) ကျင်းပ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၁/၂၀၂၄) ကျင်းပစဉ်။

**နေပြည်တော် ဇန်နဝါရီ ၃၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၁/၂၀၂၄) ကို ဇန်နဝါရီ ၃၁ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ ယာယီသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး

*စာမျက်နှာ ၃ ကော်လံ ၁* ❖

❑ **အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအားလုံး၏ သဘောတူဆွေးနွေးဆုံးဖြတ်ချက်များအရ "နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလကို နောက်ထပ် ၆ လ တိုးမြှင့်သတ်မှတ်ကြောင်း" ကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ အသိပေးကြေညာ**

**ယနေ့** *မာတိကာ*

## လူသားတို့ ကျန်းမာပျော်ရွှင်ဖို့ ရေဝပ်ဒေသများ ထိန်းသိမ်းစို့

ဆောင်းပါး | စာ ၁၆

## မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၃၁

၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၃ရက် (စနေနေ့) ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) MICC(I) ၌ ခမ်းနားထည်ဝါစွာ စီစဉ်ကျင်းပသွားမည်ဖြစ်သည်။

*စာမျက်နှာ ၂ ကော်လံ ၃* ❂

# ပြည်သူ့အားဖြင့်ကာကွယ် မီးအန္တရာယ်

ပြီးခဲ့သည့်နှစ်က ဇန်နဝါရီလ တစ်လတည်းအတွင်းမှာပင် နိုင်ငံတစ်ဝန်း မီးလောင်မှု ၁၆၆ ကြိမ်ဖြစ်ပွားခဲ့ပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ကျပ်ငွေ ခုနစ်ဘီလီယံခန့်ရှိခဲ့သည်။ ဤသည်မှာ ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း မီးလောင်မှု ၁၄၉၉ ကြိမ် ဖြစ်ပွားခဲ့ရာတွင် ပျက်စီးဆုံးရှုံးမှုတန်ဖိုး စုစုပေါင်း ကျပ် ၆ ဒသမ ၇ ဘီလီယံကျော်ထက်ပင် ပိုမိုနေခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးမှုသည် ပမာဏအားဖြင့် ကြီးမားသည်နှင့်အမျှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားဖြစ်စေနိုင်သည့်အပြင် အများပြည်သူအတွက်လည်း ဥစ္စာပစ္စည်းဆုံးရှုံးမှုကိုရော အသက်ဆုံးရှုံးမှုကိုပါ ဖြစ်ပေါ်စေနိုင်သည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်မီးလောင်မှုအကြိမ်ရေ ပျမ်းမျှအားဖြင့် ၁၈၀၀ ကျော်ခန့်ဖြစ်ပွားပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုး နှစ်စဉ် ၁၅ ဘီလီယံခန့်ရှိနေသည်။ ၂၀၁၃ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ၁၀ နှစ်တာကာလအတွင်း မီးလောင်မှုအကြိမ်ရေ ၁၈၃၃၆ ကြိမ် ဖြစ်ပွားခဲ့ရာတွင် ငွေကျပ် ၁၅၅ ဘီလီယံကျော်ဖိုး ဆုံးရှုံးခဲ့ရသည်။ မီးလောင်မှုဖြစ်စဉ်များတွင် ပေါ့ဆမှုကြောင့် လောင်သည့်မီးက အများဆုံးဖြစ်ပြီး လျှပ်စစ်ကြောင့် လောင်သည့်မီးက ဒုတိယအများဆုံးဖြစ်သည်ဟုဆိုရာ ကြိုတင်ကာကွယ်ပြင်ဆင်မှုများ ပြုလုပ်ခြင်း၊ မီးအသုံးပြုမှုပြုလုပ်တိုင်း ဂရုစိုက်သုံးစွဲခြင်းဖြင့် မီးဘေးရှောင်၊ မလောင်ခင်က တားဆီးနိုင်ကြမည်ဖြစ်သည်။ ပြည်သူအားလုံး မီးသတိပြုရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးတို့အတွက် နှိုးဆော်တိုက်တွန်းမှု၊ အသိပညာပေးမှုနှင့် စစ်ဆေးကြပ်မတ်မှုတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်းအားဖြင့် မီးလောင်မှုဖြစ်စဉ်များ လျော့ပါးလာမည်ဖြစ်သည်။

မီးလောင်မှုအများစုသည် မီးသုံးစွဲသူတို့ပေါ့ဆရာမှ ဖြစ်ပေါ်ရခြင်းဖြစ်သည်။ ဘုရားမီးပူဇော်ခြင်း၊ အမွှေးတိုင်ထွန်းခြင်းတို့မှ အစပြု၍ မီးလောင်ခြင်း၊ ခြင်ဆေးခွေထွန်းထားရာမှ အိပ်ရာသို့ မီးကူးစက်လောင်ကျွမ်းခြင်း၊ ဆေးလိပ်သောက်နေစဉ် အိပ်ပျော်သွားရာမှ မွေ့ရာမီးလောင်ပြီး မီးကူးစက်ခြင်း၊ ကလေးငယ်များကို ထမင်းဟင်းချက်ပြုတ်ခိုင်းရာမှ မီးလောင်မှုဖြစ်ခြင်း၊ သောက်လက်စ ဆေးလိပ်တိုကို ချထားရာမှ ကြမ်းခင်း၊ ထရံတို့ကို မီးစွဲလောင်ခြင်း၊ လျှပ်စစ်မီးပူ၊ မီးဖိုစသည်တို့ သုံးစွဲနေစဉ် မီးပျက်သွားရာ ခလုတ်မပိတ်ဘဲထားရာမှ မီးပြန်လာသည့်အခါ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခြင်း စသည့်ဖြစ်စဉ်များမှာ သတင်းများတွင် ထပ်ခါထပ်ခါတွေ့နေရသည့် မီးပေါ့ဆမှုများကြောင့် ဖြစ်ပေါ်ခဲ့ရသည့် မီးလောင်မှုများပင်ဖြစ်သည်။ မီးကို မည်သည့်အတွက် သုံးစွဲသည်ဖြစ်စေ မီးအသုံးပြုသူတိုင်းက မီးဘေးအန္တရာယ်ကို မမေ့မလျော့သတိပြုပြီး ဂရုတစိုက်အသုံးပြုကြခြင်းအားဖြင့် မီးလောင်မှုများကို ကြိုတင်ကာကွယ်ရာရောက်မည်ဖြစ်သည်။

မီးသည် ရာသီချိန်ခါမရွေး လောင်ကျွမ်းနိုင်သော်လည်း ခြောက်သွေ့ပွင့်လင်းသည့်ရာသီ၊ အပူချိန်မြင့်မားသည့်ရာသီတို့တွင် ပိုမိုဖြစ်ပွားလေ့ရှိသည့်အလျောက် နိုင်ငံတစ်ဝန်း မီးဘေးလုံခြုံရေးအတွက် သက်ဆိုင်ရာက ဒေသအသီးသီးတို့တွင် ပြည်သူများအား အသိပညာပေးခြင်း၊ စစ်ဆေးအကြံပြုခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။ မီးဘေးကြိုတင်ကာကွယ်ရေးတွင် ပြည်သူလူထု၏အသိတရားရှိမှု၊ ပူးပေါင်းပါဝင်မှုတို့က အရေးကြီးသည်။ မြန်မာနိုင်ငံတွင် အများဆုံးဖြစ်ပွားသည့် ပေါ့ဆမီးများ လောင်ကျွမ်းမှုမဖြစ်စေရေး၊ လျှပ်စစ်မီးလောင်ကျွမ်းမှုများ မဖြစ်စေရေးတို့အတွက် မြို့ပြဒေသအိမ်ရာများတွင် အရေးပေါ်ရှောင်တိမ်းနိုင်ရန် လုံခြုံစိတ်ချရသည့်အစီအမံများ ပြုလုပ်ထားခြင်း၊ လျှပ်စစ်မီးအား မြင့်တက်ပါက အလိုအလျောက် မီးဖြတ်သည့် Breaker များ တပ်ဆင်ထားခြင်း၊ မီးလန့်အချက်ပေးစနစ်များ တပ်ဆင်ထားခြင်း၊ မီးသတ်ဆေးဘူးများ အထပ်တိုင်း၊ အခန်းတိုင်းတွင်ထားရှိပြီး သုံးစွဲပုံကို လေ့ကျင့်ထားခြင်း၊ အိမ်တွင်းလျှပ်စစ်ဝိုင်ယာကြိုးများ ပေါက်ပြဲဆွေးမြည့်နေမှုမဖြစ်စေရန် စစ်ဆေးလဲလှယ်ခြင်း၊ မီးအားကို ခံနိုင်ဝန်ထက်ပို၍ မသုံးစွဲခြင်း၊ လျှပ်စစ်မီးဖို၊ ဂက်စ်မီးဖိုသုံးစွဲမှုများကို ဂရုစိုက်သုံးစွဲခြင်း၊ ညမအိပ်မီ၊ အိမ်ပြင်သို့မထွက်မီ မီးဖို၊ မီးခလုတ်များကို ဂရုပြု၍ ပိတ်သွားခြင်း စသည်တို့မှာ မီးလောင်မှုဖြစ်ပေါ်မလာစေရန် ဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များပင်ဖြစ်သည်။

မီးလောင်မှုဖြစ်စဉ်များကြောင့် မိမိတို့၏ မိသားစုများတွင် အိုးအိမ်စည်းစိမ်ဥစ္စာတို့ ပျက်စီးဆုံးရှုံးနိုင်သကဲ့သို့ ကြီးမားသည့်အန္တရာယ်လည်း ကျရောက်နိုင်သည်။ နိုင်ငံအတွက်လည်း မီးလောင်မှုကြောင့် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့်အလျောက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံး ပါဝင်ကြရပါမည့်အကြောင်း။ ။

❂ ရှေ့ဖုံးမှ

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ညနေ ၄ နာရီခွဲမှ စတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရုပ်သံလိုင်းများဖြစ်သော MRTV–HD၊ MRTV Farmers'၊ MRTV Sports၊ MRTV Parliamentနှင့် အကျိုးတူရုပ်သံလိုင်းများဖြစ်သော Channel–7၊ Readers'၊ 5–Plus၊ Channel–9၊ MNTV၊ Myanmar Movies၊ Myanmar Arts၊ Fortune Channel၊ Channel K၊ M Channel တို့အပြင် မိတ်ဖက်ရုပ်သံလိုင်းများဖြစ်ကြသော MWD–HD Channel၊ MWD Variety – HD Channel၊ Channel Light Channel၊ MWD Education, Knowledge & Sports Channel၊ Golden Land Channel၊ WAF Channel၊ TVM Channel တို့မှ လည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် အကျိုးတူ FMများဖြစ်ကြသော ပတ္တမြား၊ ချယ်ရီ၊ မန္တလေး၊ ပဉ္စဝတီ၊ ရွှေပုဂံတို့အပြင် မိတ်ဖက် FM များဖြစ်ကြသော Star၊ သဇင် တို့မှ လည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV Website၊ MRTV App: အပါအဝင် Online Media တို့မှလည်းကောင်း တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သတင်းစဉ်



## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## ကလောမြို့နယ်ရှိ အထင်ကရနေရာများသို့ ပြည်တွင်းခရီးသွားများလည်ပတ်မှု အဆက်မပြတ်ရှိနေ

ရန်ကုန် ဇန်နဝါရီ ၃၁

ရှမ်းပြည်နယ် ကလောမြို့နယ်ရှိ အထင်ကရနေရာများသို့ ပြည်တွင်းခရီးသွားများ လည်ပတ်မှု အဆက်မပြတ်ရှိနေကြောင်း ကလောမြို့ ကားအငှားဝန်ဆောင်မှုလုပ်ငန်း အသိုင်းအဝိုင်းမှ သိရသည်။

"ကလောမှာ လည်စရာအတော်များတယ်။ ကလောမှာ အထင်ကရနေရာတွေဖြစ်ပြီး နာမည်ကြီးနေတဲ့ လူအသွားများတာက ဗျိုက်တောင်တို့၊ မနက်အစောကြီးတိမ်ပင်လယ်ကြည့်တဲ့နေရာနဲ့ ပလောင်တောင်ဖျူးပွိုင့်ပေါ့။ ပလောင်လူမျိုးတွေနေတဲ့ ဗျူးပွိုင့်ပေါ့။ အဲဒီနေရာတွေ အသွားများကြတယ်။ လာတဲ့သူက အဆက်မပြတ်တော့ ရှိနေတယ်"ဟု ကလောမြို့ ကားအငှားဝန်ဆောင်မှုလုပ်ငန်းတစ်ခုမှ တာဝန်ရှိသူ၏ ပြောကြားချက်အရ သိရသည်။

ထို့အပြင် အခြားလည်ပတ်စရာများ၊ သဘာဝစိုက်ခင်းများ၊ မြစ်နဒီသဘာဝလိုဏ်ဂူစသည့်နေရာများသို့လည်း လာရောက်လည်ပတ်မှုများလည်း အဆက်မပြတ်ရှိကြောင်း ဒေသခံအချို့ထံမှ သိရသည်။

ကိုဗစ်ကပ်ရောဂါ မဖြစ်မီကာလများ၌ ကလောမြို့နယ်သည် ပြည်ပခရီးသွားများ လာရောက်လည်ပတ်မှုများပြားပြီး ပြည်ပခရီးသွားများအနေဖြင့် ကလောမြို့ရှိ ဟိုတယ်၊ မိုတယ်များတွင် အထိုင်ချကာ အင်းလေးနှင့် ပလောင်တောင်ဗျူးပွိုင့်များသို့ ခြေကျင်ညအိပ်ခရီးများဖြင့် သွားရောက်လည်ပတ်မှုများ ရှိခဲ့သည်။

ကလောမြို့၏ အစည်ကားဆုံးပွဲတော်မှာ တန်ဆောင်တိုင်မီးထွန်းပွဲဖြစ်ပြီး လက်ရှိကာလတွင် ရိုးရာရှင်ပြုပွဲများအပါအဝင် ရိုးရာပွဲတော်များကို ပြုလုပ်လေ့ရှိကြကြောင်း ဒေသခံများထံမှသိရသည်။

သစ်တော်

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များ ရုပ်သိမ်းကြောင်း အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပုဒ်မ ၈ ပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည်ဟု သံသယရှိသော ထုတ်ဝေစာကို ပုံနှိပ်ထုတ်ဝေခဲ့ကြောင်း ခိုင်လုံသော အထောက်အထားဖြင့် သတင်းပေးပို့ခြင်းကို လက်ခံရရှိလျှင်သော်လည်းကောင်း၊ ကိုယ်တိုင်သိရှိလျှင်သော်လည်းကောင်း သတ်မှတ်ချက်နှင့်အညီစစ်ဆေးပြီး ငြိစွန်းကြောင်းတွေ့ရှိပါက လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းပြုနိုင်ပါသည်။ ၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)ပါ "နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကိုသော်လည်းကောင်း၊ နိုင်ငံသားတိုင်းတန်းတူမှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ အခွင့်အရေးတို့ကိုသော်လည်းကောင်း ထိခိုက်စေသည့် အကြောင်းအရာများကို ပုံနှိပ်ဆောင်ရွက်ခဲ့သည့် ဦးလပြည့်ဝေး (လပြည့်လင်းပုံနှိပ်မီဒီယာ)၏ ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်နှင့် ထုတ်ဝေခဲ့သည့် ဦးဝင်းဇော်လတ် (တိုးမြစ်စာအုပ်တိုက်)တို့၏ ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်တို့ကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှစတင်၍ ရုပ်သိမ်းလိုက်သည်။ ယင်းပုံနှိပ်ခြင်းလုပ်ငန်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းတို့သည် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ မည်သည့်ထုတ်ဝေစာကိုမျှ ပုံနှိပ်ဆောင်ရွက်ခြင်းနှင့် ထုတ်ဝေဆောင်ရွက်ခြင်းမပြုရန် ကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

# “ သမိုင်းကြောင်းနှင့် နိုင်ငံချင်း တရားဝင်ဆက်ဆံဆက်သွယ်ဆောင်ရွက်ရသည့်လုပ်ငန်းစဉ်များအရ ကိုးကန့်အထူးဒေသတွင် တရားဥပဒေနှင့် အညီသာ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ် ”

❖ *ရှေ့ဖုံးမှ*

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။

**အဓမ္မလူသစ်စုဆောင်းခြင်းများ ဆောင်ရွက်**

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို သက်တမ်းတိုးတာဝန်ယူခဲ့သည့် ၆ လတာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်၏ လုံခြုံရေးအခြေအနေနှင့်ပတ်သက်၍ EAO အဖွဲ့အချို့နှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် ယခု ၆ လတာကာလအတွင်း နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ပျက်ပြားစေရန် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပထမဦးစွာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ဖြစ်စဉ်များနှင့် ပတ်သက်ပြီး တင်ပြလိုပါကြောင်း၊ MNDAA သောင်းကျန်းသူအဖွဲ့သည် ကိုးကန့်ဒေသအတွင်း ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်မှစပြီး “ဝ”ဒေသမှတစ်ဆင့် နမ့်တစ်ချောင်းကိုဖြတ်ကူးပြီး ချင်းရွှေဟော်မြို့ကို Drone များအသုံးပြုကာ အပြင်းအထန် စတင်တိုက်ခိုက်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ တိုက်ခိုက်မှုများ လုပ်ဆောင်နိုင်ရန်အတွက်လည်း ၂၀၂၂ ခုနှစ်ကတည်းကစပြီး ၎င်းတို့နှင့် မဟာမိတ်ပြုလုပ်ထားသည့်အဖွဲ့များနှင့် အကြိမ်ကြိမ်ဆွေးနွေးကာ ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ခဲ့သည်ဟု သိရှိရပါကြောင်း၊ မဟာမိတ်ပြုသူများကလည်း လိုအပ်သည့် လက်နက်ခဲယမ်းများရရှိရေး၊ အီလက်ထရွန်နစ်နည်းပညာသာလွန်မှုနှင့် ငွေကြေးသုံးစွဲနိုင်မှုကို အခွင့်အရေးရအောင် ဖန်တီးပေးကြသည်ကို တွေ့ရပါကြောင်း၊ MNDAA သောင်းကျန်းသူအဖွဲ့အနေဖြင့် ၎င်းတို့၏ကြေညာချက်များတွင် အကြောင်းပြချက်များစွာဖော်ပြသော်လည်း အဓိကရည်မှန်းချက်ကိုသုံးသပ်ကြည့်ရပါက ကိုးကန့်ဒေသအတွင်း အထူးဒေသ(၁)အနေဖြင့် ဩဇာအာဏာပြန်လည် တည်ဆောက်လိုခြင်းကြောင့် ယခုကဲ့သို့ တိုက်ခိုက်လာခြင်းလည်း ဖြစ်ပါကြောင်း၊ လက်ရှိ အခြေအနေတွင် MNDAA သောင်းကျန်းသူအဖွဲ့အနေဖြင့် ၎င်းတို့ သိမ်းပိုက်ထားသောမြို့များတွင်ရှိသည့် ပြည်သူလူထုပိုင်ပစ္စည်းဥစ္စာများကို လုယက်ယူဆောင်ခြင်းများ၊ ဖျက်ဆီးခြင်းများအပြင် ဒေသခံတိုင်းရင်းသားများအပေါ် မိသားစုအလိုက် မဝင်မနေရစနစ်ဖြင့် အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများ ဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့ရှိရပါကြောင်း။

**စစ်ဘုရင်ဝါဒကို အသက်သွင်းခြင်းသာဖြစ်မည်**

MNDAA အဖွဲ့အနေဖြင့် ယခုကဲ့သို့ လုပ်ဆောင်ခဲ့ခြင်းသည် ဒီမိုကရေစီကျင့်သုံးနေသည့် မြန်မာနိုင်ငံတွင် အာဏာကိုဥပဒေနှင့်အညီရရှိနိုင်ရန် ဆောင်ရွက်ခြင်းမပြုဘဲ လက်နက်ကိုင်တိုက်ခိုက်သည့်နည်းဖြင့် ရယူရန် ကြိုးပမ်းခဲ့ခြင်းပင်ဖြစ်ပါကြောင်း၊ မိမိတို့၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းရင်းသားများ၏အခွင့်အရေးများကို တန်းတူပေးအပ်ထားပြီးဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးကိုလည်း တူညီသည့်အခွင့်အရေးများ ပေးအပ်ထားပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင်လည်း ကိုယ်ပိုင်လုပ်ပိုင်ခွင့်များ ပေးထားပြီးဖြစ်ပါကြောင်း၊ သံလွင်အရှေ့ခြမ်းတွင်ရှိသည့် ကိုးကန့်နယ်မြေကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အသက်မဝင်ခင်တွင် အထူးဒေသအဖြစ် ရှိခဲ့ပါကြောင်း၊ ဦးဖုန်ကြားရှင်ဦးစီး ဗမာပြည်ကွန်မြူနစ်ပါတီမှ ခွဲထွက်ခဲ့သည့် ကိုးကန့်လက်နက်ကိုင်အဖွဲ့သည် အဆိုပါဒေသတွင် တပ်မတော်နှင့်လက်တွဲပြီး ၂၀၀၉ ခုနှစ်အထိ ရှိခဲ့ပါကြောင်း၊ တပ်မတော်တပ်စခန်းဌာနချုပ်များ အဆိုပါကာလကတည်းက တည်ထောင်ဖွင့်လှစ်ခဲ့ပြီး အတူပူးတွဲအုပ်ချုပ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၀၉ ခုနှစ်တွင် မူးယစ်ဆေးဝါးထုတ်လုပ်မှုများမလုပ်ရန် အကြိမ်ကြိမ်သတိပေးတားမြစ်သော်လည်း လိုက်နာမှုမရှိသဖြင့် စစ်ရေးအရ အရေးယူတိုက်ခိုက်ခဲ့ရခြင်း ဖြစ်ပါကြောင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ၂၀၁၁ ခုနှစ်မှစပြီး ရွေးချယ်ခံပုဂ္ဂိုလ်များနှင့် အုပ်ချုပ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့နောက် လောက်ကိုင်မြို့ရှိ ရန်လုံကျိုင်းတွင် မြန်မာ – တရုတ် နယ်စပ်ဒေသကုန်သွယ်ရေး၊ ချင်းရွှေဟော်မြို့တွင် မြန်မာ – တရုတ်နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို နှစ်နိုင်ငံအစိုးရများ သဘောတူချက်ဖြင့် ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်မှာ ယခုတိုက်ပွဲမတိုင်မီကာလအထိ ဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ လိုလားချက်များမှ အခြေခံဥပဒေအရ ဆောင်ရွက်နိုင်သည့်ကိစ္စရပ်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အချို့သောကိစ္စရပ်များကို လွှတ်တော်တွင် မဲခွဲဆုံးဖြတ်အတည်ပြု ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြင်ဆင်လိုသည့်ကိစ္စရပ်များအနက် ဖြစ်နိုင်သည့်ကိစ္စရပ်များကိုပြင်ဆင်နိုင်ရန် တပ်မတော်မှသဘောတူညီသည်ကို တိုင်းရင်းသားခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်များနှင့် တွေ့ဆုံချိန်များတွင်လည်း ဆွေးနွေးပြောကြားပြီးဖြစ်ပါကြောင်း၊ **သမိုင်းကြောင်းနှင့်နိုင်ငံချင်း တရားဝင် ဆက်ဆံဆက်သွယ် ဆောင်ရွက်ရသည့်လုပ်ငန်းစဉ်များအရ ကိုးကန့်အထူးဒေသတွင် တရားဥပဒေနှင့် အညီသာ ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်**ပါကြောင်း၊ မိမိတို့ကိုယ်စားလှယ်များနှင့် ဆွေးနွေးနေပါကြောင်း၊ အဆိုပါအချက်များကို လျစ်လျူရှုမည်ဆိုပါက နောက်ခံအကြောင်းတစ်မျိုးမျိုးကြောင့် စစ်ဘုရင်ဝါဒကို အသက်သွင်းခြင်းသာ ဖြစ်မည်ဟု ယူဆရပါကြောင်း။

**နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းပြတ်တောက်**

MNDAA သောင်းကျန်းသူအဖွဲ့အနေဖြင့် ချင်းရွှေဟော်မြို့ကိုတိုက်ခိုက်ပြီး တစ်ပြိုင်တည်းတွင် ကွမ်းလုံမြို့ကိုတိုက်ခိုက်ခဲ့ပြီး ၎င်းတို့နှင့် မဟာမိတ်ပြုထားသည့် TNLA သောင်းကျန်းသူအဖွဲ့က လားရှိုး – မူဆယ် လမ်းကြောင်းပေါ်တွင်ရှိသော သိန္နီမြို့ကို တိုက်ခိုက်ခဲ့သကဲ့သို့ ကွတ်ခိုင်မြို့ကိုလည်း နှောင့်ယှက်တိုက်ခိုက်မှုများ လုပ်ခဲ့ပါကြောင်း၊ TNLA သောင်းကျန်းသူအဖွဲ့အနေဖြင့် ၂၀၁၆ ခုနှစ်တွင် မူဆယ်ကုန်သွယ်ရေးဇုန်ကို တိုက်ခိုက်ခဲ့သကဲ့သို့ ၂၀၁၈ ခုနှစ်တွင်လည်း မူဆယ်မြို့ပေါ်ရှိ ပြည်သူ့စစ်စခန်းများနှင့် လုံခြုံရေးစခန်းများကို တိုက်ခိုက်ခဲ့ခြင်းကြောင့် တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားခဲ့ပါကြောင်း၊ TNLA သောင်းကျန်းသူအဖွဲ့အနေဖြင့် နမ့်ခမ်း၊ နမ့်ဆန်၊ မန်တုံ၊ နမ္မတူ၊ မိုင်းငေါ့ဒေသများကိုလည်း ဆက်လက်တိုက်ခိုက်ခဲ့ပါကြောင်း၊ ၎င်းအဖွဲ့၏ရည်ရွယ်ချက်မှာ ပလောင်ဒေသရရှိရေး ဖြစ်ပါကြောင်း၊ ပလောင်ဒေသအတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ပေးပြီးဖြစ်ပါကြောင်း၊ သို့သော် ထိုထက်ပိုမိုသည့် အာဏာလိုချင်သဖြင့် တိုက်ခိုက်ခြင်းဖြစ်သည်ဟု သိရပါကြောင်း၊ TNLA သောင်းကျန်းသူအဖွဲ့အနေဖြင့် ဒေသခံများ၏ပိုင်ဆိုင်မှုများကို ဖျက်ဆီးမှု၊ လုယက်မှု၊ တပ်သားသစ်စုဆောင်းမှုများ အလွန်အကျွံပြုလုပ်မှုကြောင့် ဒေသခံများ အတိဒုက္ခရောက်ကြသကဲ့သို့ ပလောင်ဒေသ၏ အဓိကထွက်ကုန်ဖြစ်သည့် လက်ဖက်ထုတ်လုပ်မှုလည်း များစွာကျဆင်းသွားခဲ့ပါကြောင်း၊ အခြေခံပညာကျောင်းအားလုံး ပိတ်ထားရပါကြောင်း၊ နဂိုကတည်းက စီးပွားရေး၊ ပညာရေးအားနည်းသည့် ပလောင်ဒေသသည် ပိုမိုပြီး အခက်အခဲများစွာ ကြုံတွေ့ရပါကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံသည်ဆိုပါက နိုင်ငံရေးလမ်းကြောင်းများမှ ညှိနှိုင်းဆွေးနွေးနိုင်သည့် အခွင့်အရေးများစွာရှိပါကြောင်း၊ အဆိုပါအချက်ကို မျက်ကွယ်ပြုပြီး လက်နက်အားကိုးဖြင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ ၎င်းတို့အဖွဲ့များ အဓိကအသုံးပြုခဲ့သည့်လက်နက်မှာ အိမ်နီးချင်းနိုင်ငံကဝယ်ယူရရှိသည့် Drone များကိုသုံးပြီး Drop Bomb များနှင့် တိုက်ခိုက်ခဲ့ခြင်းပင်ဖြစ်ပါကြောင်း၊ အချို့သော Drone များသည် စစ်သုံးအဆင့်ပြုပြင်သုံးနိုင်ပြီး ဗုံးအကြီးစားများ ချိတ်ဆက်အသုံးပြုနိုင်သည်ကိုတွေ့ရှိရပါကြောင်း၊ သောင်းကျန်းသူအဖွဲ့များအနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတွင် နိုင်ငံတော်၏နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းပြတ်တောက်ပြီး တိုင်းရင်းသား ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မှု မရရှိစေရန်အတွက် အဓိကပြည်ထောင်စုလမ်းမကြီးများကို ဖြတ်တောက်ပိတ်ဆို့ခဲ့သည်ကိုလည်း တွေ့ရှိရပါကြောင်း၊ **နယ်စပ်ကုန်သွယ်ရေးဆိုသည်မှာ နှစ်နိုင်ငံအစိုးရများ၏ သဘောတူညီချက်ဖြင့် တရားဝင်ဆောင်ရွက်ရခြင်း ဖြစ်**ပါကြောင်း၊ **ထို့ကြောင့် မူဆယ်ဒေသ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နိုင်ရေး တရုတ်နိုင်ငံနှင့် ဆွေးနွေးဆဲဖြစ်သည်ကို တင်ပြလို**ပါကြောင်း။

**နှစ်ဖက်တာဝန်ရှိသူများက ဖြေရှင်းခဲ့ရ**

**တပ်မတော်အနေဖြင့် ယခုဖြစ်ပွားသည့်တိုက်ခိုက်မှုများသည် နယ်စပ်ဒေသနှင့် လွန်စွာနီးကပ်ခြင်းကြောင့် တစ်ဖက်နိုင်ငံမှ အထင်အမြင်လွဲမှားမှုမဖြစ်စေရန်အတွက် မိမိတို့၏စစ်ဆင်ရေးများကို ကာကွယ်ခုခံပိုင်ခွင့်အတွက် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement for Self-Defence) နှင့် အကြမ်းဖက်သောင်းကျန်းမှု နှိမ်နင်းရေးဆိုင်ရာ တည်ငြိမ်မှုစစ်ဆင်ရေးအတွက် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများ(Rules of Engagement for Counter-Terrorism and Counter-Insurgency Operations to restore normalcy)နှင့်အညီ ဆောင်ရွက်စေပြီး နယ်စပ်ဒေသကျည်ကျော်ကျရောက်မှု မရှိစေရေးနှင့် ယာဉ်ယန္တရားများ ကျော်လွန်မှုမရှိစေရေး အကန့်အသတ်ဖြင့် ဒေသခံပြည်သူများ ထိခိုက်မှုမရှိအောင် ဆောင်ရွက်ခဲ့ရ**ပါကြောင်း၊ သောင်းကျန်းသူအဖွဲ့များအနေဖြင့် တစ်ဖက်နိုင်ငံက အထင်အမြင်လွဲမှားစေရန် လက်နက်ကြီးများဖြင့် တရုတ်နိုင်ငံထဲသို့ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ခဲ့ခြင်းကြောင့် နှစ်ဖက်တာဝန်ရှိသူများက ဖြေရှင်းခဲ့ရပါကြောင်း၊ သောင်းကျန်းသူအဖွဲ့များအနေဖြင့် တစ်ဖက်က နည်းပညာအသာစီးရယူကာ သာလွန်အင်အားဖြင့် တိုက်ခိုက်လာပြီး တပ်မိသားစုဝင်များကို *စာမျက်နှာ ၄ သို့*



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှင်းလင်းတင်ပြစဉ်။

**“ တပ်မတော်အနေဖြင့် ယခုဖြစ်ပွားသည့်တိုက်ခိုက်မှုများသည် နယ်စပ်ဒေသနှင့်လွန်စွာနီးကပ်ခြင်းကြောင့် တစ်ဖက်နိုင်ငံမှ အထင်အမြင်လွဲမှားမှုမဖြစ်စေရန်အတွက် မိမိတို့၏စစ်ဆင်ရေးများကို ကာကွယ်ခုခံပိုင်ခွင့်အတွက် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement for Self-Defence) နှင့် အကြမ်းဖက်သောင်းကျန်းမှုနှိမ်နင်းရေးဆိုင်ရာ တည်ငြိမ်မှုစစ်ဆင်ရေးအတွက် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများ(Rules of Engagement for Counter-Terrorism and Counter-Insurgency Operations to restore normalcy)နှင့်အညီ ဆောင်ရွက်စေပြီး နယ်စပ်ဒေသကျည်ကျော်ကျရောက်မှု မရှိစေရေးနှင့်ယာဉ်ယန္တရားများ ကျော်လွန်မှုမရှိစေရေး အကန့်အသတ်ဖြင့် ဒေသခံပြည်သူများထိခိုက်မှုမရှိအောင် ဆောင်ရွက်ခဲ့ရ ”**

# “ လက်နက်အားကိုးဖြင့်သာ တရားမဝင်လုပ်ငန်းများ လုပ်ရဲခြင်းဖြစ်သဖြင့် လက်နက်ကိုင်လမ်းစဉ် ချုပ်ငြိမ်းအောင်ဆောင်ရွက်ရမည်ဖြစ်၊ ပါဝင်ပတ်သက်သူများကိုလည်း ဖော်ထုတ်ပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူလျက်ရှိ ”

*စာမျက်နှာ ၃ မှ*

အဓိက အန္တရာယ်ပြုလာခြင်းကြောင့် တပ်မတော် အနေဖြင့် အချို့နေရာများကို စွန့်ခွာပေးခဲ့ရခြင်း ရှိပါကြောင်း။

**ပြင်းပြင်းထန်ထန် အရေးယူလျက်ရှိ**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် ယခုကဲ့သို့ ရှုပ်ထွေးမှုများ ဖြစ်လာခဲ့ခြင်းသည် ကျားဖြန့်ဟု ခေါ်သည့် Online လိမ်လည်မှုများမှတစ်ဆင့် ဖြစ်ပေါ်လာခြင်းပင် ဖြစ်ပါကြောင်း၊ အဆိုပါ ကိုးကန့်ဒေသတွင် ယခင်ကတည်းက မူးယစ်ဆေးဝါးရောင်းဝယ်မှုများနှင့် လောင်းကစားဝိုင်း လုပ်ဆောင်မှုများရှိခဲ့ပါကြောင်း၊ ကိုဗစ် – ၁၉ ဖြစ်ပွားချိန်တွင် သွားလာမှုကန့်သတ်ချက်များ ဖြစ်ပေါ်ခဲ့ပြီး အွန်လိုင်းမှသာ လောင်းကစားမှုများ လုပ်ဆောင်ခဲ့ရာမှ လုပ်ငန်းအတွက် လိုအပ်သည့်ကျွမ်းကျင်သူများနှင့် အထောက်အကူပြုဝန်ထမ်းများကို ခေါ်ဆောင်လာခဲ့ပါကြောင်း၊ ထိုမှတစ်ဆင့် နိုင်ငံခြားသားများပါ လောက်ကိုင်ဒေသထဲသို့ တရားမဝင် ဝင်ရောက်လာသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ လက်ရှိအချိန်တွင်လည်း တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များကြီးစိုးနေသည့် မြန်မာ၊ တရုတ်၊ ထိုင်း နယ်စပ်ဒေသများတွင် တရားမဝင် စီးပွားရေးလုပ်ငန်းအများစုရှိနေကြပြီး ကျားဖြန့်ဟု ခေါ်သည့် Online လိမ်လည်မှုများ ၊ Online လောင်းကစားမှုများကို ကျယ်ပြန့်စွာပြုလုပ်နေကြသည့်အတွက် မြန်မာ–တရုတ်–ထိုင်း ၃ နိုင်ငံပူးပေါင်းပြီး နှိမ်နင်းရှင်းလင်းမှုများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆောင်ရွက်နေပါကြောင်း၊ အဆိုပါ လုပ်ငန်းလုပ်နေသူအများစုသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက အကာအကွယ်ပေးထားသည့် နိုင်ငံခြားသားများသာ ဖြစ်ပါကြောင်း၊ **လက်နက်အားကိုးဖြင့်သာ တရားမဝင်လုပ်ငန်းများ လုပ်ရဲခြင်းဖြစ်သဖြင့် လက်နက်ကိုင်လမ်းစဉ် ချုပ်ငြိမ်းအောင်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ပါဝင်ပတ်သက်သူများကိုလည်း ဖော်ထုတ်ပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူလျက်ရှိပါကြောင်း။**

**လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်နေ**

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်မှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်အထိ မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်သည့် နိုင်ငံခြားသားများ လွှဲပြောင်းပေးမှုအနေဖြင့် တရုတ်နိုင်ငံသား ၄၈၂၁၀ ဦးနှင့် အခြားနိုင်ငံခြားသား ၁၈၁၀ ဦး၊ စုစုပေါင်း ၅၀၀၂၀ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများကို ပြန်လည်လွှဲပြောင်းပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်တွင်လည်း ရှမ်းပြည်နယ် (တောင်ပိုင်း)၊ နမ့်စန်မြို့ပတ်ဝန်းကျင်ရှိ နေရာ ၃ နေရာတွင် ပန်ဆန်း၊ လောက်ကိုင်၊ မိုင်းပေါက်၊ မိုင်းလားဒေသမှ ထွက်ပြေးတိမ်းရှောင်လာသည့် တရုတ်နိုင်ငံသား ကျား ၁၀၀၂ ဦး၊ မ ၃၆ ဦး၊ စုစုပေါင်း ၁၀၃၈ ဦးတို့ကို ဖမ်းဆီးရမိခဲ့ခြင်းကြောင့် လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်နေပါကြောင်း။

**ကျောင်းအပ်ရာခိုင်နှုန်း အမြင့်ဆုံးထဲတွင်ပါ**

ဆက်လက်၍ AA သောင်းကျန်းသူအဖွဲ့နှင့် ပတ်သက်ပြီး တင်ပြလိုပါကြောင်း၊ AA သောင်းကျန်းသူအဖွဲ့အနေဖြင့် ၂၀၂၀ ပြည့်နှစ်က တပ်မတော်နှင့် သဘောတူထားသည့် ယာယီတိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ကို စတင်ချိုးဖောက်ပြီး ၂၀၂၃ ခုနှစ်၊



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဆွေးနွေးပြောကြားစဉ်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဆွေးနွေးပြောကြားစဉ်။

အောက်တိုဘာလ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဖြစ်စဉ်များတွင် ပါဝင်ကူညီတိုက်ခိုက်ခဲ့ပါကြောင်း၊ အဓိကမှာ ၎င်းတို့ကို မဟာမိတ်အဖွဲ့များက လက်နက်ထောက်ပံ့မှုလိုချင်သဖြင့် ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေခြင်းကြောင့် တပ်မတော်အစိုးရလက်ထက်မှစပြီး ယနေ့အချိန်အထိ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာဆောင်ရွက်ပေးခဲ့သဖြင့် ယခင်ကထက် အဆပေါင်းများစွာပြောင်းလဲတိုးတက်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် မိုခါမုန်တိုင်းတိုက်ခတ်မှုဒဏ်ခံခဲ့ရသည့်အချိန်တွင်လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တပ်မတော်နှင့်နိုင်ငံတော်မှ ပြင်းပြင်းထန်ထန် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မိမိကိုယ်တိုင်လည်း မိုခါမုန်တိုင်းတိုက်ခတ်ပြီး နောက်တစ်ရက်အကြာတွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ကို သွားရောက်ပြီး သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည်များကိုကြည့်ရှုပြီး လိုအပ်သည်များ စီမံပေးခဲ့ပါကြောင်း၊ အခြားမြို့နယ်အသီးသီးကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် အခြားသော တပ်မတော် အဆင့်မြင့်အရာရှိကြီးများကို စေလွှတ်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများကို ကြည့်ရှုစစ်ဆေးစေခဲ့ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရန် လိုအပ်သည်များကို စီမံခန့်ခွဲဆောင်ရွက်စေခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရသည်မှာလည်း မိုခါမုန်တိုင်းဒဏ်ခံရသည့် မိုးတွင်းကာလ ၆ လအတွင်းတွင် ဒေသခံများ ပြန်လည်အလုပ်လုပ်နိုင်ရန်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများပြီးစီးအောင် တွန်းအားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ပေးမှုကြောင့် ယခုပွင့်လင်းရာသီတွင် အလုပ်လုပ်နိုင်ခဲ့ပြီး ၎င်းနယ်မြေများ အမြန်ပြန်လည်နာလန်ထူလာနိုင်ခဲ့ပါကြောင်း၊ မိုခါမုန်တိုင်းဒဏ်သင့်ဒေသအားလုံး ပုံမှန်အခြေအနေထက် သာလွန်သည့်အနေအထားမှာ လုပ်ကိုင်နိုင်ပြီဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်တစ်ခုလုံး တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများအားလုံး မိုခါမုန်တိုင်းအပြီး ပုံမှန်ကျောင်းဖွင့်သည့်ရက်၏ နောက် ၁၇ ရက်အကြာတွင် အားလုံးဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်သည် ကျောင်းအပ်ရာခိုင်နှုန်း အမြင့်ဆုံးထဲတွင် ပါပါကြောင်း။

**လူမျိုးရေးမုန်းတီးမှုကို ရှေ့တန်းတင်လှုံ့ဆော်နေ**

သို့သော်လည်း AA သောင်းကျန်းသူအဖွဲ့အနေဖြင့် မိုခါမုန်တိုင်းအပြီး ၇ လခန့်အကြာ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်၊ နံနက် ၅ နာရီတွင် ရခိုင်ပြည်နယ် နယ်ခြားစောင့် ရဲကင်းစခန်းငယ် တစ်ခုဖြစ်သည့် ဒုံးပိုက်ရဲကင်းစခန်းကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်းမှစတင်ခဲ့ပါကြောင်း၊ ထို့နောက် Drone များ အသုံးပြုပြီး ပလက်ဝဒေသတွင်ရှိသည့် လုံခြုံရေးစခန်း ၂ ခုနှင့် ပေါက်တောမြို့ကို ဆက်လက်တိုက်ခိုက်ခဲ့ပြီး လက်ရှိအချိန်တွင်လည်း ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ နယ်မြေဒေသအချို့တွင် တိုက်ပွဲများ ဖော်ဆောင်လျက်ရှိပါကြောင်း၊ AA သောင်းကျန်းသူအဖွဲ့အနေဖြင့် ဒေသမတည်မငြိမ်ဖြစ်အောင် လုပ်ဆောင်နေသည့်အတွက် အဆိုပါဒဏ်ကို ဒေသခံရခိုင်တိုင်းရင်းသားအများစုသာ အဓိကခံစားနေကြရပါကြောင်း၊ ယခုအချိန်သည် ၂၀၂၃–၂၀၂၄ ပညာသင်နှစ်၏ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များ ပညာသင်ကြားနေသည့်အချိန်ဖြစ်ပါကြောင်း၊ **ရခိုင်ပြည်နယ်တွင် ၂၀၂၃–၂၀၂၄ ပညာသင်နှစ် စတင်ချိန်တွင် အခြေခံပညာကျောင်းသားဦးရေ ၅၇၃၀၀၀ ဦး (ငါးသိန်းခုနစ်သောင်း သုံးထောင်) တက်ရောက်ခဲ့ပြီး ယခုအချိန်တွင် AA သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်ခြိမ်းခြောက်မှုများကြောင့် အခြေခံကျောင်းများတွင် ၂၇၉၃၉၂ ဦး (နှစ်သိန်း ခုနစ်သောင်း ကိုးထောင်ကျော်)သာ ကျောင်းတက်လျက်ရှိ** ပါကြောင်း၊ **၄၈ ဒသမ ၇၆ ရာခိုင်နှုန်းကျော် ပျက်ကွက်မှုဖြစ်ခြင်းကြောင့် AA သောင်းကျန်းသူအဖွဲ့၏ဆိုးကျိုးကို ဒေသခံတိုင်းရင်းသားကျောင်းသား ကျောင်းသူများ၏ အနာဂတ်ထိခိုက်သည်အထိ ခံစားနေကြရပါ** ကြောင်း၊ AA သောင်းကျန်းသူအဖွဲ့သည် ၎င်းတို့၏ ရခိုင်တိုင်းရင်းသားများကိုပါ သူတို့ အာဏာရရှိရေး တစ်ခုတည်းအတွက်ဖြင့် အရွယ်မရောက်သေးသည့် ကျောင်းသားအရွယ်များကို လက်နက်နှင့် အကြောက်တရားဖန်တီးပြီး လူသစ်စုဆောင်းခြင်းများနှင့် အခြားတိုင်းရင်းသားများအပေါ် လူမျိုးရေးမုန်းတီးမှုကို ရှေ့တန်းတင်လှုံ့ဆော်နေသည်ကိုလည်း တွေ့ရပါကြောင်း၊ **ရခိုင်ပြည်နယ်တွင် ထာဝရငြိမ်းချမ်းရေး ဆောင်ရွက်နိုင်မှသာ ဒေသခံနောင်လာနောက်သားများကို ကောင်းမွန်သည့်အနာဂတ်ဘဝများ လက်ဆင့်ကမ်းနိုင်မည်ဖြစ်ပြီး ဒေသသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် တပ်မတော်အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်လျက်ရှိ** ပါကြောင်း၊ **ရခိုင်ဒေသရှိပြည်သူများအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်**ပါကြောင်း။

**နယ်မြေတည်ငြိမ်မှုမရှိအောင် လုပ်ဆောင်နေ**

NCA လက်မှတ်ရေးထိုးခဲ့သည့် EAOအဖွဲ့တစ်ခုဖြစ်သည့် CNF သောင်းကျန်းသူအဖွဲ့သည် CDF အမည်ခံအကြမ်းဖက်အဖွဲ့များနှင့်ပေါင်းပြီး ချင်းပြည်နယ်အတွင်း အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့သည်ကိုတွေ့ရပါကြောင်း၊ တပ်မတော်အနေဖြင့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၂၉ ရက်တွင် CNF/CDF အကြမ်းဖက် သောင်းကျန်းသူများ ဝင်ရောက်နေရာယူထားသည့် ထန်တလန်မြို့ကို ပြန်လည်ထိန်းချုပ်တိုက်ခိုက်နိုင်ခဲ့ပါကြောင်း၊ CNF/CDF အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလအတွင်းတွင်လည်း ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်တွင်ရှိသည့် ရိဒ်ခေါဒါရ်မြို့၊ မတူပီမြို့နယ်တွင်ရှိသည့် လိုင်လင်းပီမြို့နှင့်ရေဇွာမြို့တို့ကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်များ ရှိပါကြောင်း၊ လက်ရှိအချိန်တွင်လည်း CNF သောင်းကျန်းသူများအနေဖြင့် ချင်းပြည်နယ်အတွင်းရှိ တီးတိန်မြို့၊ ကန်ပက်လက်မြို့နယ်၊ ကျင်ဒွေးမြို့နှင့် ဒေသအတွင်း နယ်မြေတည်ငြိမ်မှုမရှိအောင် လုပ်ဆောင်နေသည်ကို တွေ့ရပါကြောင်း။

KNPP/KNDF အဖွဲ့နှင့်ပတ်သက်၍လည်း KNPP/KNDF သောင်းကျန်းသူအဖွဲ့သည် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်မှစပြီး ကယားပြည်နယ် လွိုင်ကော်မြို့ကို အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့မှုများရှိပါကြောင်း၊ ထိုသို့အကြမ်းဖက်မှုကို မလိုလားသည့် ဒေသခံပြည်သူလူထု၏သတင်းပေးမှုများကြောင့်လည်း KNPP/ KNDF သောင်းကျန်းသူအဖွဲ့ဝင်အများအပြားကို တပ်မတော်အနေဖြင့် ချေမှုန်းနိုင်ခဲ့ပါကြောင်း၊ KNPP/KNDF သောင်းကျန်းသူအဖွဲ့အနေဖြင့် ထိုသို့ တိုက်ခိုက်နိုင်ရန်အတွက် လက်နက်/ ခဲယမ်းများကို ကြိုတင်စုဆောင်းရန် ကြိုးစားခဲ့သည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်တွင် ဟိုပုံးမြို့နယ် မိုင်းပျဉ်းကျေးရွာအုပ်စု ဆော်တာကျေးရွာတွင် ၎င်းတို့လက်နက်များ ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁၆ ရက်တွင် ပင်လုံမြို့ ပန်မုန့်ကျေးရွာတွင် တစ်ကြိမ်၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်တွင် ဟိုပုံးမြို့နယ်၊ စံဖူးကျေးရွာတွင် တစ်ကြိမ်၊ စုစုပေါင်း ၃ ကြိမ်အတွင်း လက်နက်ငယ်မျိုးစုံ ၁၁၃၃ လက်၊ RPG ၁၀ လက်၊ ကျည်မျိုးစုံ တစ်သိန်းကျော်၊ လက်ပစ်ဗုံး ၇၆၀၀ ကျော်၊ ၁၀၇ မမ ရှော့တိုက်ဒုံး ခြောက်လုံးနှင့် အခြားသော လက်နက်/ ခဲယမ်း ဆက်စပ်ပစ္စည်းများစွာကို သိမ်းဆည်းရမိခဲ့ပါကြောင်း၊ အဆိုပါ လက်နက်ခဲယမ်းများသည် ၎င်းတို့၏ မဟာမိတ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံမှ ရရှိခြင်း ဖြစ်ပါကြောင်း။

**အတိုင်းအတာတစ်ခုအထိ ဟန့်တားနိုင်ခဲ့**

ထိုသို့ ကယားပြည်နယ်အတွင်းသို့ လက်နက်/ ခဲယမ်းများ နည်းလမ်းမျိုးစုံအသုံးပြုပြီး ပို့ဆောင်လျက်ရှိသည်ကို ဖော်ထုတ်ဖမ်းဆီးရမိမှုများ ရှိခဲ့ခြင်းကြောင့် ကယားပြည်နယ်အတွင်းတွင် အကြမ်းဖက်မှုများ လုပ်ဆောင်နေသည့် KNPP/KNDF သောင်းကျန်းသူအဖွဲ့နှင့် *စာမျက်နှာ ၅ သို့*

**❍ ရခိုင်ပြည်နယ်တွင် ထာဝရငြိမ်းချမ်းရေးဆောင်ရွက်နိုင်မှသာ ဒေသခံနောင်လာနောက်သားများကို ကောင်းမွန်သည့်အနာဂတ်ဘဝများ လက်ဆင့်ကမ်းနိုင်မည်ဖြစ်ပြီး ဒေသသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် တပ်မတော်အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်လျက်ရှိ၊ ရခိုင်ဒေသရှိ ပြည်သူများအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်**

*စာမျက်နှာ ၄ မှ*

PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုများကို အတိုင်းအတာတစ်ခုအထိ ဟန့်တားနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ **နိုင်ငံတော်ကြီးကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နေချိန်တွင် ပဋိပက္ခများ ပိုမိုကြီးမားအောင်၊ နိုင်ငံတော်ကို ပျက်စီးရာ ပျက်စီးကြောင်း လုပ်နေကြသည့် သစ္စာမဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရှိနေခြင်းသည် တိုင်းပြည်အတွက် အန္တရာယ်ကြီးမားပါကြောင်း။**

**အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်း၍ ဖမ်းဆီး**

KNU သောင်းကျန်းသူအဖွဲ့နှင့် ပတ်သက်၍လည်း KNU သောင်းကျန်းသူအဖွဲ့သည် ၂၀၂၁ ခုနှစ် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများကို အကြောင်းပြုပြီး PDF များကို လေ့ကျင့်ထောက်ပံ့ပေးမှုများပြုလုပ်သည့်အပြင် တပ်မတော် တပ်စခန်းငယ်များ၊ မြဝတီမြို့နှင့် ကော့ကရိတ်မြို့များကို နှောင့်ယှက်တိုက်ခိုက်လာခဲ့ပြီး ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၂၄ ရက်တွင် တပ်မတော်စခန်းတစ်ခုကို အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့မှုများရှိပါကြောင်း၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်တွင် ကျိုက်မရောမြို့နယ်တွင်ရှိသည့် ချောင်းနှစ်ခွတံတားကို တိုက်ခိုက်ဖောက်ခွဲဖျက်ဆီးခဲ့သည်ကိုလည်း တွေ့ခဲ့ရပါကြောင်း၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက် နံနက် ၃ နာရီတွင်လည်း KNU သောင်းကျန်းသူအဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် ကော့ကရိတ်မြို့၏ ၈ နေရာကို ထပ်မံလာရောက်တိုက်ခိုက်ခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် ပြန်လည်တိုက်ခိုက်ခဲ့ပါကြောင်း၊ KNU သောင်းကျန်းသူအဖွဲ့အနေဖြင့် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကို အကြောင်းပြုပြီး ဒေသအတွင်းအကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းပေါင်းစုံနှင့် လုပ်ဆောင်နေသည့်အပြင် ထိုင်း-မြန်မာနယ်စပ် မြဝတီမြို့အနီးတွင် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများအပြင် လူမှောင်ခိုမှုများအထိ လုပ်ဆောင်နေသည်ကို အထောက်အထားများနှင့် တွေ့ရှိရခြင်းကြောင့် အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်း၍ ဖမ်းဆီးနှိမ်နင်းခြင်းလုပ်ငန်းများကို လုပ်ဆောင်ပြီး တရားဥပဒေစိုးမိုးမှုရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ KNU သောင်းကျန်းသူအဖွဲ့အနေဖြင့် ကရင်ပြည်နယ်အတွင်း ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝတိုးတက်နေမှုအခြေအနေကောင်းများ ရပ်တန့်စေရန်အတွက် တိုက်ပွဲများဖော်ဆောင်လျက်ရှိခြင်းကြောင့် တပ်မတော်အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုရရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

**ရိုင်းစိုင်းစွာခြိမ်းခြောက်မှုများ လုပ်ဆောင်ခဲ့**

PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၁ ရက်မှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်အထိ ၆ လတာကာလအတွင်း နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ရဟန်း/သံဃာပျံလွန် ၃ ပါး၊ အပြစ်မဲ့ပြည်သူ သေဆုံး ၄၃၈ ဦး၊ နိုင်ငံ့ဝန်ထမ်း သေဆုံး ၇၉ ဦး စုစုပေါင်းသေဆုံး ၅၂၀ ဦး ဖြစ်ပွားခဲ့ပါကြောင်း၊ အကြမ်းဖက်ဖျက်ဆီးမှုများအနေဖြင့် လျှပ်စစ်/ဆက်သွယ်ရေးတာဝါတိုင် ၁၁ ခု၊ လမ်းတံတား/ တိုးဂိတ်အဆောက်အဦ ၉၇ ခု၊ ကျန်းမာရေးအဆောက်အဦ ၆ လုံး၊ စာသင်ကျောင်း/ ပညာရေး အဆောက်အဦ ၁၃ လုံးအပါအဝင် လူနေအိမ်များ၊ အခြားအဆောက်အဦများ ဖျက်ဆီးခြင်း ခံခဲ့ရပါကြောင်း၊ PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်အထိ နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ရဟန်း/ သံဃာပျံလွန် ၇၇ ပါး၊ သီလရှင် ၂ ပါးရှိခဲ့ပြီး အပြစ်မဲ့ပြည်သူ သေဆုံး ၅၆၇၇ ဦး၊ နိုင်ငံ့ဝန်ထမ်းသေဆုံး ၁၁၂၄ ဦး စုစုပေါင်းသေဆုံး ၆၈၈၀ ဦး ဖြစ်ပွားခဲ့ပါကြောင်း၊ အကြမ်းဖက်ဖျက်ဆီးမှုများအနေဖြင့် ဆက်သွယ်ရေး/လျှပ်စစ်တာဝါတိုင် ၅၅၉ ခု အပါအဝင် ကျန်းမာရေးအဆောက်အဦ ၅၃ လုံး၊ ဘာသာရေးအဆောက်အဦ ၆၆ လုံး၊ လမ်းတံတား/ တိုးဂိတ်အဆောက်အဦ ၁၄၈၇ ခု၊ စာသင်ကျောင်း/ ပညာရေးအဆောက်အဦ ၆၇၀ လုံးအပါအဝင် လူနေအိမ်များ၊ အခြားအဆောက်အဦများ များစွာဖျက်ဆီးခြင်း ခံခဲ့ရပါကြောင်း၊ ထို့အပြင် ပညာရေးနှင့်ပတ်သက်၍ ပညာရေးဝန်ထမ်းများအပေါ် ၄၁၃ ကြိမ် ရိုင်းစိုင်းစွာခြိမ်းခြောက်မှုများ လုပ်ဆောင်ခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက် ညနေ ၅ နာရီ ၅၀ မိနစ်အချိန်တွင်လည်း KNPP သောင်းကျန်းသူအဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လွိုင်ကော်တက္ကသိုလ်ကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခဲ့ပြီး တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်နေသည့် ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသားကျောင်းသူများကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါကြောင်း။



ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆွေးနွေးပြောကြားစဉ်။



ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဆွေးနွေးပြောကြားစဉ်။



ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဆွေးနွေးပြောကြားစဉ်။

*** နိုင်ငံတော်ကြီးကို ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နေချိန်တွင် ပဋိပက္ခများပိုမိုကြီးမားအောင်၊ နိုင်ငံတော်ကို ပျက်စီးရာ ပျက်စီးကြောင်းလုပ်နေကြသည့် သစ္စာမဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရှိနေခြင်းသည် တိုင်းပြည်အတွက် အန္တရာယ်ကြီးမား**

သောင်းကျန်းသူအဖွဲ့များနှင့် အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံအတွင်း တည်ငြိမ်မှုမရှိအောင် လုပ်ဆောင်ပြီး ၎င်းကိုအခွင့်ကောင်းယူကာ ၎င်းတို့၏ ဝင်ငွေရလမ်းဖြစ်သည့် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းချခြင်းများ လုပ်ဆောင်နေကြသည်ကို တွေ့ရှိရပါကြောင်း၊ **မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချခြင်းသည် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှုတို့ကို အထောက်အပံ့ဖြစ်စေခြင်းကြောင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုကိုခြိမ်းခြောက်နေသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်**နေပါကြောင်း၊ မြန်မာနိုင်ငံအတွင်းတွင် တရားမဝင်မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့်ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ထုတ်လုပ်နိုင်ခြင်းမရှိခြင်းကြောင့် သောင်းကျန်းသူအဖွဲ့များအနေဖြင့် အခြားနိုင်ငံများမှ နည်းမျိုးစုံဖြင့် မြန်မာနိုင်ငံအတွင်းသို့ ချိတ်ဆက်သယ်ဆောင်လျက်ရှိပါကြောင်း။

မူးယစ်ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိမှုနှင့်ပတ်သက်ပြီး ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၁ ရက်မှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်အထိ ၆ လတာကာလအတွင်း ဘိန်းဖြူ ၁ ဒသမ ၁ တန်ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇ သန်းကျော်၊ အိုက်စ် ၁၄ ဒသမ ၆၆၅ တန်ကျော် အပါအဝင် ဖမ်းဆီးရမိမှု အမှုပေါင်း ၃,၂၇၂ မှု၊ တန်ဖိုးငွေကျပ် ၇၈၁ ဒသမ ၀၂ ဘီလီယံနှင့် ဖမ်းဆီးရမိသူ ကျား/မ စုစုပေါင်း ၄၃၇၃ ဦး ရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၉ ရက်အထိ ဘိန်းဖြူ ၆ ဒသမ ၀၅ တန်ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၂၉ သန်းကျော်၊ အိုက်စ် ၅၃ တန်ကျော်၊ မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိမှု အမှုပေါင်း ၂၁၀၉၈ မှု၊ တန်ဖိုးငွေကျပ် ၃၃၅၄ ဘီလီယံကျော် ဖမ်းဆီးရမိသူ ကျား/မ စုစုပေါင်း ၂၉၄၈၆ ဦး ရှိခဲ့ပါကြောင်း၊ AA သောင်းကျန်းသူအဖွဲ့မှ အဖွဲ့ဝင်များ၏ မူးယစ်ဆေးဝါးသယ်ဆောင်မှုကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်မှ ဒီဇင်ဘာ ၉ ရက်အထိ သတင်းဆက်စပ်၍ ဖော်ထုတ်ဖမ်းဆီးမှုများအရ ငွေကျပ် ၅၁ ဒသမ ၈၇ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၂ တန်ကျော်၊ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၈၀၀ ကီလိုနှင့်အတူ AA သောင်းကျန်းသူများပါဝင်သည့် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့ကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါကြောင်း။

**နာမည်ဆိုးနှင့်ကျော်ကြားသည့်နေရာတစ်ခုဖြစ်ခဲ့**

**မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်က မူးယစ်ဆေးဝါးထုတ်လုပ်မှုကိုကြည့်ပါက လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်နေရာများ၊ အုပ်ချုပ်မှုအလှမ်းဝေးသည့် နေရာများ၊ ဖွံ့ဖြိုးမှုနောက်ကျနေသည့်နေရာများ၊ လုံခြုံရေးတည်ငြိမ်မှုမရှိသည့် နေရာများနှင့် လူသူအရောက်အပေါက်နည်းပြီး တောတောင်ထူထပ်သည့်နေရာများတွင် စိုက်ပျိုးထုတ်လုပ်ခဲ့သည်ကို တွေ့**ရပါကြောင်း၊ လွတ်လပ်ရေးရပြီးနောက် တရုတ်ဖြူတို့ မြန်မာနိုင်ငံအတွင်း ကျူးကျော်ဝင်ရောက်ချိန်မှစပြီး ရှမ်းပြည်နယ်တွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာခဲ့ပါကြောင်း၊ ၎င်းနောက် ဗမာပြည်ကွန်မြူနစ်ပါတီကစပြီး နောက်ပိုင်းပေါ်ပေါက်လာသည့် သောင်းကျန်းသူလက်နက်ကိုင်အဖွဲ့အစည်းများက ၎င်းတို့ ရေရှည်ရပ်တည်နိုင်ရေးအတွက် ဘိန်းစိုက်ပျိုးထုတ်လုပ်ရောင်းချမှုကို တိုးချဲ့လုပ်ဆောင်ခဲ့ခြင်းကြောင့် ရှမ်းပြည်နယ်သည် ကမ္ဘာပေါ်တွင် ဘိန်းထုတ်လုပ်မှုအများဆုံးဟူသည့် နာမည်ဆိုးနှင့်ကျော်ကြားသည့်နေရာတစ်ခု ဖြစ်ခဲ့ပါကြောင်း။

ဘိန်းကို ရှမ်းပြည်နယ်တွင် အများဆုံးစိုက်ပျိုးပြီး ရှမ်းပြည်နယ်သည် ဒေသတွင်း၌ မူးယစ်ဆေးဝါးများထွက်ရှိမှု၏ ဗဟိုချက်ဖြစ်ကြောင်းနှင့် အဆိုပါဒေသမှ တရားမဝင်မူးယစ်ဆေးဝါးများကို ကုန်းလမ်းကြောင်းမှ မှောင်ခိုသယ်ဆောင်ခြင်းကို စစ်ဆေးမှုများ ပိုမိုတင်းကျပ်သည့်အတွက် ရေလမ်းကြောင်းမှ လှေများဖြင့် အခြားနိုင်ငံများကို မှောင်ခိုတင်သွင်းလျက်ရှိသည်ကို မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာကုလသမဂ္ဂရုံး(UNODC)၏ ၂၀၂၃ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြခဲ့သည်ကိုလည်း တွေ့ရှိရပါကြောင်း၊ UNODC နှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့တို့ ပူးပေါင်းပြီး ဘိန်းစိုက်ပျိုး/ထုတ်လုပ်မှုကိုတိုင်းတာခဲ့ရာ ၂၀၁၂ ဘိန်းစိုက်ရာသီမှစ၍ တစ်နှစ်ထက် တစ်နှစ် နှစ်စဉ် လျော့ကျလာခဲ့သည်ကို တွေ့ရှိရသော်လည်း **UNODC ၏ ၂၀၂၃ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာတွင် ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုး/ ထုတ်လုပ်မှုအနေဖြင့် ၄၀၁၀၀ ဟက်တာ စိုက်ပျိုးခဲ့သည်ကို** ဖော်ပြခဲ့ပါကြောင်း၊ ၂၀၂၁ ခုနှစ်က ဘိန်းစိုက်ပျိုးမှု ၃၀၂၀၀ ဟက်တာစိုက်ပျိုးခဲ့ခြင်းကြောင့် ၂၀၂၂ ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးမှုသည် ၃၃ ရာခိုင်နှုန်း တိုးတက်လာသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် **ဘိန်းစိုက်ပျိုးမှုကို တရုတ်၊ မြန်မာ၊ ထိုင်း ၃ နိုင်ငံအပြင် အခြားနိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး စုံစမ်းစစ်ဆေးခြင်း၊ တိုင်းတာခြင်းနှင့် ဖျက်ဆီးခြင်းများကို ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်**ပါကြောင်း။

**ဘက်ပေါင်းစုံမှကြိုးပမ်းဆောင်ရွက်မှသာ ပိုမိုအောင်မြင်မည်**

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာမူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ **မူးယစ်ဆေးဝါးပပျောက်ရေးကို နိုင်ငံတိုင်းကလည်း အမျိုးသားရေးတာဝန်အဖြစ် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဘက်ပေါင်းစုံမှကြိုးပမ်းဆောင်ရွက်မှသာ ပိုမိုအောင်မြင်မည် ဖြစ်**ပါကြောင်း။

အကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ယွင်းပြီး မတည်မငြိမ်ဖြစ်စေရေး ဘက်ပေါင်းစုံမှ တိုက်ခိုက်လျက်ရှိသောကြောင့်

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

ဒေသခံပြည်သူ့စစ်များအပါအဝင် ပြည်သူ့ကာကွယ်ရေးနှင့် လုံခြုံရေးစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုသာ ဒီမိုကရေစီစနစ်ကို ခိုင်မာစွာလျှောက်လှမ်းနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ချမှတ်ထားသည့် ရည်မှန်းချက်များ၊ ဦးတည်ချက်များအတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များသာမက ပြည်သူလူထုတစ်ရပ်လုံးကလည်း အကြမ်းဖက်တိုက်ခိုက်မှုများကို ဝိုင်းဝန်းကာကွယ်တားဆီးပေးရန် လိုအပ်ပါကြောင်း၊ ပြည်သူ့လုံခြုံရေးစနစ်နှင့် ပတ်သက်၍လည်း **လက်ရှိအချိန်တွင် သက်ဆိုင်ရာနယ်မြေအလိုက် ဆောင်ရွက်ရန် စီမံလျက်ရှိပြီး ပြည်သူလူထုနှင့်ပူးပေါင်းကာ ဒေသအလိုက် လုံခြုံရေးအပြည့်အဝဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါ**ကြောင်း၊ **ထိုမှတစ်ဆင့် ပြည်သူ့ကာကွယ်ရေးစနစ်ကို သွားရမည်ဖြစ်**ပါကြောင်း၊ အရေးကြီးသည်မှာ ဒေသအလိုက်ရှိနေသည့် ဆန့်ကျင်ဘက်အဖွဲ့များ၏သတင်းကို ပေးရန်ဖြစ်ပါကြောင်း၊ သတင်းပေးသူကိုလည်း အထူးလျှို့ဝှက်ပေးရန် လိုပါကြောင်း၊ ယင်းသို့ဆောင်ရွက်သည့်အခါတွင် **နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် နိုင်ငံတော်ကြီးကို ဖွံ့ဖြိုးတိုးတက်လိုစိတ်ရှိသူ တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းပူးပေါင်းပါဝင်ကြရန် လိုအပ်**ပါကြောင်း၊ ထိုသို့နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးရုံသာမက အမျိုး၊ ဘာသာ၊ သာသနာအပေါ် စော်ကားလာကြသောကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရနိုင်သမျှသောနည်းလမ်းမျိုးစုံအသုံးပြုပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုအပြည့်အဝပြန်လည်ရရှိအောင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**ပညာသင်ကြားရေးကို တိုက်ရိုက်ထိခိုက်**

ပညာရေးကဏ္ဍနှင့်ပတ်သက်၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွင်း နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံကျောင်းများ အနေဖြင့် ကျောင်းအပ်နှံသူ ၈၁၀၈၂၂၇ ဦးရှိခဲ့ပြီး ယနေ့အချိန်တွင် ၆၇၆၇၇၆၃ ဦးသာ ကျောင်းတက်ရောက်လျက်ရှိသောကြောင့် အကြောင်းအမျိုးမျိုးဖြင့် ကျောင်းတက်ရန် ပျက်ကွက်သူ ၁၃၄၀၄၆၄ ဦး ရှိကြောင်းကို တွေ့ရှိရပါကြောင်း၊ ရာခိုင်နှုန်းအားဖြင့် ၁၆ ဒသမ ၅၃ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ပျက်ကွက်သည့်ဒေသများကိုပြန်ကြည့်ပါက ကရင်ပြည်နယ်ဒေသအချို့၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတို့တွင် ဖြစ်နေသည်ကို တွေ့ရှိရပါကြောင်း၊ တိုက်ပွဲများဖြစ်ပွားပြီး တည်ငြိမ်အေးချမ်းမှုမရှိခြင်း၏ ရလဒ်များဖြစ်သည်ကို ထင်ရှားစွာသိနိုင်ပါကြောင်း၊ တက္ကသိုလ်များအနေဖြင့်လည်း ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်အတွင်း ကျောင်းဖွင့်ချိန်တွင် စတင်တက်ရောက်သူ ၁၁၂၉၆၈ ဦးရှိခဲ့ပြီး ယနေ့အချိန်တွင် အေးချမ်းစွာပညာသင်ကြားလျက်ရှိသူ ၈၆၆၈၇ ဦး ရှိသောကြောင့် ပျက်ကွက်သူ ၂၆၂၈၁ ဦး ရာခိုင်နှုန်းအားဖြင့် ၂၃ ဒသမ ၃ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ လှိုင်ကော်တက္ကသိုလ်အနေဖြင့် ၁၀၀ ရာခိုင်နှုန်း တက်ရောက်နိုင်ခြင်းမရှိဘဲ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တွင်ရှိသည့် တက္ကသိုလ်များတွင်လည်း **ကျောင်းတက်ရန်ပျက်ကွက်မှု ရာခိုင်နှုန်းအများဆုံးဖြစ်**သည်ကို တွေ့ရပါကြောင်း၊ အချို့ကျောင်းသား၊ ကျောင်းသူများသည် အခြားပြည်နယ်၊ တိုင်းဒေသကြီးရှိ တက္ကသိုလ်များသို့ ပြောင်းရွှေ့ကျောင်းတက်နေခြင်းများလည်း ရှိပါကြောင်း၊ **အကြမ်းဖက်သောင်းကျန်းသူများ၏လုပ်ရပ်သည် နိုင်ငံတော်၏ အနာဂတ်လူသားအရင်းအမြစ်များဖြစ်သည့် လူငယ်များ ပညာသင်ကြားရေးကို တိုက်ရိုက်ထိခိုက်စေ**ပါကြောင်း၊ **ယင်းလုပ်ရပ်သည် နိုင်ငံတော်၏အနာဂတ်အတွက် စိုးရိမ်ဖွယ်ရာဖြစ်သောကြောင့် ပြည်သူလူထုတစ်ရပ်လုံး၊ နိုင်ငံတကာအဖွဲ့အစည်းအားလုံးက ဝိုင်းဝန်းဆန့်ကျင်ရမည်ဖြစ်**ပါကြောင်း။



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဆွေးနွေးပြောကြားစဉ်။



နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဆွေးနွေးပြောကြားစဉ်။

**လက်မှတ်ရေးထိုးခဲ့သည့် စာချုပ်တစ်ခုဖြစ်**

**မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလျက်ရှိသောကြောင့် နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုများ မဖြစ်သင့်တော့ဘဲ ငြိမ်းချမ်းစွာနှင့် ဒီမိုကရေစီနှင့်လွှတ်တော်လမ်းကြောင်းအပေါ် ရောက်ရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ**ပါကြောင်း၊ NCA စာချုပ်ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာက အသိသက်သေများ၊ ပြည်တွင်းအသိသက်သေများရှေ့မှောက်တွင် ခမ်းနားထည်ဝါစွာ လက်မှတ်ရေးထိုးခဲ့သည့် စာချုပ်တစ်ခုဖြစ်ပါကြောင်း၊ Union Accord အဖြစ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးထားသည့်သမိုင်းဝင်စာချုပ်ဖြစ်သောကြောင့် မည်သည့်အချိန်မျှ ပျက်ပြယ်မှုမရှိဘဲ တည်ရှိနေမည့်စာချုပ်ဖြစ်ပါကြောင်း။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်တွင် ကျရောက်သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကိုလည်း ပြည်တွင်း ပြည်ပမှ သက်ဆိုင်သူစုံစုံလင်လင်နှင့် လက်တွေ့ကျကျ၊ အဓိပ္ပာယ်ရှိရှိ အောင်မြင်စွာကျင်းပနိုင်ခဲ့ပါကြောင်း။

မိမိအနေဖြင့် NCA စာချုပ်ကို လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ စာချုပ်ကို လက်မှတ်မရေးထိုးရသေးသောအဖွဲ့အစည်းများနှင့်တွေ့ဆုံဆွေးနွေးချိန်များတွင် ၎င်းတို့၏ လိုလားချက်များကို လက်နက်ကိုင်ပြီးတောင်းဆိုပါက ဒီမိုကရေစီစနစ်ကို သွေဖည်ရာရောက်မည်ဖြစ်သောကြောင့် ငြိမ်းချမ်းရေးစားပွဲဝိုင်းမှတစ်ဆင့် လွှတ်တော်၌သာ လိုလားချက်များကို တောင်းဆိုရန် အကြိမ်ကြိမ်ပြောခဲ့ပါကြောင်း၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနက် KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသည့် အချို့အဖွဲ့များနှင့် NCA စာချုပ်ကို လက်မှတ်မထိုးရသေးသည့် လက်နက်ကိုင်အဖွဲ့ ၁၁ ဖွဲ့ အနက် KIA၊ SSPP/SSA၊ KNPP သောင်းကျန်းသူအဖွဲ့များအနေဖြင့် PDF အမည်ခံအကြမ်းဖက်သမားများကို အားပေးကူညီခဲ့ပြီး နိုင်ငံတစ်ဝန်း အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်စေခဲ့သည်ကို တွေ့ရပါကြောင်း။

**တည်ဆဲဥပဒေများကို လေးစားလိုက်နာ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် စတင်ဖွဲ့စည်းစဉ်ကတည်းက စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဟူသည့် နိုင်ငံရေးရည်မှန်းချက် ၂ ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းနိုင်ငံရေးရည်မှန်းချက် ၂ ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံသားတိုင်း၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အရေးကြီးပါကြောင်း၊ **မည်သူမဆို၊ မည်သည့်အဖွဲ့အစည်းမဆို ဒီမိုကရေစီလမ်းကြောင်းက သွေဖည်သွားနိုင်သည့် လုပ်ဆောင်ချက်များကို ရှောင်ရှားကြရမည်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တည်ဆဲဥပဒေများကို လေးစားလိုက်နာကြရမည် ဖြစ်**ပါကြောင်း၊ တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင်လည်း ဒီမိုကရေစီစနစ်၊ ဖက်ဒရယ်စနစ်တို့နှင့် ပတ်သက်ပြီး မိမိတို့နိုင်ငံနှင့် သဟဇာတဖြစ်သည့် စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တိုင်းရင်းသားလူမျိုးတစ်မျိုးတည်းသာ နေထိုင်သည့် တိုင်းဒေသကြီး၊ ပြည်နယ်ဟူ၍ မရှိပါကြောင်း၊ လူမျိုးပေါင်းစုံ ပျံ့နှံ့နေထိုင်နေကြပါကြောင်း၊ ထို့ကြောင့် **နိုင်ငံရေးအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသွားမည်ဖြစ်ပြီး အုပ်ချုပ်ရေးအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကို ကျင့်သုံးနိုင်ရေး ဆောင်ရွက်နေခြင်းပင် ဖြစ်**ပါကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း ဖက်ဒရယ်ဆိုင်ရာ လုပ်ပိုင်ခွင့်နှင့်ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဇယား (၁၊ ၂၊ ၃၊ ၅) ပါ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသတို့အတွက် ခွင့်ပြုပေးထားပြီးဖြစ်ပါကြောင်း။

**ရွေးကောက်ပွဲကို ပါဝင်ကူညီရန်လို**

တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ်ပြီး ပြည်သူ့ဆန္ဒနှင့်အညီ ပြဋ္ဌာန်းထားသည့် ဥပဒေဖြစ်ခြင်း၊ ၂၀၀၈ ခုနှစ်မှ အတည်ပြုပြဋ္ဌာန်းထားပြီး ခေတ်ကာလအခြေအနေနှင့်အညီ ပြင်ဆင်သင့်သည်များရှိနိုင်ခြင်းတို့ကြောင့် ပြင်ဆင်သင့် ပြင်ဆင်ထိုက်သည်များပြင်ဆင်သွားရမည်ကိုလည်း သဘောတူကြောင်းကို အကြိမ်ကြိမ်ပြောခဲ့ပြီးဖြစ်ပါကြောင်း၊ ယခင်အစိုးရကာလများအတွင်း၌ အချက်တော်တော်များများကို ပြင်ပေးနိုင်ခဲ့သော်လည်း ပြည်သူလူထု၏ ဆန္ဒခံယူပွဲများ မပြုလုပ်နိုင်သေးသည့်အတွက် အတည်မပြုနိုင်သေးသည့်အချက်များလည်း ရှိပါကြောင်း၊ အခြေခံဥပဒေ၏ အခန်း(၁၂)တွင် မည်သို့ပြင်ရမည်ဟူသော ပြဋ္ဌာန်းချက်များ ပါဝင်သည့်အတွက် အခြေခံဥပဒေနှင့်အညီသာ ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ အခြေခံဥပဒေပြင်ဆင်ရေးအတွက် လွှတ်တော်လမ်းကြောင်းမှသာ ဆောင်ရွက်နိုင်မည်လည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် **မိမိတို့အစိုးရက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေး ဆောင်ရွက်ပေးပြီးဖြစ်ပေါ်လာသည့် လွှတ်တော်များမှတစ်ဆင့် ခေတ်စနစ်နှင့် မကိုက်ညီသည့်အချက်များကို ပြင်ဆင်သွားရမည်ဖြစ်ကြောင်းကို တင်ပြလို**ပါကြောင်း၊ NCA စာချုပ်ကို လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့်လည်း နိုင်ငံ၏ဒီမိုကရေစီစနစ် ခိုင်မြဲစေရေး မဖြစ်မနေဆောင်ရွက်ရမည့် ရွေးကောက်ပွဲကို ပါဝင်ကူညီရန်လိုအပ်ပါကြောင်း။

**သင်ခန်းစာယူဆောင်ရွက်သွားရန်လို**

မြန်မာ့တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို စနစ်တကျဖြစ်ပေါ်လာအောင် ဦးဆောင်ဖော်ဆောင်ပေးခဲ့သည့် အဖွဲ့အစည်းဖြစ်သကဲ့သို့ မြန်မာ့ဒီမိုကရေစီစနစ်ခိုင်မာအောင် တည့်မတ်ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းတစ်ခုပင် ဖြစ်ပါကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးရာတွင် လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲသည် ယင်းစနစ်၏အသက်ပင်ဖြစ်သောကြောင့် လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲဖြစ်မှသာလျှင် ပြည်သူ့ဆန္ဒအစစ်အမှန်ကို ပုံပေါ်စေမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲတစ်ရပ်သည် လွတ်လပ်၊ သန့်ရှင်း၍ တရားမျှတမှုအပြည့်ရှိမှသာ ပြည်သူ့ဆန္ဒအစစ်အမှန်ကို ထင်ဟပ်ပေါ်လွင်စေမည်ဖြစ်သကဲ့သို့ ဒီမိုကရေစီစနစ်ကိုလည်း ပီပြင်စေမည်ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ယခင် NLD ပါတီအနေဖြင့် စည်းကမ်းမဲ့စွာဖြင့် ဆောင်ရွက်ခဲ့သောကြောင့် နိုင်ငံအတွက် အမည်းစက်တစ်ခုဖြစ်ပေါ်စေခဲ့ပါကြောင်း၊ ထိုကဲ့သို့ဖြစ်ရပ်မျိုး ထပ်မံမဖြစ်ပေါ်စေရေး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာနှင့် သင်ခန်းစာယူဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

*စာမျက်နှာ ၇ သို့*

✻ **အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်သည် နိုင်ငံတော်၏အနာဂတ် လူသားအရင်းအမြစ်များဖြစ်သည့် လူငယ်များ ပညာသင်ကြားရေးကို တိုက်ရိုက်ထိခိုက်စေ၊ ယင်းလုပ်ရပ်သည် နိုင်ငံတော်၏အနာဂတ်အတွက် စိုးရိမ်ဖွယ်ရာဖြစ်သောကြောင့် ပြည်သူလူထုတစ်ရပ်လုံး၊ နိုင်ငံတကာအဖွဲ့အစည်းအားလုံးက ဝိုင်းဝန်းဆန့်ကျင်ရမည်**

✻ **မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလျက်ရှိသောကြောင့် နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုများ မဖြစ်သင့်တော့ဘဲ ငြိမ်းချမ်းစွာနှင့် ဒီမိုကရေစီနှင့် လွှတ်တော်လမ်းကြောင်းအပေါ် ရောက်ရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

*စာမျက်နှာ ၆ မှ*

ရွေးကောက်ပွဲတွင် ပါတီစုံပါဝင်စေရေးသည် အရေးကြီးသောကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ယခင်နိုင်ငံရေးပါတီများနှင့် ၄ ကြိမ် တွေ့ဆုံပြီး ယခင်ရွေးကောက်ပွဲများတွင် ဖြစ်ပေါ်ခဲ့သည့် လေလွင့်ဆုံးရှုံးသည့်မဲများ မဖြစ်စေရေးအတွက် မဲများသူအနိုင်ရသည့်စနစ်(First Past The Post) FPTP စနစ်အစား မြန်မာနိုင်ငံနှင့် သင့်လျော်ပြီး ရိုးရှင်းလွယ်ကူသည့် စာရင်းပိတ်အချိုးကျကိုယ်စားပြုစနစ် (Closed List–PR) ကို ပေါင်းစပ်ကျင့်သုံးရန် နိုင်ငံရေးပါတီများက သဘောတူပြီး ဖြစ်ပါကြောင်း၊ အချိုးကျကိုယ်စားပြုစနစ်နှင့် ကိုက်ညီသည့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကိုလည်း ပြင်ဆင်ထုတ်ပြန်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံတော်တာဝန်ကို ဦးဆောင်ပြီး ဆောင်ရွက်ရမည်ဖြစ်သောကြောင့် ခိုင်မာအားကောင်းသည့် အဖွဲ့များဖြစ်စေရေး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများကို အသစ်ပြဋ္ဌာန်းထုတ်ပြန် ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြဋ္ဌာန်းထုတ်ပြန်ခဲ့သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ပြန်လည်မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ ၅၀ ပါတီနှင့် ပါတီအသစ်တည်ထောင်ခွင့်လျှောက်ထားသည့် ပါတီ ၁၅ ပါတီ၊ စုစုပေါင်း ၆၅ ပါတီရှိပြီဖြစ်ပါကြောင်း၊ ဥပဒေနှင့်အညီ ပြန်လည်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်းမရှိသည့် နိုင်ငံရေးပါတီ ၄၀ ပါတီရှိပြီး ၎င်းနိုင်ငံရေးပါတီများသည် မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြန်လည်မှတ်ပုံတင်ခွင့်နှင့် အသစ်တည်ထောင်မှတ်ပုံတင်ခွင့် တင်ပြလာသည့် နိုင်ငံရေးပါတီ ၆၅ ပါတီအနက်မှ နိုင်ငံရေးပါတီ ၄၇ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး နိုင်ငံရေးပါတီ ၂ ပါတီကို ဥပဒေနှင့်အညီ ပါတီမှတ်ပုံတင်ခွင့် ပယ်ဖျက်ခဲ့သည့်အတွက် လက်ရှိတည်ဆဲနိုင်ငံရေး ပါတီ ၄၅ ပါတီ ရှိပါကြောင်း။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်တွင်လည်း မိမိဦးစီးပြီး မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများကို တွေ့ဆုံပြီး နိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် လက်ရှိနိုင်ငံရေး ပြောင်းလဲခဲ့ရမှုအခြေအနေ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အချို့၏ အကြမ်းဖက်တိုက်ခိုက်မှုများကို ကျယ်ပြန့်စွာ ပုံဖော်လုပ်ဆောင်လာမှု အခြေအနေ၊ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေမှုအခြေအနေ၊ အစိုးရ၏စီးပွားရေးနှင့် လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှု အခြေအနေ၊ ရွေးကောက်ပွဲ လုပ်ဆောင်မည့် အခြေအနေများကို ပွင့်လင်းစွာချပြခဲ့ပြီး တက်ရောက်လာသည့် ပါတီများကလည်း လက်ရှိနိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် အမြင်များနှင့် ပါတီဆိုင်ရာအခက်အခဲများကို တင်ပြဆွေးနွေးခဲ့ကြပြီး ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းကြရန်အားလုံးက သဘောတူခဲ့ကြပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေမှ ပြင်ဆင်သင့်သည်များကိုလည်း ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ၏ ပုဒ်မ ၄၂၉ တွင်လည်း **“အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပုဒ်မ ၄၂၆ အရ အမိန့်ကို ပယ်ဖျက်ကြောင်းကြေညာသည့်နေ့မှစ၍ ခြောက်လအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရမည်”** ဟု ဖော်ပြထားပါကြောင်း၊ ထို့ကြောင့် မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၏ နံပါတ် (၄း) အချက်တွင်ပါသည့်အတိုင်း ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးပင်ဖြစ်**ပါကြောင်း၊ ရွေးကောက်ပွဲရာနှုန်းပြည့်ကျင်းပအောင်မြင်ရန် ခက်ခဲသော်လည်း ပြည်သူတို့၏ မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေး စွမ်းအားရှိသမျှ လုပ်ဆောင်သွားမည်ဖြစ်ပြီး စည်းစနစ်ကျနမှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ပြည်သူများ၏မဲပေးခွင့်ဆန္ဒပြုမှုများကို အလေးထားစဉ်းစားရမည်**

ဒီမိုကရေစီစနစ်တွင် လွှတ်တော်သည် နိုင်ငံရေးအရ အမြင့်ဆုံးဖြစ်သောကြောင့် တိုင်းရင်းသားအားလုံးက မိမိတို့ဒေသအခွင့်အရေးများကို တရားဥပဒေနှင့်အညီ တောင်းဆိုနိုင်ရေး နိုင်ငံရေးစင်မြင့်လွှတ်တော်တွင် ပါဝင်နိုင်အောင်လည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်၏သမ္မတကို ပြည်ထောင်စုလွှတ်တော်မှ ရွေးချယ်ရပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လွှတ်တော်များမှ ရွေးချယ်ပေးရခြင်းဖြစ်ပါကြောင်း၊ **လွှတ်တော်အသီးသီးတွင် အစည်းအဝေးအထမြောက်ရေးအတွက် သိက္ခာရှိသည့်လွှတ်တော်အစည်းအဝေးဖြစ်အောင် သတ်မှတ်ကိုယ်စားလှယ်များ ရွေးချယ်တက်ရောက်နိုင်ရေး မဖြစ်မနေဆောင်ရွက်သွားရမည်ဖြစ်**ပါကြောင်း၊ အဆိုပါလွှတ်တော်များတွင်သက်ဆိုင်ရာဒေသအလိုက် ပါတီများပါဝင်မှသာ လွှတ်တော်အတွင်း ကိုယ်စားပြုမှုများမည်ဖြစ်ပြီး ပြည်သူတို့၏အသံနှင့် ဖြစ်စေချင်သည့်အချက်များကို ပြောခွင့်ရမည် ဖြစ်ပါကြောင်း၊ **နိုင်ငံ့လူဦးရေ၏ ပျမ်းမျှ ၂၈ ရာခိုင်နှုန်းခန့်သည် မြို့ပေါ်နေပြီး ၇၂ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေကြ**ပါကြောင်း၊ **အချို့ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ယခုအချိုးထက် ပိုကွာဟ**ပါကြောင်း၊ ထို့ကြောင့် **မြို့ပေါ်တစ်ခုတည်း၏ ဆန္ဒကိုသာမကြည့်ဘဲ ကျေးလက်နေပြည်သူများ၏ မဲပေးခွင့် ဆန္ဒပြုမှုများကိုလည်း အလေးထားစဉ်းစားရမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် လက်ရှိတည်ငြိမ်အေးချမ်းမှု နည်းပါးနေသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ် စသည့် တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် ဒေသတည်ငြိမ် အေးချမ်းရေးကို အလေးအနက်ထား ဆောင်ရွက်နေပြီး ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် မည်သည့်တိုင်းဒေသကြီး၊ မည်သည့်ပြည်နယ်သည် ငြိမ်းချမ်းမှုမရှိသောကြောင့် ရွေးကောက်ပွဲလုပ်၍မရ ဟူ၍ ချန်ထားခဲ့၍ မရပါကြောင်း၊ အထက်တွင် မိမိတင်ပြခဲ့သည့် လွှတ်တော်အစည်းအဝေးများ အထမြောက်အောင် ရွေးကောက်ပွဲလုပ်နိုင်ရမည်ဖြစ်ပြီး ထိုသို့ချန်လုပ်ထားခဲ့ပါက ယင်းဒေသတွင် ဒီမိုကရေစီ ဆိတ်သုဉ်းသွားမည်၊ အာဏာရှင်စနစ်၊ စစ်ဘုရင်စနစ်များဝင်လာမည်၊ ဒေသခံတိုင်းရင်းသားပြည်သူများ နစ်နာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီစနစ်ကို အမှန်တကယ် လိုလားသည်ဆိုပါက လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို လုပ်နိုင်အောင် ကြိုးစားရမည်ဖြစ်ပြီး နိုင်ငံရေး ပါတီများကလည်း ဝိုင်းဝန်းကူညီပေးရန် လိုပါကြောင်း။

တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေး မဲစာရင်းအခြေခံ အချက်အလက်များကို မှန်ကန်စွာပြုစုရမည်ဖြစ်ပါကြောင်း၊ အခြေခံအချက်အလက်များ မှန်ကန်မှသာ မဲစာရင်းများလည်း မှန်ကန်မည်ဖြစ်ပါကြောင်း၊ **၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းမှုကြောင့် အမည်းစက်ဖြစ်ခဲ့ရသည့် အဖြစ်မျိုး ထပ်မံမဖြစ်စေရေး အဖြစ်နိုင်ဆုံး မဲစာရင်းမှန်ကန်အောင် ဆောင်ရွက်ရန်လို**ပါကြောင်း၊ ထို့ကြောင့် ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အောင်မြင်စွာ ကောက်ယူနိုင်ရေးနှင့် စာရင်းကောက်ယူရာတွင် တွေ့ကြုံလာနိုင်သည့် အခက်အခဲများကို ကြိုတင်ပြင်ဆင်ထားနိုင်ရေး စမ်းသပ်သန်းခေါင်စာရင်းကိုလည်း ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင် မြို့နယ်ပေါင်း ၂၀ အတွင်းရှိ စာရင်းကောက်ကွက် ၁၀၀ ၌ ပဏာမဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ကောက်ယူရရှိသည့် လူဦးရေကို အခြေခံပြီး ခန့်မှန်းတွက်ချက်ရာ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် မြန်မာနိုင်ငံရှိ ခန့်မှန်းလူဦးရေမှာ ၅၆ ဒသမ ၂ သန်းဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာနှင့် သန်းခေါင်စာရင်း ကောက်ယူပြီးမှသာ လူဦးရေစာရင်းထွက်လာမည်ဖြစ်ပြီး မဲစာရင်းများ ပြုစုနိုင်မည်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းများ အပြည့်အဝကောက်ယူနိုင်မှသာ မှန်ကန်သည့်မဲစာရင်းများ ရရှိမည်ဖြစ်ပြီး ရွေးကောက်ပွဲကို မှန်ကန်စွာပြုလုပ်နိုင်မည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က မဲဆန္ဒရှင်များအနေဖြင့် မဲပေးရာတွင် ရှင်းလင်းလွယ်ကူစွာ မဲပေးနိုင်ရေး၊ မဲရလဒ်မှန်ကန်ရေး၊ ပယ်မဲမရှိရေး၊ မဲမသမာမှု မပြုလုပ်နိုင်ရေးနှင့် ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine) နှင့် စပ်လျဉ်းသည့် ရှင်းလင်းပြသခြင်းများ၊ လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး နေပြည်တော်ရှိ ဗဟိုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ နေပြည်တော် စည်ပင်နှင့် တက္ကသိုလ်များ စုစုပေါင်း ၄၂ ဖွဲ့၊ ပြည်ထောင်စုနယ်မြေနေပြည်တော်ရှိ မြို့နယ် ၈ ခုနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံးတို့တွင် ဆောင်ရွက်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံတော်၏ ဒီမိုကရေစီစနစ်လမ်းကြောင်း မှန်ကန်ခိုင်မာစေရေးအတွက် နိုင်ငံ့တာဝန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထမ်းဆောင်နေရခြင်းဖြစ်**ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ သာမန်အားဖြင့် သက်တမ်းတိုးမှုကို ၆ လ နှစ်ကြိမ်ပေး၍ရသော်လည်း လက်ရှိအချိန်သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသ၊ စစ်ကိုင်းတိုင်းဒေသအချို့၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများကြောင့် နိုင်ငံတော်၏ တရားဥပဒေစိုးမိုးမှုနည်းပါးကာ ဒေသခံတိုင်းရင်းသားပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဆုံးရှုံးလျက်ရှိပါကြောင်း၊ ယင်းအခြေအနေကို အခွင့်ကောင်းယူပြီး NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုများအပြင် ပြည်သူလူထု ကြောက်ရွံ့ထိတ်လန့်အောင် လုပ်ဆောင်လျက်ရှိသောကြောင့် နိုင်ငံအတွင်း တရားဥပဒေစိုးမိုးကာ တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိအောင် လုပ်ဆောင်ရန်လိုအပ်ပါကြောင်း၊ သာမန်အခြေအနေမဟုတ်သည်မှာ သိသာထင်ရှားပါကြောင်း၊ **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့အနေဖြင့် နယ်စပ်ဒေသများတွင် တရားဥပဒေစိုးမိုးမှုမရှိအောင် တိုက်ပွဲများဖော်ဆောင်မှုနှင့်အတူ Online လိမ်လည်သည့်အဖွဲ့များနှင့် အကျိုးတူပူးပေါင်းလာသည်ကိုတွေ့ရသည့်အတွက် နယ်စပ်ဒေသ တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးမှုရှိအောင် ဆောင်ရွက်ပြီး Online လိမ်လည်မှုများ အမြစ်ပြတ်သည်အထိ သက်ဆိုင်ရာနိုင်ငံများနှင့် ညှိနှိုင်းပြီး ချေမှုန်းနှိမ်နင်းရန် လိုအပ်**ပါကြောင်း၊ အထက်ပါလုပ်ငန်းများကို ထိရောက်စွာ လုပ်ဆောင်နိုင်ရေးအတွက် ပြည်သူအားလုံးပါဝင်သည့် ပြည်သူ့ကာကွယ်ရေးစနစ်ကို ဖော်ဆောင်နိုင်ရေး ပြည်သူ့လုံခြုံရေးစနစ်ကို မြှင့်တင်ဆောင်ရွက်သွားရန် လုပ်ဆောင်နေပြီဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှု အပြည့်အဝရရှိသည့် နိုင်ငံဖြစ်စေရေး တက်ရောက်လာသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လည်း တိုက်တွန်းလိုပါကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းမည်ဖြစ်သဖြင့် မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပါတီမှတ်ပုံတင်ခွင့်များ ဆောင်ရွက်ပေးသည့်အတွက် ပါတီများ အင်အားတည်ဆောက်ခြင်းနှင့် စည်းရုံးခြင်းများလုပ်ဆောင်ကြရန် လိုအပ်နေပါကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး ဝိုင်းဝန်း ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း။

**ပါတီစုံရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုးပမ်းစီမံဆောင်ရွက်ရမည်**

မိမိတို့အစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများကြောင့် နိုင်ငံတော်တာဝန်ကို ရယူခဲ့ရသည့် အစိုးရဖြစ်ပါကြောင်း၊ ပြည်သူများ လိုလားတောင့်တခဲ့သည့် “စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်” မယိမ်းယိုင်အောင် စောင့်ရှောက်ခဲ့ပါကြောင်း၊ **အစိုးရတာဝန် စတင်ယူစဉ်ကတည်းက ယနေ့တိုင် ရှေ့လုပ်ငန်းစဉ်တိုင်း၌ “လွတ်လပ်တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ” ကျင်းပနိုင်ရေး အမြဲထည့်သွင်း ဦးတည်ဆောင်ရွက်လျက်ရှိ**ပါကြောင်း၊ **ဆန့်ကျင်ဘက် အဖွဲ့အစည်းများအနေဖြင့် ပြည်သူလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မျက်ကွယ်ပြုပြီး နိုင်ငံတော်ကြီး မအေးချမ်းအောင်၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ပျက်ယွင်းအောင် မိုက်မဲသည့်အတ္တကို ရှေ့တန်းတင်ပြီး အကြမ်းဖက်လမ်းစဉ်ကို နေ့စဉ်နှင့်အမျှ ပုံဖော်ဆောင်ရွက်နေကြသည်ကို တွေ့နိုင်**ပါကြောင်း၊ **နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ပုံမှန်၊ သာမန်အခြေအနေရောက်လာပါက နိုင်ငံတော်အာဏာကို မတရားဖြတ်လမ်းနည်းဖြင့် ရယူမည့် ၎င်းတို့၏ အကြမ်းဖက်အစီအမံများ ကျရှုံးသွားမည်ကို အထူးစိုးရိမ်နေကြ**ပါကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် နိုင်ငံအတွင်း အကြားအလပ်မရှိ ပါတီစုံရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုးပမ်းစီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ရွေးကောက်ပွဲကြီး မဖြစ်အောင် ဖန်တီးပုံဖော်နေသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကိုလည်း ကြိုးပမ်းပြီးရင်ဆိုင်ဖြေရှင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း တည်ငြိမ်အေးချမ်းမှု၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဒီမိုကရေစီ၏ အခွင့်အရေးများကို အပြည့်အဝ ခံစားခွင့်ရအောင် ဆက်လက်ပြီး ကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

*စာမျက်နှာ ၈ သို့*

❑ **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့အနေဖြင့် နယ်စပ်ဒေသများတွင် တရားဥပဒေစိုးမိုးမှုမရှိအောင် တိုက်ပွဲများဖော်ဆောင်မှုနှင့်အတူ Online လိမ်လည်သည့်အဖွဲ့များနှင့် အကျိုးတူပူးပေါင်းလာသည်ကို တွေ့ရသည့်အတွက် နယ်စပ်ဒေသတည်ငြိမ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးမှုရှိအောင် ဆောင်ရွက်ပြီး Online လိမ်လည်မှုများ အမြစ်ပြတ်သည်အထိ သက်ဆိုင်ရာနိုင်ငံများနှင့် ညှိနှိုင်းပြီး ချေမှုန်းနှိမ်နင်းရန်လိုအပ်**

စာမျက်နှာ ၇ မှ

လက်ရှိနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို အဘက်ဘက်က ပျက်ယွင်းအောင် လုပ်ဆောင်နေသော အဖျက်လုပ်ငန်းများကို ကာကွယ်လျက်ရှိသည့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်အဖွဲ့အစည်းများ၏ ရှေ့တန်းကျကျ ရဲရဲဝံ့ဝံ့စွန့်စားစွာ တာဝန်ထမ်းဆောင်မှုများသည် သမိုင်းဝင်လုပ်ရပ်များဖြစ်ပါကြောင်း၊ ၎င်းတို့ကို ပိုမိုထောက်ပံ့မှုပြုလုပ်သွားရမည်ဖြစ်ပါကြောင်း၊ ထို့အတူပင် ပြည်သူလူထုအနေဖြင့် လုံခြုံရေးအရ စိုးရိမ်ပူပန်မှုများကို လျော့ပါးစေလိုသည့်စိတ်နှင့် ကိုယ်တိုင်ပူးပေါင်းဆောင်ရွက်လိုသည့် ဆန္ဒပြင်းပြလျက်ရှိသည်ကို အသိအမှတ်ပြုသကဲ့သို့ ပူးပေါင်းလုပ်ဆောင်နိုင်ခွင့်ကိုလည်း ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကို ပြောကြားလိုပါကြောင်း။

လက်ရှိအခြေအနေတွင် ဒီမိုကရေစီစနစ်၏ အခြေခံအုတ်မြစ်ဖြစ်သည့် လွတ်လပ်တရားမျှတပြီး ဥပဒေစည်းကမ်းနှင့် ညီညွတ်သည့် အထွေထွေရွေးကောက်ပွဲဖြစ်နိုင်ရေး၊ ပြည်သူအားလုံး မိမိတို့၏ ဆန္ဒကို လွတ်လပ်စွာဖော်ထုတ်နိုင်ရေး လိုအပ်ချက်များစွာရှိနေပါသေးကြောင်း၊ တည်ငြိမ်အေးချမ်းသည့် ပုံမှန်အနေအထား၊ သာမန်အနေအထားရောက်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ သာမန်အခြေအနေ မဟုတ်သောကြောင့် လိုအပ်ချက်နှင့် လုပ်ဆောင်ရမည့် အချက်များကို အရှိန်အဟုန်မပျက် ဆက်လက်လုပ်ဆောင်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်ခွင့်ကို ထပ်မံ၍ ၆ လ သက်တမ်းတိုးမြှင့်ပေးနိုင်ရေး တင်ပြအပ်ပါကြောင်းဖြင့် ပြောကြားသည်။

### အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အဖွဲ့ဝင်များက ဆွေးနွေးတင်ပြ

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြရာ ဦးစွာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ဆွေးနွေးပြောကြားရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်ကိုထောက်ခံပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆွေးနွေးပြောကြားရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ရှင်းလင်းတင်ပြဆွေးနွေးချက်များသည် အကြောင်းအခြင်းအရာများအရသော်လည်းကောင်း၊ ဥပဒေအကြောင်းအရသော်လည်းကောင်း ကျိုးကြောင်းညီညွတ်မှုရှိပါသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလကိုနောက်ထပ်၆လသက်တမ်းတိုးမြှင့်ပေးခြင်းအား ထောက်ခံပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဆွေးနွေးပြောကြားရာတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်ခွင့်ကို ထပ်မံ၍ ၆ လ သက်တမ်းတိုးမြှင့် ပေးနိုင်ရေး တင်ပြမှုအပေါ် မိမိအနေဖြင့် ထောက်ခံပါကြောင်းကို ဦးစွာပြောကြားလိုပါကြောင်း၊ ပထမအချက်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လူမှုစီးပွားဘဝ တိုးတက်ခိုင်မာရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန် လုံခြုံရေးဆိုင်ရာများကို ဆက်လက်ဆောင်ရွက်ပေးသွားရမည်ဖြစ်ပြီး တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒုတိယအချက်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမ ရည်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အဓိကလိုအပ်ချက်ဖြစ်သည့် မဲစာရင်းများ မှန်ကန်မှုရှိစေရေးအတွက် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေး ကိစ္စကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရရှိလာသည့် စာရင်းအချက်အလက်များ မှန်ကန်မှသာလျှင် မဲစာရင်းများ မှန်ကန်မည်ဖြစ်သည့်အတွက် အဆင့်အလိုက် ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အထက်ပါအချက်နှစ်ချက်ကို မဖြစ်မနေ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့် ကာလအား ၆ လ သက်တမ်းတိုးမြှင့်ရန် တင်ပြခြင်းအပေါ် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

> “ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များ၏ တင်ပြချက်များအရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်ခွင့်ကို ထပ်မံ၍ ၆ လ သက်တမ်းတိုးမြှင့်ပေးရန်လိုအပ်သည်ကို တွေ့မြင်ရကြောင်း၊ လက်ရှိနိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများအရ အကြမ်းဖက်မှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ရန်နှင့် သာမန်မဟုတ်သည့် အခြေအနေဖြစ်သည့်အတွက် တာဝန်ထမ်းဆောင်ခွင့်ကို ထပ်မံ၍ ၆ လ သက်တမ်းတိုးမြှင့်ပေးရန် မဖြစ်မနေ လိုအပ်မည်ဖြစ်ပြီး တိုးမြှင့်ရန်သဘောတူ ”

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့သော်လည်း အချို့သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် NCA ကို အခွင့်ကောင်းယူ၍ အင်အားစုစည်း တည်ဆောက်မှုများ ပြုလုပ်ပြီး အဖျက်အမှောင့်လုပ်ရပ်များ၊ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်ကိုတွေ့မြင်ရပြီး ထိုသို့လုပ်ဆောင်လာခြင်းသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိပါးလာခြင်းပင်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်း၍ လွတ်လပ်တရားမျှတသော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပနိုင်ရေးတို့အတွက် နိုင်ငံတစ်ဝန်းလုံးအရေးပေါ် အခြေအနေ ကြေညာထားသည့်ကာလကို ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ နောက်ထပ် ၆ လ သက်တမ်းတိုးမြှင့်ခြင်းအား ထောက်ခံပါကြောင်းဖြင့် တင်ပြသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ဆွေးနွေးတင်ပြရာတွင် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှစ၍ ၂၀၂၃ ခုနှစ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့မှုများနှင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေး၊ရပ်ရွာအေးချမ်းသာယာရေးတို့တွင် သာမန်အခြေအနေမဟုတ်သည့်အတွက် နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့် ကာလအား ဆက်လက်သက်တမ်းတိုးမြှင့်ခြင်းအပေါ် ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြသည်။

၎င်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက လွန်ခဲ့သည့် ၆ လ တာကာလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှတိုးတက်အောင် ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို နိုင်ငံတကာမှ သိရှိစေရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ နိုင်ငံတကာဆက်ဆံရေး တိုးတက်လာမှု အခြေအနေများနှင့် နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့် ကာလအား ထပ်မံသက်တမ်းတိုးမြှင့်ခြင်းအပေါ် ထောက်ခံပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နိုင်ငံတော်တွင်ဖြစ်ပေါ်နေသည့် သာမန်မဟုတ်သည့် အခြေအနေများအား အမြန်ဆုံးပြန်လည် တည်ငြိမ်စေရေး ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ နှင့်အညီ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလအား သက်တမ်းထပ်မံတိုးမြှင့်ခြင်းအပေါ် သဘောတူထောက်ခံပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

### တပ်မတော်အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိ

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖြည့်စွက်ဆွေးနွေးရာတွင် မိမိအနေဖြင့် ၆ လ တာကာလအတွင်း ဖြစ်ပျက်ခဲ့သည့် အခြေအနေများကို ဆွေးနွေးတင်ပြခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများမှရွေးချယ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) သည် ပြည်သူများ၏ ထောက်ခံဆန္ဒမဲများဖြင့် အတည်ပြု ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း၊ သို့သော် ပြင်ဆင်သင့်သည့်အချက်များကို ပြင်ဆင်ရန်အတွက် တပ်မတော်အနေဖြင့် သဘောတူညီပြီးဖြစ်ကြောင်း၊ အချို့ EAO အဖွဲ့များရှိသည့် နေရာများတွင် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုများမရှိဘဲ မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုများကိုလည်း လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်တင်ရေးများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်သူ့လုံခြုံရေးစနစ်နှင့်ပတ်သက်၍ နိုင်ငံရေးပါတီအချို့နှင့် တိုင်းရင်းသားအဖွဲ့များက ပြောကြားမှုများရှိကြောင်း၊ EAO များရှိနေသည့် နေရာများနှင့်တည်ငြိမ်မှုမရှိသည့်နေရာများ၌ ပြည်သူ့ကာကွယ်ရေးဆောင်ရွက်ရန်အတွက် အမျိုးသားစစ်မှုထမ်းစနစ်ကို လတ်တလောအခြေအနေအရ အကောင်အထည်ဖော်ရန် လိုအပ်မှုများ ရှိနေသေးကြောင်း၊ ထို့ကြောင့် ပြည်သူ့လုံခြုံရေးစနစ်ကို ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ရပ်ကွက်များအလိုက်၊ မြို့ရွာများအလိုက် အဆင့်ဆင့် လုံခြုံရေးဆိုင်ရာ သတင်းပေးမှုစနစ်များကိုဆောင်ရွက်ပြီး ၎င်းမှတစ်ဆင့် ပြည်သူ့ကာကွယ်ရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံအားလုံးနှင့် ဆက်ဆံရေးကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နှင့် ပူးပေါင်းဆောင်ရွက်လိုသည့် နိုင်ငံများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် အခြေခံဥပဒေက ချမှတ်ထားသည့် နိုင်ငံခြားရေးမူဝါဒများအတိုင်း ဆက်ဆံဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေသည် ပုံမှန်အခြေအနေသို့ ပြန်လည်မရောက်ရှိသေးကြောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့ မတိုင်မီအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၎င်းပုံမှန်အခြေအနေကို ဆူပူဆန္ဒပြမှုများ၊ ၎င်းမှတစ်ဆင့် လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို လုပ်ဆောင်ခဲ့သူများက ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါအခြေအနေသို့ ပြန်လည်ရောက်ရှိရေး လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်အစည်းအဝေး ကျင်းပနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လွှတ်တော်အသီးသီးတွင် ရွေးချယ်ခံလွှတ်တော်ကိုယ်စားလှယ် အရေအတွက်သည် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များထက် ပိုမိုများပြားနေရန် လိုအပ်ကြောင်း၊ သို့မှသာ သိက္ခာရှိသည့်ရွေးကောက်ပွဲဖြစ်မည်ဖြစ်ကြောင်း၊ လွှတ်တော်များအတွင်း၌လည်း အပြန်အလှန်ထိန်းကျောင်းနိုင်ရန် လိုအပ်ပါကြောင်း၊ အဆိုပါအချက်များအား အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဝင်များ သိရှိအောင် ရှင်းလင်းပြောကြားခြင်းဖြစ်ပါကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

### အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလကို နောက်ထပ် ၆ လ တိုးမြှင့်သတ်မှတ်

တင်ပြချက်များနှင့်စပ်လျဉ်း၍ ယာယီသမ္မတက ပြောကြားရာတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များ၏ တင်ပြချက်များအရ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်ခွင့်ကို ထပ်မံ၍ ၆ လ သက်တမ်းတိုးမြှင့်ပေးရန် လိုအပ်သည်ကို တွေ့မြင်ရကြောင်း၊ လက်ရှိနိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများအရ အကြမ်းဖက်မှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ရန်နှင့် သာမန်မဟုတ်သည့် အခြေအနေဖြစ်သည့်အတွက် တာဝန်ထမ်းဆောင်ခွင့်ကို ထပ်မံ၍ ၆ လ သက်တမ်းတိုးမြှင့်ပေးရန် မဖြစ်မနေ လိုအပ်မည်ဖြစ်ပြီး တိုးမြှင့်ရန် သဘောတူပါကြောင်း၊ မိမိအနေဖြင့်လည်း တင်ပြချက်များသည် မှန်ကန်နေသည် ဖြစ်သည့်အတွက် ထိုသို့တာဝန်ထမ်းဆောင်မှုကို ထပ်မံသက်တမ်း တိုးမြှင့်ပေးမှသာလျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ရှင်းလင်းတင်ပြမှုတွင် ပါဝင်သည့် တိုင်းပြည်၏ အနာဂတ်ကောင်းကို အောင်အောင်မြင်မြင်ဖြင့် ဆက်လက်ဖန်တီးပုံဖော်နိုင်မည်ဟု ထင်မြင်မိပါကြောင်း၊ ယခုထပ်မံတိုးမြှင့်လိုက်သည့် ၆ လတာကာလသက်တမ်း ဆောင်ရွက်နိုင်သည်မှန်သမျှကို ကြိုးပမ်းဆောင်ရွက်ပြီး ရရှိလာသည့်ရလဒ်များအပေါ် မူတည်၍ လိုအပ်ပါက ထပ်မံသက်တမ်းတိုးမြှင့်ပေးရမည့် အနေအထားပင်ဖြစ်ကြောင်း၊ယနေ့အစည်းအဝေးကိုတက်ရောက်လာကြသည့် မိမိအပါအဝင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအားလုံး၏ သဘောတူဆွေးနွေးဆုံးဖြတ်ချက်များအရ **“နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလကို နောက်ထပ် ၆ လ တိုးမြှင့်သတ်မှတ်ကြောင်း”** ကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ အသိပေးကြေညာအပ်ပါကြောင်းဖြင့် ပြောကြားပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး (၁/၂၀၂၄) ကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တာဝန်မှအနားယူခွင့်ပြုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၉ / ၂၀၂၄
၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
(၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)

### တာဝန်မှအနားယူခွင့်ပြုခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး အား ကျန်းမာရေးအရ တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၀ / ၂၀၂၄
၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
(၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးကိုကို အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ပြည်နယ်ဝန်ကြီးချုပ် အစားထိုးခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၁ / ၂၀၂၄
၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
(၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)

### ပြည်နယ်ဝန်ကြီးချုပ် အစားထိုးခန့်အပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးထားသည့် ဦးအောင်ဇော်အေး **အစား** ဦးအောင်အောင် အား အစားထိုးခန့်အပ် တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## တာဝန်မှအနားယူခွင့်ပြုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၂ / ၂၀၂၄
၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
(၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)

### တာဝန်မှအနားယူခွင့်ပြုခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးသန်းဝင်း အား တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၃ / ၂၀၂၄
၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
(၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)

### ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးကျော်မျိုးထွဋ်အား ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၄ / ၂၀၂၄
၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
(၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးမျိုးလှိုင် အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၅ / ၂၀၂၄
၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
(၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)

### ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးထိန်လင်း အား အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## တာဝန်မှ အနားယူခွင့်ပြုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၆ / ၂၀၂၄
၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
(၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)

### တာဝန်မှအနားယူခွင့်ပြုခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာ ကျော်ထွန်း အား တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

မြန်မာ့အလင်း



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားနိုင်ငံမှ ပြန်လည်ရောက်ရှိ

**မန္တလေး ဇန်နဝါရီ ၃၁**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ဇန်နဝါရီ ၂၄ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့သည့် စတုတ္ထအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင် အစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် ရုရှားနိုင်ငံတကာဖိုရမ်နှင့် ကုန်စည်ပြပွဲများသို့ တက်ရောက်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုဆီဗီရက်စ်ခ်မြို့မှတစ်ဆင့် မြန်မာ့လေကြောင်း ခရီးစဉ် (MAI) ဖြင့် မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိသည်။



ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုခဲ့ကြသည်။ (ဝဲပုံ)

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းနှင့် စီးပွားရေးအသင်းအဖွဲ့များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်များ ပြန်လည်လိုက်ပါခဲ့သည်။

မြန်မာကိုယ်စားလှယ် အဖွဲ့သည် ခရီးစဉ်အတွင်း စတုတ္ထအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင်အစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် ရေ့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့ ပုဂ္ဂိုလ်များဆွေးနွေးပွဲ၊ ရုရှားနိုင်ငံတကာဖိုရမ်နှင့် ကုန်စည်ပြပွဲများသို့ တက်ရောက်ခဲ့ပြီး ရုရှားသတင်းအချက်အလက် နည်းပညာကုမ္ပဏီ၊ စွမ်းအင်ကုမ္ပဏီ၊ ဆောက်လုပ်ရေး ကုမ္ပဏီနှင့် တိရစ္ဆာန်ဥယျာဉ် ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှု အလားအလာများ၊ အခွင့်အလမ်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပစဉ်ကာလအတွင်း လျှပ်စစ်ဓာတ်အား မပြတ်တောက်စေရေး၊ ဓာတ်အားစဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ရေးနှင့် အရန်မီးစက်များ နေရာချထားဆောင်ရွက်ထားရှိမှုကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၃၁**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ဒုတိယဝန်ကြီး ဦးအေးကျော်နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) သို့ သွားရောက်ပြီး ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပစဉ်ကာလအတွင်း လျှပ်စစ်ဓာတ်အား မပြတ်တောက်စေရေး၊ ဓာတ်အားစဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ရေးနှင့် အရန်မီးစက်များ နေရာချထား ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက အခမ်းအနားကျင်းပနေစဉ် ကာလအတွင်း ဖြန့်ခွဲထားရှိသည့် နေရာများအတိုင်း တာဝန်များကို အသေးစိတ် ချထားတာဝန်ပေးအပ်ထားရန် လိုအပ်ပါကြောင်း၊ အခမ်းအနားကျင်းပစဉ် အများဆုံး သုံးစွဲနိုင်မည့် ဝန်အားများအတိုင်း စမ်းသပ်မောင်းနှင်ထားရန် လိုအပ်ပါကြောင်း၊ အရန်မီးစက်များ၊ UPS များလည်း ချထားပြီးဖြစ်ပါသဖြင့် သွယ်တန်းထားရှိသည့် ဓာတ်အားလိုင်းများကို မတော်တဆထိခိုက်ပြတ်တောက်မှု မဖြစ်စေရေး လိုင်းများအား စစ်ဆေးထား၍ သန့်ရှင်းသပ်ရပ်စွာ ထားရှိရန် လိုအပ်ပါကြောင်း၊ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးမည့် ဓာတ်အားလိုင်း လမ်းတစ်လျှောက်နှင့် ခွဲရုံများတွင်လည်း တာဝန်များအပိုင်းလိုက် ချထားရန် လိုအပ်ပါကြောင်း၊ အရန်မီးစက်များ ထားရှိသည့် နေရာဝန်းကျင်တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်အတွက် မီးကြိုးများ ဆက်သွယ်အသုံးပြုရာ၌ စနစ်တကျ ဆက်သွယ်အသုံးပြုရေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





မန္တလေးမြို့ အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်ရပ်ကွက်ရှိ နေအိမ်များနှင့် စက်ရုံများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ကိုကို၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်စွာမင်း၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေကိုကိုပိုင်နှင့် မီးသတ်တပ်ဖွဲ့များ ဇန်နဝါရီ ၃၀ ရက်က အသိပညာပေး ပြောကြားပြီး နေအိမ်များ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးစဉ်။

မောင်ကျော်ကြီး

# ရမည်းသင်း၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော အခြေခံလျှပ်စစ်သံဂဟေဆက်သင်တန်း အမှတ်စဉ် (၄/ ၂၀၂၄)ဆင်းပွဲကျင်းပ

**ရမည်းသင်း ဇန်နဝါရီ ၃၁**

မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော အခြေခံ လျှပ်စစ်သံဂဟေဆက် သင်တန်း အမှတ်စဉ် (၄/၂၀၂၄) ဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက်က ရမည်းသင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။



အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်မြင့်စိုးက သင်တန်းဆင်းအမှာစကား ပြောကြားရာတွင် အသေးစား၊ အငယ်စား၊ အလတ်စားစက်မှုလက်မှုလုပ်ငန်း (MSME) များဖွံ့ဖြိုးရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနေခြင်းဖြစ်သောကြောင့် မိမိတို့နယ်ပယ်အသီးသီးတွင် ကိုယ်ပိုင်လုပ်ငန်းငယ်လေးများ ဖြစ်စေ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် အခကြေးငွေဖြင့် သွားရောက်လုပ်ကိုင်ရာတွင်ဖြစ်စေ သင်တန်းမှ ရရှိလာသော အသိပညာများကို လက်တွေ့အသုံးချပြီး လုပ်ငန်းရှင်ကြီးများဖြစ်အောင် ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူးနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးတို့က သင်တန်းသားများကိုယ်စား သင်တန်းသားနှစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**မောင်မွှေး**

# လပွတ္တာခရိုင် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ကျန်းမာရေးစောင့်ရှောက်မှုပေး

**လပွတ္တာ ဇန်နဝါရီ ၃၁**

ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်ဖြင့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် လပွတ္တာခုတင်(၂၀၀) ပြည်သူ့ဆေးရုံအုပ်ကြီး ဦးဆောင်သော အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် အထူးဆေးကုသရေးအဖွဲ့သည် ငပုတောမြို့နယ် မကျီးပင်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများအား ဇန်နဝါရီ၂၇ ရက်က ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆေးကုသပေးရာတွင် ငပုတောမြို့နယ် မကျီးပင်ကျေးရွာရှိ အထွေထွေရောဂါလူနာ ၁၃၃ ဦး၊ အရိုးအကြောလူနာ ၁၅၅ ဦး၊ သွားနှင့် ခံတွင်းလူနာ ၈၀ နှင့်ကလေးလူနာ ၂၇ ဦး စုစုပေါင်းဒေသခံ ပြည်သူ ၃၉၅ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လူနာသုံးဦးအား ကုသရန် လပွတ္တာခရိုင်ဆေးရုံကြီးသို့ လွှဲပို့ပေးခဲ့သည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာသီတာအောင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ် (၄) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ



နေပြည်တော်  ဇန်နဝါရီ  ၃၁

**နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ် (၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦး က ယခုသင်တန်းကို ပြည်ထောင်စုဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များအနေဖြင့် ဥပဒေပညာလေ့လာပြီး ဥပဒေဒီပလိုမာဘွဲ့ သို့မဟုတ် ဥပဒေရေးရာကျွမ်းကျင်ကြောင်း အသိအမှတ်ပြုလက်မှတ်တစ်ခုခုရရှိရေးအတွက် ဆောင်ရွက်သင့်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက စီးပွားရေးရာကော်မတီအစည်းအဝေး (၃/၂၀၂၂) ၌ လမ်းညွှန်မှုအရ ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း။

**သင်ကြားပို့ချ**

ယခုသင်တန်းတွင် နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအနေဖြင့် သိသင့်သိထိုက်သည့် ဥပဒေရေးရာကိစ္စရပ်များဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေရေးဆွဲခြင်း၊ စီးပွားရေးစာချုပ်စာတမ်းများ စိစစ်ခြင်း၊ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေများလက်တွေ့အသုံးချမှု၊ ပြစ်မှုဆိုင်ရာနှင့် အထူးဥပဒေများ လက်တွေ့အသုံးချမှု၊ တရားမဆိုင်ရာကိစ္စများ၊ အထွေထွေ ဥပဒေအကြံပေးရေးဆိုင်ရာကိစ္စများကို ဥပဒေရေးရာနယ်ပယ်တွင် အတွေ့အကြုံများစွာ ရှိသူများဖြစ်သည့် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်မှဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သည့်ပုဂ္ဂိုလ်များ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ဥပဒေချုပ်များ၊ ဥပဒေရေးရာဝန်ကြီးဌာနမှ အငြိမ်းစားယူပြီးသည့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်ကြီးများ၊ ဥပဒေရေးရာဝန်ကြီးဌာနမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက သင်ကြားပို့ချမည်ဖြစ်ပါကြောင်း၊ သင်တန်းပြီးမြောက်အောင် တက်ရောက်သည့် သင်တန်းသားများကိုလည်း ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းဆင်းလက်မှတ် (Certificate of Legal Advocacy–CLA) များ ပေးအပ်ချီးမြှင့်မည်ဖြစ်ပါကြောင်း။

**နိုင်ငံတော်အကျိုးဆောင်ရွက်**

သင်တန်းသားများအနေဖြင့် ဤသင်တန်းမှ သင်ကြားပို့ချပေးသည့် ဥပဒေဘာသာရပ်များကို မိမိတို့၏ လုပ်ငန်းခွင်တွင် လက်တွေ့ကျင့်သုံးဆောင်ရွက်နိုင်စေရန်အတွက် လေ့လာမှတ်သားသင်ယူပြီး မိမိတို့၏ ဝန်ကြီးဌာနအကျိုး၊ နိုင်ငံတော်အကျိုးအတွက် ကောင်းစွာဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

သင်တန်းဖွင့်ပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာ ထိန်လင်းဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘိုဘိုကျော်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်၊ သင်တန်းသားသင်တန်းသူများ၊ ဥပဒေရေးရာဝန်ကြီးဌာနမှ ဌာနအကြီးအကဲများနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူများအနေဖြင့် လျှပ်စစ်သုံးယာဉ်များကို ပိုမိုအသုံးပြုလာနိုင်မည်ဖြစ်၍ Charging Station များ တိုးချဲ့ဆောင်ရွက်နိုင်ရေး ကြိုတင်စဉ်းစားဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၃၁**



အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဇမ္ဗူသီရိမြို့နယ် သပြေကုန်းဈေးနှင့် စည်ပင်ဧည့်ရိပ်သာရှေ့ရှိ EV Charging Station များကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဦးဆောင်ကော်မတီမှ တင်သွင်းခွင့်ပြုခဲ့သည့် လျှပ်စစ်သုံးယာဉ်အမျိုးမျိုးအတွက် လျှပ်စစ်ဓာတ်အားဖြည့်သွင်းနိုင်သည့်စနစ်များ ပြည့်စုံအောင် တပ်ဆင်ထားရှိရန်၊ Charging Station ရှိ တာဝန်ရှိသူများအနေဖြင့် သုံးစွဲသူပြည်သူများ၏ အကြံပြုချက်များအတိုင်း ပြုပြင်ပြောင်းလဲ တပ်ဆင်နိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိရန်၊ လျှပ်စစ်သုံးယာဉ်များသို့ လျှပ်စစ်ဓာတ်အားများ ဖြည့်သွင်းနေစဉ် မမျှော်မှန်းနိုင်သည့်ကိစ္စရပ်များ ဖြစ်ပွားလာပါက လျင်မြန်စွာ တုံ့ပြန်ဖြေရှင်းဆောင်ရွက်နိုင်ရေး အစီအမံများ ရေးဆွဲထားရန်၊ ပြည်သူများအနေဖြင့် လျှပ်စစ်သုံးယာဉ်များကို ပိုမိုအသုံးပြုလာနိုင်မည်ဖြစ်၍ Charging Station များ တိုးချဲ့ဆောင်ရွက်နိုင်ရေး ကြိုတင်စဉ်းစား ဆောင်ရွက်ထားရန်၊ Charging Station များ တည်ထောင် ဖွင့်လှစ်ထားသည့် ကုမ္ပဏီများအနေဖြင့် ကိုယ်ပိုင်လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း တွေ့ကြုံနေသည့် အခက်အခဲများရှိပါက အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီ ငါးခုတို့သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြရန်၊ Charging Station များတွင် မီးငြှိမ်းသတ်ရေး အထောက်အကူပြုပစ္စည်းများ ပြည့်စုံစွာထားရှိရန်နှင့် မီးဘေးအန္တရာယ်ကာကွယ်ရေး စီမံချက်များရေးဆွဲပြီး ဇာတ်တိုက် လေ့ကျင့်ထားကြရန် မှာကြားပြီး EV Charging Station များတည်ဆောက်ထားရှိမှု၊ လျှပ်စစ်သုံးယာဉ်များကို လျှပ်စစ်ဓာတ်အားဖြည့်သွင်းနေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း လယ်ဝေးမြို့နယ် ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

**လယ်ဝေး ဇန်နဝါရီ ၃၁**



ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၃၀ ရက်က ချောင်းခွကျေးရွာဓမ္မာရုံ၌ အုပ်စုအတွင်းရှိ ကျေးရွာများမှ ပြည်သူများနှင့် တွေ့ဆုံကာ ဒေသအတွင်းသီးနှံများ အရည်အသွေးကောင်းမွန်ရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိစေရေးနှင့် ဈေးကွက်ရရှိရေး၊ ကျေးရွာအတွင်းရှိ ကျောင်းနေအရွယ်ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် မိဘဆရာများ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ရဲတပ်ဖွဲ့မှ ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သိန်းဦး၊ လယ်ဝေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်မင်းကိုနှင့် တာဝန်ရှိသူများက နယ်မြေလုံခြုံရေး၊ အေးချမ်းသာယာရေး၊ စိုက်ပျိုးနည်းစနစ်များ မှန်ကန်စေရေးနှင့် သဘာဝမြေသြဇာများပြုလုပ်သည့် နည်းလမ်းများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များ တင်ပြဆွေးနွေးရာ နေပြည်တော်ကောင်စီအဖွဲ့ဝင်က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြေရှင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လယ်ဝေးမြို့နယ် ဦးစီးမှူးရုံးက ကျေးရွာနေပြည်သူများ၏ သေစာရင်းနှင့် မွေးတိုးစာရင်းများ ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများက ဒေသခံပြည်သူများအား ဆေးဝါးကုသပေးခြင်း၊ တိုင်းရင်းဆေးကုဌာနမှ ကုသပေးခြင်း၊ တစ်အိမ်ထောင်လျှင် စားဆီတစ်ပိဿာ ကျပ် ၅၈၀၀ နှုန်းဖြင့် ရောင်းချပေးနေခြင်းများကို ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်သည် ချောင်းခွအထက(ခွဲ)၌ ဆရာ ဆရာမများနှင့်တွေ့ဆုံပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု အခြေအနေကို ကြည့်ရှုအားပေး၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝေကြည်(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၃၁**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာ၌ ကျေးရွာတွင်းလမ်း ပေ ၃၀၀၀ ကို ကျောက်ရောမြေဖြင့် ခြောက်လက်မထု အခြေခံလွှာခင်းကြိတ်ပြီး (ပေ ၃၀၀၀ x ၁၂ ပေ x ၈ လက်မထု) ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် ရေလယ်ကွေ့ကျေးရွာတွင်းလမ်း မြေသားတာပေါင်တင်၍ ကျောက်ရောမြေခင်းခြင်းလုပ်ငန်း၊ ကျောက်ကြီးစီ ကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်းတံတား (Box Culvert) ၁၆ စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လမ်းဘေးဝဲယာတစ်လျှောက် ရေနုတ်မြောင်းများ ပြုလုပ်ပြီး ရေစီးရေလာကောင်းမွန်စေရေးအတွက် ဆောင်ရွက်သွားရန် မှာကြားသည်။



ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် နေပြည်တော်မြို့ပတ်လမ်းရှိ လယ်ဝေးမြို့နယ်ကော်မတီပိုင် အသားထုတ်နယ်မြေ၌ သားသတ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများနှင့် လယ်ဝေးမြို့နယ် စမ်းကလေးသုသာန်၌ အဆောက်အဦများ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို လည်းကောင်း၊ လယ်ဝေးမြို့နယ် ရှမ်းစုကျေးရွာအုပ်စု ရှမ်းစု RCC တံတား၏ ကျန်ရှိသော ဆက်စပ်လုပ်ငန်းများ၊ လယ်ဝေးမြို့ သီရိရတနာမြို့မဈေး၌ သား/ငါး ရုံသစ်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဈေးအတွင်းကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ-၁ တွင် ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရန်အတွက် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လုပ်ငန်းခွင်ဆောင်ရွက်ရာတွင် မူလအဆောက်အဦကို ထိခိုက်မှုမရှိစေရေး အထူးအလေးထားထိန်းသိမ်းဆောင်ရွက်ရန် မှာကြားခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းမီးပွိုင့် သံလမ်းကူးလမ်းပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ ရေရှည်ခိုင်ခံ့စေရေးတို့ကို အလေးထား ဆောင်ရွက်စေရေး မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရန်ပုံငွေမှ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများပြန်လည်ပေးဆပ်ရမည့်ကာလအား သက်တမ်း ၁ နှစ် ထပ်မံတိုးမြှင့်ပေးကြောင်း အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်**
**ကုစားရေးလုပ်ငန်းကော်မတီ**
သတင်းထုတ်ပြန်ချက် (၁/၂၀၂၄)
၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်
**ကိုဗစ်-၁၉ ရန်ပုံငွေမှ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများပြန်လည်ပေးဆပ်ရမည့်ကာလအား သက်တမ်း ၁ နှစ် ထပ်မံတိုးမြှင့်ပေးကြောင်း အသိပေးကြေညာခြင်း**

၁။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ တာဝန်များအနက် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှုများကို ပြန်လည်ကုစားနိုင်ရေးအတွက် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍမှ ထိခိုက်မှု အများဆုံးဖြစ်သည့် လုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေ သက်တမ်းတစ်နှစ် (အတိုးနှုန်း ၁ %) သတ်မှတ်ပြီး ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့မှစတင်၍ ကုမ္ပဏီ/ လုပ်ငန်း စုစုပေါင်း ၈၇၉ ခု၊ ချေးငွေပမာဏ ကျပ် ၁၃.၁၃၂၅ ဘီလီယံအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေများထုတ်ပေးခြင်းကို ဆောင်ရွက်ပေးခဲ့ပါသည်။

၂။ နိုင်ငံတော်အနေဖြင့် အဆိုပါချေးငွေထုတ်ပေးခဲ့သည့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍမှ လုပ်ငန်း ၈၇၉ ခုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြင့် ၂၀၂၃ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ချေးငွေပြန်လည်ပေးဆပ်ရမည့်ကာလအား သက်တမ်း ၁ နှစ် စေ့ရောက်သည့်နေ့စ၍ သက်တမ်း ၁ နှစ် တိုးမြှင့်ပေးကြောင်း အသိပေးကြေညာခဲ့ပါသည်။

၃။ ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုများ ထပ်မံရှိနေပြီး ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ ငွေကြေးလည်ပတ်မှုအဆင်ပြေချောမွေ့စေရေးအတွက် ချေးငွေပြန်လည်ပေးဆပ်ရမည့်ကာလကို ချေးငွေပြန်လည်ပေးဆပ်ရန် ကာလစေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် ၁ နှစ် သက်တမ်းတိုးမြှင့်ပေးရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လမ်းညွှန်ခဲ့ပါသည်။

၄။ သို့ပါ၍ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားသည့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍမှ ကုမ္ပဏီ/လုပ်ငန်း ၈၇၉ ခု အနေဖြင့် အောက်ပါအခြေအနေများဖြင့် ကိုက်ညီသူများအား ချေးငွေပြန်ဆပ်ရန်ကာလကို ချေးငွေကာလ သက်တမ်း ၂ နှစ်စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် ၁ နှစ် ထပ်မံတိုးမြှင့်ပေးပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ပထမနှစ်အတွက် ပထမအကြိမ် အတိုးများအား ပေးဆပ်ပြီး ဖြစ်ရပါမည်၊
(ခ) ဒုတိယနှစ်အတွက် ဒုတိယအကြိမ် အတိုးများအား ကာလပြည့်မီက ပေးဆပ်ပြီး ဖြစ်ရပါမည်၊
(ဂ) ချေးငွေအား ရည်ရွယ်ချက်အတိုင်း ထိရောက်အောင် ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီ/ လုပ်ငန်း ဖြစ်ရပါမည်။

၅။ လုပ်ငန်းကော်မတီက ခွင့်ပြုခဲ့သည့် ချေးငွေထုတ်ယူခွင့်ပြုကြောင်း အကြောင်းကြားစာတွင် "ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်ခံရမည်ဖြစ်ပါကြောင်း" အသိပေးဖော်ပြပါရှိသဖြင့် မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေထုတ်ယူထားသည့် ကုမ္ပဏီ/ လုပ်ငန်းများအနေဖြင့် ချေးငွေ အရင်း၊ အတိုး ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ပါက ချေးငွေသဘောတူစာချုပ်ပါအတိုင်း ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ တရားမကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုထားသည့်ကာလအတွင်း အပြီးသတ် အပြေအကျေပေးဆပ်ရန် အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး**
**သက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ**

◆ *ကျော်ဖုံးမှ*

အဆိုပါ မိုင်းခွဲဖျက်ဆီးခံရမှုကြောင့် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မှ ပုံမှန်ထွက်ခွာလာသော အမှတ်(၁၁) အဆန်လူစီးရထားသည် နံနက် ၉ နာရီ မိနစ် ၄၀ တွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ညောင်လေးပင်ဘူတာ၌ ခေတ္တရပ်နားခဲ့ရပြီး မြန်မာ့မီးရထားက ခရီးသည် ၂၀၈ ဦးအား မော်တော်ယာဉ်ခုနစ်စီးဖြင့် တောင်ငူဘူတာသို့ ပို့ဆောင်ပေးခဲ့သည်။ ထို့အပြင် မန္တလေးမှ ထွက်ခွာလာသည့် အမှတ် (၁၂) အစုန်ရထားသည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် တောင်ငူဘူတာသို့ ရောက်ရှိခဲ့ရာ ညောင်လေးပင်မှ မော်တော်ယာဉ်ဖြင့် လိုက်ပါလာသည့် ခရီးသည်များအား တင်ဆောင်၍ မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် မန္တလေးဘက်သို့ ပြန်လည်ထွက်ခွာပို့ဆောင်ပေးခဲ့သည်။ တောင်ငူဘူတာသို့ရောက်ရှိနေသည့် အမှတ်(၁၂) အစုန်ရထားနှင့် အမှတ်(၂)အစုန်ရထားတို့ဖြင့် လိုက်ပါလာသည့် ခရီးသည် ၂၅၂ ဦးအား ညနေ ၄ နာရီတွင် မော်တော်ယာဉ် ရှစ်စီးဖြင့် ညောင်လေးပင်ဘူတာသို့ ပို့ဆောင်ပေးပြီး အဆိုပါဘူတာမှ ရန်ကုန်သို့ အမှတ်(၁၂)အစုန်ရထားဖြင့် ည ၈ နာရီတွင် ဆက်လက်ပို့ဆောင်ပေးခဲ့သည်။ ခရီးသည်များအား မော်တော်ယာဉ်များဖြင့် ရထားပေါ်သို့ ကူးပြောင်းပို့ဆောင်ခြင်း ပြုလုပ်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ခရီးသည်များအတွက် သောက်ရေသန့်နှင့် စားသောက်ဖွယ်ရာများဝေငှပေးခြင်းများကို မြန်မာ့မီးရထားဝန်ထမ်းများက ကူညီဆောင်ရွက်ပေးခဲ့ကြသည်။



မိုင်းပေါက်ကွဲမှု ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးခြင်း၊ မြန်မာ့မီးရထားဝန်ထမ်းများကလည်း လမ်းချော်ကျသော စက်ခေါင်းနှင့် တွဲများအား မတင်၍ လမ်းပိုင်းအား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ရထားလမ်း ပြန်လည်မွမ်းမံပြုပြင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်း ကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ/ဖျက်ဆီးခြင်း အကြိမ် ၁၃၀၊ ရထားတံတားများအား မိုင်းခွဲဖျက်ဆီးခြင်း ၄၆ ကြိမ်၊ ဘူတာအဆောက်အဦနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၁၂ ကြိမ် ကျူးလွန်ခဲ့ကြပြီးဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းအခြေခံ အဆောက်အဦများ ပိုမိုကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ်ကို အဆင့်မြှင့်တင်နေသည့် စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ စီမံဆောင်ရွက် ပေးလျက်ရှိသော်လည်း အကြမ်းဖက် သောင်းကျန်းသူများကမူ နိုင်ငံတော်ပိုင်ရထားစက်ခေါင်း၊ တွဲများနှင့် ခရီးသည်များ၊ ကုန်စည်များ ထိခိုက်ပျက်စီးစေရေး၊ ပြည်သူများ အသက်အန္တရာယ်ထိခိုက်ပြီး စိတ်မချမ်းမြေ့စေရေးရထားဖြင့် ခရီးသွားလာမှုမပြုရဲအောင် ခြိမ်းခြောက်ခြင်းတို့အပြင် ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများ အချိန်ပိုမိုကြန့်ကြာစေရေးတို့အတွက် ယုတ်မာပက်စက်သော ရည်ရွယ်ချက်များဖြင့် အကြိမ်ကြိမ် ကျူးလွန်နေကြသောကြောင့် အဆိုပါ အကြမ်းဖက် သောင်းကျန်းသူများ၏ ယုတ်မာပက်စက်မှုများအပေါ် ဒေသခံပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက် ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဂျော်ဒန်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးသေဆုံးမှုနှင့်ပတ်သက်၍ တုံ့ပြန်ရန်ဆုံးဖြတ်ပြီးဟု ဘိုင်ဒင်ပြော

ဝါရှင်တန် ဇန်နဝါရီ ၃၁

**ဂျော်ဒန်နိုင်ငံတွင် ဒရုန်းဖြင့် တိုက်ခိုက်ခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ရခြင်းနှင့်ပတ်သက်၍ မည်သို့တုံ့ပြန်သွားရမည်ကို ဆုံးဖြတ်ချက်ချပြီးဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောသည်။**



ဂျော်ဒန်နိုင်ငံ အရှေ့မြောက်ပိုင်း ဆီးရီးယားနယ်စပ်အနီးရှိ အမေရိကန် ကင်းစခန်းတစ်ခုကို ဇန်နဝါရီ ၂၈ ရက်က ဒရုန်းဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ အီရန်ကျောထောက်နောက်ခံပြုထားသည့် စစ်သွေးကြွများက အဆိုပါတိုက်ခိုက်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်က ပြောသည်။

ယင်းသို့ တိုက်ခိုက်ခံရမှုကို မည်သို့တုံ့ပြန်မည်နည်းဟု အိမ်ဖြူတော်တွင် သတင်းထောက်များက မေးမြန်းရာ တုံ့ပြန်သွားရန် ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း ဂျိုးဘိုင်ဒင်က ပြောသည်။ သို့သော်လည်း အသေးစိတ်အချက်အလက်များကို ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိချေ။

ယင်းသို့တိုက်ခိုက်မှု ကျူးလွန်ခဲ့သူများကို လက်နက်ထောက်ပံ့ပေးသူတွင် တာဝန်ရှိသည်ဟု ဘိုင်ဒင်က ပြောသည်။ အရှေ့အလယ်ပိုင်းတွင် ပို၍ကျယ်ပြန့်သောစစ်ပွဲကို မလိုလားကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်နိုင်ငံအလယ်ပိုင်းရှိ ဓာတ်အားပေးစက်ရုံတွင် မီးလောင်မှုဖြစ်ပွား

**တိုကျို ဇန်နဝါရီ ၃၁**

ဂျပန်နိုင်ငံအလယ်ပိုင်း အိုက်ချီခရိုင်ရှိ အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတွင် ဇန်နဝါရီ ၃၁ ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ မီးတောက်များနှင့် မီးခိုးလုံးကြီးများ မြင်တွေ့ရသည်ဟု ပြည်တွင်း မီဒီယာများတွင် ဖော်ပြကြသည်။ ဒေသစံတော်ချိန် ညနေ ၃ နာရီဝန်းကျင် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

JERA တာကီတိုယို ဓာတ်အားပေးစက်ရုံတွင် ဖြစ်ပွားခဲ့သည့် ပေါက်ကွဲမှုကြောင့် ယခုအချိန်အထိ ဒဏ်ရာရရှိသူ မရှိသေးကြောင်း မီးသတ်ဌာနနှင့် အာဏာပိုင်များက အတည်ပြုပြောကြားခဲ့သည်။ အဆောက်အဦ၏ ၁၃ ထပ်မြောက်အထပ်ရှိ ဘွိုင်လာစက်ရုံတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ယူဆရကြောင်း ခရိုင်ရဲတပ်ဖွဲ့နှင့် မီးသတ်အရာရှိများ၏ ပြောကြားချက်ကို ကိုးကားကာ ကျိုဒိုသတင်းအေဂျင်စီတွင် ဖော်ပြထားသည်။



မီးငြိမ်းသတ်ရေး လုပ်ငန်းစဉ်များကို ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်။ အဆိုပါပေါက်ကွဲမှုနှင့် မီတာ ၃၀၀ အကွာရှိ လူများ ရဲတပ်ဖွဲ့နှင့် မီးသတ်အရာရှိများက ကျယ်လောင်သည့် ပေါက်ကွဲသံကြီးကို ကြားလိုက်ရကြောင်း၊ ထို့နောက် စက္ကန့်အနည်းငယ်ကြာ ငလျင်ကဲ့သို့ တုန်ခါမှုရှိကြောင်း ဒေသခံရုပ်သံလွှင့်ဌာနသို့ ပြောသည်။

အဆိုပါ ဓာတ်အားပေးစက်ရုံမှာ နိုင်ငံအတွင်းရှိ အကြီးဆုံး အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံထဲမှ တစ်ရုံဖြစ်ပြီး လောင်စာအရင်းအမြစ်များ ဖြစ်သည့် ကျောက်မီးသွေးနှင့် ဇီဝလောင်စာကို အသုံးပြုကာ ကီလိုဝပ် ၁၀၇၀၀၀၀ အထိ ထွက်ရှိကြောင်း သိရသည်။ ပေါက်ကွဲမှုဖြစ်ပွားရသည့်အကြောင်းကို သိရှိရန် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိသည်။ **ဆင်ဟွာ**

# နောက်ထပ်အမေရိကန် အက်ဖ် - ၁၆ တိုက်လေယာဉ်တစ်စင်း ပင်လယ်ဝါထဲသို့ ပျက်ကျ

## ပြီးခဲ့သည့်မေလကလည်း အမေရိကန် အက်ဖ် – ၁၆ တိုက်လေယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားခဲ့

**ဆိုးလ် ဇန်နဝါရီ ၃၁**

အမေရိကန် အက်ဖ် – ၁၆ တိုက်လေယာဉ်တစ်စင်းသည် ကိုရီးယားကျွန်းဆွယ် အနောက်ဘက် ပင်လယ်ဝါထဲသို့ ပျက်ကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ပျံသန်းမှုပြုလုပ်နေစဉ် အရေးပေါ်အခြေအနေနှင့် ကြုံတွေ့ခဲ့ပြီးနောက် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားရှိ အမေရိကန်တပ်ဖွဲ့များက ပြောသည်။ အဆိုပါတိုက်လေယာဉ်မှာ တောင်ကိုရီးယားနိုင်ငံ အလယ်ပိုင်းရှိ ခွန်းဆန်းလေတပ်အခြေစိုက်စခန်းမှ ပိုင်ဆိုင်သည့် တိုက်လေယာဉ်ဖြစ်ကြောင်း အမေရိကန်တပ်ဖွဲ့များက ဆက်ပြောသည်။

ထို့အပြင် ဘေးအန္တရာယ်ကင်းစွာ ခုန်ထွက်နိုင်ခဲ့သည့် လေယာဉ်မှူးကို ကယ်တင်နိုင်ခဲ့ကြောင်း၊ အမေရိကန်စစ်ဘက်က မတော်တဆ ဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။ ပြီးခဲ့သည့်နှစ် မေလကလည်း အမေရိကန် အက်ဖ် – ၁၆ တိုက်လေယာဉ်တစ်စင်း ဆိုးလ်မြို့၏တောင်ဘက် ပြုန်းတက်မြို့ရှိ လယ်ယာမြေသို့ ပျက်ကျမှုဖြစ်ပွားခဲ့သည်။

ယင်းပျက်ကျမှု ဖြစ်ပွားပြီးနောက် ခုနစ်လခန့်အကြာတွင် နောက်ထပ် အမေရိကန် အက်ဖ် – ၁၆ တိုက်လေယာဉ် ပင်လယ်ဝါထဲသို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



တောင်ကိုရီးယားနိုင်ငံ ခွန်းဆန်းလေတပ်အခြေစိုက်စခန်းမှ အက်ဖ်–၁၆ တိုက်လေယာဉ်တစ်စင်း ပျံတက်မှုကို ဇန်နဝါရီ ၁၉ ရက်က တွေ့ရစဉ်။

# ဂါဇာဒေသအပစ်အခတ်ရပ်စဲရေးအတွက် ဟားမားစ်ကိုယ်စားလှယ်အဖွဲ့ အီဂျစ်သို့သွားမည်

**ဂါဇာ ဇန်နဝါရီ ၃၁**

ဂါဇာကမ်းမြောင်ဒေသတွင် အပစ်အခတ်ရပ်စဲရေးအတွက် မူဘောင်များဆွေးနွေးရန် ဟားမားစ် ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၃၁ ရက်တွင် အီဂျစ်သို့သွားရောက်မည်ဖြစ်သည်ဟု ပါလက်စတိုင်းသတင်းအရင်းမြစ်အရ သိရသည်။

အဆိုပါကိုယ်စားလှယ်အဖွဲ့သည် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် အီဂျစ်နိုင်ငံ၏ အထွေထွေထောက်လှမ်းရေးဌာန အကြီးအကဲ အဘတ်စ်ကာမေးလ်နှင့် တွေ့ဆုံမည်ဟု သိရသည်။ ဂါဇာဒေသအပစ်အခတ်ရပ်စဲရေးအတွက် မူဘောင်များချမှတ်ပေးသည့် ပါရီဆွေးနွေးပွဲရလဒ်များကို အဆိုပါဆွေးနွေးပွဲတွင် ဆွေးနွေးသွားမည်ဟု သိရသည်။ ပြီးခဲ့သည့် တနင်္ဂနွေနေ့က ပြင်သစ်နိုင်ငံ မြို့တော်ပါရီတွင်ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲတွင် အမေရိကန်၊ အစ္စရေး၊ ကာတာနှင့် အီဂျစ်နိုင်ငံတို့မှ အစိုးရအရာရှိကြီးများနှင့် ထောက်လှမ်းရေးအကြီးအကဲများ တက်ရောက်ကြသည်။

အပြည်ပြည်ဆိုင်ရာက အပစ်အခတ်ရပ်စဲရေးအတွက် ကြိုးပမ်းနေကြသော်လည်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ဂါဇာဒေသရှိ ၎င်းတို့တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းခြင်းနှင့် ပါလက်စတိုင်းအကျဉ်းသားများကို ပြန်လွှတ်ပေးခြင်းတို့ ပြုလုပ်မည်မဟုတ်ဟု ဇန်နဝါရီ ၃၀ ရက်က ပြောကြားသည်။ **ဆင်ဟွာ**



မျက်စိအခမဲ့စမ်းသပ်စစ်ဆေးမှု ပြုလုပ်စဉ်။

# တန်ဇန်းနီးယားနိုင်ငံ ဇန်ဇီဘာဒေသတွင် လူပေါင်း ၄၀၀၀ ကျော် မျက်စိနီရောဂါကူးစက်မှုဖြစ်

**ဇန်ဇီဘာ ဇန်နဝါရီ ၃၁**

လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်က တန်ဇန်းနီးယားနိုင်ငံ ဇန်ဇီဘာဒေသတွင် လူပေါင်း ၄၅၇၉ ဦး မျက်စိနီ ရောဂါကူးစက်ခံရမှုဖြစ်ပွားကြောင်း အရာရှိတစ်ဦးက ဇန်နဝါရီ ၃၀ ရက်တွင် ပြောသည်။

သွေးကြောများ ရောင်ရမ်းခြင်း သို့မဟုတ် ကျယ်လာခြင်းများကြောင့် မျက်စိနီခြင်းရောဂါကို ဖြစ်ပေါ်စေပြီး တန်ဇန်းနီးယားပြည်မကြီး ခရီးသွားများကြောင့် ဇန်ဇီဘာတွင် ကူးစက်ပျံ့နှံ့ခြင်းဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ဇန်ဇီဘာကျန်းမာရေး ဒုတိယဝန်ကြီး ဟာဆန် ခါမစ် ဟာဖစ်ဒ်က ပြောသည်။

ထို့အပြင် တိုင်းရင်းဆေးဝါးများဖြင့် ကိုယ့်ကိုယ်ကိုယ်ကုသခြင်း မပြုလုပ်ကြရန် ၎င်းက ရောဂါခံစားနေရသူများကို တိုက်တွန်းထားသည်။ ကနဦးစုံစမ်းစစ်ဆေးမှုများတွင် နိုင်ငံအတွင်း လူပေါင်းများစွာ ရောဂါကူးစက်ခံထားရကြောင်း တွေ့ရသည့်အတွက် တန်ဇန်းနီးယားကျန်းမာရေးအာဏာပိုင်များက ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်ပြီး သတိပေးချက်တစ်ခုကို ဇန်နဝါရီ ၁၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။

**ဆင်ဟွာ**

## မြဝတီကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီလအတွင်း ကန်ဒေါ်လာ ၄၅ သန်းကျော် ကုန်သွယ်မှုဆောင်ရွက်နိုင်



မြဝတီကုန်သွယ်ရေးဇုန်အနေဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၈ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄၅၂ သန်းနှင့် သွင်းကုန် အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၇၆၈ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၄၅ ဒသမ ၂၂၀ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၈ ရက်တွင် အဓိက တင်ပို့ခဲ့သော ပို့ကုန်ပစ္စည်းများမှာ လယ်ယာထွက် ကုန်ပစ္စည်းများဖြစ်သည့် မြေပဲဆန်၊ ကြက်သွန်နီ၊ ငရုတ်ခြောက်နှင့် ငရုတ်အစိုတို့ဖြစ်ပြီး မြေပဲဆန် ၃၁ ဒသမ ၅ တန်၊ ကြက်သွန်နီ ၄၈၁ ဒသမ ၅၅၅ တန်၊ ငရုတ်သီးစိမ်းအစို ၇၉ ဒသမ ၇ တန်နှင့် ငရုတ်ခြောက် ၇၁ ဒသမ ၇၈ တန်တို့ဖြစ်သည်။

အများဆုံး တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ပလတ်စတစ်ကုန်ကြမ်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ ကားအပိုပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ ဆပ်ပြာများ၊ စားသောက်ကုန်ပစ္စည်း၊ စက်အပိုပစ္စည်းများနှင့် ဆိုင်ကယ်အပိုပစ္စည်းတို့ဖြစ်သည်။

ပုပ်သိုး ပျက်စီးလွယ်သည့် ရေထွက်ကုန်ပစ္စည်းများ၊ ကုန်စိမ်း ပို့ကုန်များဖြစ်သည့် ကြက်သွန်နီနှင့်ငရုတ်တို့ကို လွယ်ကူလျင်မြန်စွာ တင်ပို့နိုင်ရေးအတွက် ကုန်ပစ္စည်းစစ်ဆေးမှုများတွင် ဦးစားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

DOT (မြဝတီ)

## ထောပတ်သီးစိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးနှုန်းဈေးကွက်

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ နှစ်ရှည်သီးနှံဖြစ်သော ထောပတ်သီးနှံကို ကျေးရွာအုပ်စု ၁၃ စု၊ တောင်သူဦးရေ ၁၈၅ ဦးမှ စိုက်ကေပေါင်း ၆၅၅ ဒသမ ၉၄ ဧက စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြောင်း၊ မျိုးအနေဖြင့် ဒေသမျိုးများဖြစ်သော မြောက်ကျွန်းသူ ၁၊ အစေ့မဲ့မျိုးများ၊ အမရာမျိုးနှင့် အခြားမျိုးများစွာ စိုက်ပျိုးထားရှိပြီး နိုင်ငံခြားမျိုးများဖြစ်သော ပီတာဆန်(Petrsan)၊ Russei 034/024၊ ဘာကေးနီးယား (Buccaneer)၊ ဘွတ်-7 (Boolt-7)၊ ပင်ကာတန် (Pinkertal)၊ ဟက်စ် (Hass)စသည့်မျိုးများကို ပြည်ပတင်ပို့နိုင်ရန်အတွက် တိုးချဲ့စိုက်ပျိုးလာကြသည်။

စိုက်ပျိုးမှုအနေဖြင့် တစ်ကေလျှင် ထောပတ်အစေ့ စိုက်ပျိုးပင်နှင့် ကိုင်းကူးပျိုးပင်များကို အပင်ရေ ၈၀ စိုက်ပျိုးနိုင်ပြီး စိုက်ပျိုးသည့်စနစ်မှာ ပင်ကြား၊ တန်းကြား ၂၅'x၂၅' ပတ်လည်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ အစေ့စိုက်ပျိုးပင်မှာ စိုက်ပျိုးပြီး ငါးနှစ်အကြာတွင်လည်းကောင်း၊ ကိုင်းကူးပျိုးပင်မှာ စိုက်ပျိုးပြီး သုံးနှစ်အကြာတွင်လည်းကောင်း အသီးစတင်သီးပြီး နိုဝင်ဘာလမှ ဖေဖော်ဝါရီလအတွင်း ထွက်ပေါ်လေ့ရှိကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ကေလျှင် ထောပတ်သီးအလုံးရေ ၅၃၆၀ ခန့် ရရှိကြောင်း၊ တစ်ကေကုန်ကျစရိတ်အနေဖြင့် ငွေကျပ်သိန်း ၄၀ ခန့်ကုန်ကျကြောင်း၊ ဈေးနှုန်းအနေဖြင့် ဒေသသီးတစ်လုံးလျှင် ငွေကျပ် ၂၅၀-၆၀၀၊ နိုင်ငံခြားမျိုးဟက်စ်(Hass) 1 Kg လျှင် ငွေကျပ် ၅၀၀၀-၉၀၀၀ ဖြင့် ပြည်တွင်းဈေးကွက်တွင် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်းအပြင် မန္တလေး၊ ရန်ကုန်၊ နေပြည်တော်နှင့် နယ်မြို့များသို့ တင်ပို့လျက်ပြီး ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန် ကြိုးစားလျက်ရှိကြောင်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းထံမှ သိရှိရသည်။

DOCA (မန္တလေး)

## အထက်မင်းလှမြို့နယ်၌ ဆောင်းသီးနှံပဲကြီးအောင်မြင်ဖြစ်ထွန်း

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အထက်မင်းလှမြို့နယ် ဘွဲ့ကျေးရွာအုပ်စုရှိ ညှင်းသွန်း၊ ကွန်းသွန်း၊ ဘွဲ့၊ မင်းဂံ၊ ဇီးတော စသည့် ကျေးရွာများသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပြီး ဇီးတောကျေးရွာ၌ ဆောင်းသီးနှံဖြစ်သည့် ပဲကြီးသီးနှံများ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ပဲကြီးကို ကြဲပက်စနစ်ဖြင့် စိုက်ပျိုးပြီး တစ်ကေလျှင် ပဲကြီးမျိုးသုံးပြည်ခန့် ကုန်ကျကြောင်း၊ ပဲကြီးသီးနှံကို သီတင်းကျွတ်လတွင် စတင်စိုက်ပျိုးပြီး တပို့တွဲလတွင်ခူးဆွတ်ရကြောင်း၊ ပဲကြီးသီးနှံမှာ ပိုးကြိုက်သောသီးနှံဖြစ်၍ စိုက်ပျိုးစဉ်တစ်လျှောက် ပိုးသတ်ဆေး၊ အားဆေးများ ပက်ဖျန်းပေးရပြီး ကုန်ကျစရိတ်အနေဖြင့် မြေပြုပြင်ခ၊ သွင်းအားစု၊ လုပ်အားခအပါအဝင် စုစုပေါင်းကုန်ကျစရိတ် ငွေကျပ် ၂၀၀၀၀၀ ခန့်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ပဲကြီးသီးနှံစိုက်ခင်းများမှာ အသီးအပွင့်များဝေဆာ၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ပိုးမွှားအန္တရာယ်ကျရောက်မှု၊ ရာသီဥတုဖောက်ပြန်မှုမရှိပါက အထွက်နှုန်းကောင်းမွန်နိုင်ကြောင်း၊ ပဲကြီးသီးနှံစိုက်ပျိုးတောင်သူများအနေဖြင့် အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရရှိနိုင်ရေး မျှော်လင့်လျက်ရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (မကွေး)

## ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကော့သောင်းကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသောပစ္စည်းများမှာ ငါးမျိုးစုံ၊ ပုစွန်၊ ရေဘဝဲ၊ ကဏန်း၊ ကင်းမွန် (စို/ ခြောက်)၊ ငါးပါကင်နှင့် ဆီအုန်းတို့ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်မှ ၂၉ ရက်အထိ တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ သဲကဏန်း တန်ချိန် ၁ ဒသမ ၆၈၀၊ ပလာတူး တန်ချိန် ၉ ဒသမ ၆၈၀၊ ငါးလိပ်ကျောက် တန်ချိန် ၀ ဒသမ ၆၆၀၊ ကင်းမွန်လိပ် တန်ချိန် ၁၀ ဒသမ ၀၄ တန်၊ ရေဘဝဲတန်ချိန် ၆ ဒသမ ၁၆၅ တန်၊ ပလာလန်း တန်ချိန် ၈ ဒသမ ၃၀၀၊ ငါးခွေးလျှာ တန်ချိန် ၃ ဒသမ ၄၄၀၊ လူးစီငါး တန်ချိန် ၁ ဒသမ ၇၆ တန်၊ ငါးဇင်းပြား တန်ချိန် ၄ ဒသမ ၄၅ တန်နှင့် ကင်းမွန်ရှည် တန်ချိန် ၁၀ ဒသမ ၃၅၈ တန်တို့ဖြစ်သည်။

DOT (ကော့သောင်း)

## ၃၁-၁-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှော်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၀၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၆၁၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၂၇၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၆၀၀ | | ၇၃၀၀ | ၁၇၀၀၀ | ၆၄၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၀၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၂၀၀ | ၁၇၀၀၀ | ၄၃၀၀ | ၁၆၅၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၂၀၀ | ၉၅၀၀ | ၇၅၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၈၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၃၀၀ | ၃၁၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၅၈၅၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၈၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၅၀၀ | | ၅၄၀၀ | ၁၅၀၀၀ | ၅၉၀၀ | ၁၃၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၃၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၅၆၉၅ | ၁၆၀၀၀ | ၃၅၀၀ | ၂၀၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၉၀၀ | | ၆၇၅၀ | ၁၇၀၀၀ | ၆၀၀၀ | ၁၃၅၀၀ | ၂၇၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၆၀၀ | | ၅၄၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၃၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၈၃၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၃၀၀ | ၇၂၀၀ | ၃၂၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၄၀၀ | | ၅၂၀၀ | ၁၆၀၀၀ | ၅၅၇၅ | ၁၈၀၀၀ | ၃၅၀၀ | ၂၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၆၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၄၀၀ | | ၅၂၅၀ | ၁၆၀၀၀ | ၅၈၁၀ | ၁၄၀၀၀ | ၂၅၀၀ | ၂၁၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၈၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၆၅၀၀ | | ၈၀၀၀ | ၁၉၅၀၀ | – | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၄၂၀၀ | ၄၀၀၀ | ၅၈၀၀ | ၁၂၅၀၀ | ၆၁၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၇၀၀ | ၇၀၀၀ | ၇၂၀၀ | ၃၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၉၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၁၀၀၀၀ |
| ၁၅ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၆၁၀၀ | ၁၄၀၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၈၀၀ | ၈၅၀၀ | ၆၈၀၀ | ၅၅၀၀ | ၃၃၀၀ | ၄၄၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | | ၅၈၀၀ | ၁၃၀၀၀ | ၅၈၀၀ | ၁၇၀၀၀ | ၂၃၀၀ | ၁၆၅၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၄၅၀၀ | ၆၅၀ | ၇၅၀၀ | ၈၅၀၀ | ၂၈၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၇ | မကွေး | ၃၁၅၀ | | ၆၂၅၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၃၀၀၀ | ၂၄၀၀ | ၁၅၀၀၀ | ၁၂၅၀၀ | ၈၅၀၀ | ၅၀၀၀ | ၇၀၀ | ၆၂၀၀ | ၆၂၀၀ | ၃၂၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၅၀၀ |
| ၁၈ | ပြည် | ၃၃၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၆၅၀ | ၁၈၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၈၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၃၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၂၆၀၀ | ၁၉၀၀၀ | ၁၁၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀ | ၇၅၀၀ | ၆၈၀၀ | ၃၇၀၀ | ၂၈၀၀ | ၄၃၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၄၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၄၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၄၅၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၆၀၀၀ | ၃၂၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၂၀၀ | ၃၆၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၄၅၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၆၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၄၃၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

## မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ပုဒ်များ ဖိတ်ခေါ်ခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ကြီးမှူးကျင်းပမည့် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ခါတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ဖိတ်ခေါ်ပြိုင်ပွဲများတွင် ခေါင်းစဉ်အဖြစ် အသုံးပြုရန်အတွက် မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ပုဒ် ၅ ခု ရွေးချယ်မည်ဖြစ်ပါ၍ အောက်ပါ သတ်မှတ်ချက်များအတိုင်း ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ပါသည်–

(က) တစ်ဦးလျှင် ဆောင်ပုဒ် ၂ ခု ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။
(ခ) ဆောင်ပုဒ် ၁ ခု ချင်းစီအား မြန်မာ – အင်္ဂလိပ် နှစ်ဘာသာဖြင့် ယှဉ်ပြိုင်ရမည်။
(ဂ) မြန်မာဘာသာအတွက် Font size – 13, Pyidaungsu Font ဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာအတွက် Font size– 13, Pyidaungsu Font ဖြင့်လည်းကောင်း ယှဉ်ပြိုင်ရမည် ဖြစ်သည်။
(ဃ) ပြိုင်ပွဲဝင် ဆောင်ပုဒ်များအား ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့ နောက်ဆုံးထား ပေးပို့ယှဉ်ပြိုင်ရမည်။
(င) ဆောင်ပုဒ်များကို Fax ၀၆၇၃ – ၄၀၁၇၄၈ နှင့် Email – ccdac.mm@gmail.com သို့ ပေးပို့ရမည်။
(စ) ဆောင်ပုဒ်ယှဉ်ပြိုင်သူများ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ ပြည့်စုံစွာပါရှိရမည်။

မှတ်ချက်။ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ပြည်သူအားလုံးမှ တက်ကြွစွာ ပူးပေါင်းပါဝင် ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

## ပုဏ္ဏားကျွန်းမြို့နယ် ဆားကုန်ဘုတ်ရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးတင်ရှို့နေပြီး စားနပ်ရိက္ခာများ လုယူနေကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်တွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၃၁**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် တောင်ဘက်အစွန်းဆုံးရှိ ဆားကုန်ဘုတ်ကျေးရွာအား လုံခြုံရေး တပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် ကျေးရွာအတွင်း ဝင်ရောက်ကာ နေအိမ်များ မီးရှို့နေပြီး ကျေးရွာရှိ စားနပ်ရိက္ခာများကို ယူဆောင်နေကြကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန်ရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ နယ်မြေ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းက ဆားကုန်ဘုတ်ကျေးရွာအတွင်းမှ AA သောင်းကျန်းသူများက လူနေအိမ်များကို အကာအကွယ်ယူ ချောင်းမြောင်း တိုက်ခိုက်ခဲ့ပြီး နေအိမ်များကို မီးရှို့ထွက်ပြေးသွားခဲ့ခြင်းကြောင့် ဆားကုန်ဘုတ်ကျေးရွာအတွင်း မီးလောင်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။

အကြမ်းဖက် သောင်းကျန်းသူများသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်နှင့် လူမှုစီးပွားဘဝကို ပျက်စီးစေရန် လုပ်ဆောင်လျက်ရှိရာ ယခုဖြစ်စဉ်တွင်လည်း ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် တပ်မတော်အပေါ် ဒေသခံပြည်သူများမှ အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများမှတစ်ဆင့် လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတု၊ သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။



သတင်းစဉ်

## ပလက်ဝမြို့ရှိ ဟုမ်းကျေးရွာကို တပ်မတော်က ဒုတိယအကြိမ် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အရပ်သား ခုနစ်ဦး သေဆုံးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၃၁**

ချင်းပြည်နယ် ပလက်ဝမြို့နယ် ဟုမ်းကျေးရွာတွင် ဇန်နဝါရီ ၂၉ ရက်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ တပ်မတော်က လေကြောင်းမှ ဗုံးကြဲ တိုက်ခိုက်ခြင်းကြောင့် အရပ်သားပြည်သူ ခုနစ်ဦး သေဆုံးခဲ့ပြီး လူနေအိမ်အများအပြား ထိခိုက် ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်တွင် မဟုတ်မမှန် ရေးသား ဖြန့်ဝေနေသည်ကို ဝမ်းနည်းဖွယ်တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မြေပြင်သတင်းပေးပို့ချက်များနှင့် ပလက်ဝမြို့နယ်မှ လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်များအရ ၎င်းရက်နေ့တွင် ပလက်ဝမြို့နယ်အတွင်း လေကြောင်းဗုံးကြဲမှု မရှိပါကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့်



ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များကို ကာကွယ် စောင့်ရှောက်လျက်ရှိပြီး ပြည်ဖျက်မီဒီယာများမှ တပ်မတော်အား မဟုတ်မမှန် သတင်းများဖြင့် ဂုဏ်သိက္ခာ ကျဆင်းလာစေရန်၊ တပ်မတော်နှင့် ဒေသခံပြည်သူများအကြား အထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၃၁** – ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့ (ရှမ်းပြည်နယ်တောင်ပိုင်း) နှင့် ဟဲဟိုးမြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ၊ မိုင်းယန်းမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်နှင့် ကျောက်မဲမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

မိုး/ဇလ

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၃၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄ – က နှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Naw Naw” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကယားပြည်နယ် လွိုင်ကော်မြို့ ခေါဥခူရပ်ကွက်နေ မေဘယ်စန္ဒာလင်း (ခ) နော်ဖြားနား အား ညနေ ၅ နာရီ မိနစ် ၅၀ တွင် နန်းပန်နယ်မြေ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁–၂–၂၀၂၄ ကျပ်/လီတာ

| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၇၉ | ၂၆၆၄ |
| 95 Ron | ၂၇၁၈ | ၂၈၀၅ |
| HSD (500 ppm) | ၂၃၃၄ | ၂၄၁၀ |
| HSD (50 ppm) | ၂၃၉၈ | ၂၄၇၅ |
| HSD (10 ppm) | ၂၄၁၃ | ၂၄၉၁ |

မှတ်ချက်။
(၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇
၀၆၇– ၄၁၁၂၈၂၊ ၀၉–၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကမ္ဘာ့ရေဝပ်ဒေသများနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# လူသားတို့ ကျန်းမာပျော်ရွှင်ဖို့ ရေဝပ်ဒေသများထိန်းသိမ်းစို့

သစ်တောမောင်

**ကမ္ဘာ့ရေဝပ်ဒေသများနေ့**

**"ရေဝပ်ဒေသများ ကွန်ဗင်းရှင်း (Convention on Wetlands)"** ကို ၁၉၇၁ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် အီရန်နိုင်ငံ ရမ်ဆာမြို့ (Ramsar) ၌ ဖွဲ့စည်းခဲ့သဖြင့် နှစ်စဉ် ဖေဖော်ဝါရီလ ၂ ရက်နေ့သည် အစိုးရအချင်းချင်း သဘောတူစာချုပ်ဖြစ်သည့် Wetlands Convention (Ramsar Convention) ၏ နှစ်ပတ်လည်နေ့ဖြစ်သကဲ့သို့ ကမ္ဘာ့ရေဝပ်ဒေသများနေ့ (World Wetlands Day) လည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ရမ်ဆာရေဝပ်ဒေသ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် စတင်ပါဝင်ခဲ့ပါသည်။ ယနေ့အချိန်အထိ ရေဝပ်ဒေသများကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံပေါင်း ၁၇၂ နိုင်ငံ ရှိပြီး နိုင်ငံတကာအဆင့် အရေးပါသော ရေဝပ်ဒေသပေါင်း ၂၅၀၃ ခု စုစုပေါင်းဧရိယာ ၂၅၇၁၈၃၆၄၃ ဟက်တာကို သတ်မှတ်ထိန်းသိမ်းထားလျက်ရှိပါသည်။ **"ရမ်ဆာ (Ramsar) ရေဝပ်ဒေသများ"** ဟုလည်း ခေါ်ဆိုပါသည်။

ရေဝပ်ဒေသများဆိုသည်မှာ ဒီရေကျချိန်တွင် ရေအနက် ခြောက်မီတာထက် ပိုမနက်သည့် အဏ္ဏဝါရေပြင်များ အပါအဝင် ရေသေ သို့မဟုတ် စီးဆင်းနေသော ရေချို၊ ရေငန်၊ ဆားငန်ရေများရှိသော ယာယီ သို့မဟုတ် အမြဲတမ်းရှိနေသော သဘာဝ သို့မဟုတ် လူတို့ပြုလုပ်ဖန်တီးထားသော ရွှံ့နွံမြေ၊ သစ်ဆွေးမြေ၊ စိမ့်မြေနှင့် ရေပြင်ဧရိယာများကို ခေါ်ဆိုပါသည်။ ရေဝပ်ဒေသများကို ပင်လယ်ကမ်းခြေ ရေဝပ်ဒေသများ၊ လူတို့ပြုလုပ်ဖန်တီးထားသော ရေဝပ်ဒေသများနှင့် ကုန်းတွင်းရေချိုရေဝပ်ဒေသများဟူ၍ သုံးပိုင်းခွဲခြားထားပါသည်။ ရေဝပ်ဒေသများတွင် မြစ်၊ ချောင်းများ၊ အင်း၊ အိုင်၊ ကန်နှင့် ရေအောင်းလွှာများ၊ နွံအိုင်များနှင့် ရွှံ့မြေများ၊ စိုစွတ်သည့်မြက်ခင်းလွင်ပြင်များ၊ ပင်လယ်သဲသောင်ကမ်းပါးများ၊ ကမ်းလွန်ကျွန်းစုငယ်များ၊ ပင်လယ်ဝဧရိယာများနှင့် မြစ်ဝကျွန်းပေါ်ဒေသများ၊ ဒီရေရောက်ကမ်းခြေများ၊ ဒီရေတောများ၊ ကမ်းရိုးတန်းဒေသများ၊ သန္တာကျောက်တန်းများ၊ ငါးကန်၊ ပုစွန်ကန်များ၊ စပါးကွင်းများ၊ ဆားကွင်းများ၊ ဆည်ရေလှောင်တမံများ၊ ဆည်ရေသောက်ဧရိယာများ စသည့်နေရာများ ပါဝင်ပါသည်။

ရေဝပ်ဒေသများသည် နိုင်ငံတစ်နိုင်ငံချင်းစီအတွက်သာမက ဒေသတွင်းနှင့် ကမ္ဘာ့ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဂေဟစနစ်တည်ငြိမ်ရေးအတွက်လည်း အထူးအရေးပါလျက်ရှိပါသည်။ ရေဝပ်ဒေသများ၏ လူသားများအပေါ် အကျိုးပြုမှုများကို သိမြင်နိုးကြားလာစေရန်နှင့် ရေဝပ်ဒေသများ ထိန်းသိမ်းကာကွယ်ခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် အကျိုးရှိစွာ အသုံးချခြင်း (Wise Use) လုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှုအားကောင်းလာစေရန် ရည်ရွယ်ပြီး ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်အခမ်းအနားများ၊ အသိပညာပေးရေးလှုပ်ရှားမှုများကို ကမ္ဘာတစ်ဝန်း ကျင်းပဆောင်ရွက်ကြပါသည်။ ယခုနှစ်အတွက် ကမ္ဘာ့ရေဝပ်ဒေသများနေ့ ဦးတည်ချက်ဆောင်ပုဒ်မှာ **"လူသားတို့ကျန်းမာပျော်ရွှင်ဖို့ ရေဝပ်ဒေသများ ထိန်းသိမ်းစို့"** (Wetlands and Human Wellbeing) ဖြစ်ပါသည်။






အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း လာရောက်ကျက်စားနေသော ဆောင်းခိုငှက်များကို တွေ့ရစဉ်။

**ရေဝပ်ဒေသများက ပံ့ပိုးသော အကျိုးကျေးဇူးများ**

ရေဝပ်ဒေသများသည် စားရေရိက္ခာဖူလုံရေး၊ ဒေသခံပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝဘေးအန္တရာယ်များမှ အကာအကွယ်ပေးရေးတို့အတွက် မရှိမဖြစ် လိုအပ်သည့် အရေးပါသော ဂေဟစနစ်ဖြစ်ပါသည်။ ရေဝပ်ဒေသများသည် လူသားများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ပြီး ကျန်းမာပျော်ရွှင်စေရန်နှင့် ရာသီဥတု သာယာမျှတစေရန်အတွက် အောက်ဖော်ပြပါ အဓိကကျသည့် ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုများကို ပံ့ပိုးပေးလျက်ရှိပါသည်-

- ❖ မြေဆီလွှာများအတွင်း ကာဗွန်သိုလှောင်မှုတိုးပွားပြီး ရာသီဥတုပြောင်းလဲမှု လျှော့ချနိုင်ခြင်း၊
- ❖ ရေကြီးခြင်း၊ ရေလျှံခြင်း စသည့် သဘာဝ ဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်း၊
- ❖ ရေပျော်ငှက်များအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊
- ❖ ရေချိုများ ပံ့ပိုးပေးခြင်းနှင့် ရေထုညစ်ညမ်းမှုများကို သန့်စင်ပေးခြင်း၊
- ❖ ငါး၊ ပုစွန်၊ ကဏန်း စသည့်ရေထွက်ပစ္စည်းများ၊ စိုက်ပျိုးရေးထုတ်ကုန်များနှင့် တိရစ္ဆာန်မွေးမြူရေးစသည့် လုပ်ငန်းများအတွက် အထောက်အပံ့ပြုပြီး စားရေရိက္ခာဖူလုံစေရန် ပံ့ပိုးပေးခြင်း၊
- ❖ ခရီးသွားလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် အရေးပါခြင်း၊
- ❖ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေခြင်း စသည့်အကျိုးကျေးဇူးများစွာကို ပံ့ပိုးပေးလျက်ရှိပါသည်။

**မြန်မာနိုင်ငံ၏ ရေဝပ်ဒေသများ**

မြန်မာနိုင်ငံသည် သဘာဝသယံဇာတပေါကြွယ်ဝသကဲ့သို့ ရေဝပ်ဒေသဂေဟစနစ်အပါအဝင် မတူကွဲပြားသော ဂေဟစနစ်အမျိုးမျိုးကိုလည်း ပိုင်ဆိုင်ထားပါသည်။ သစ်တောသယံဇာတများနှင့်အတူ အလွန်အရေးပါသော ရေဝပ်ဒေသများကို ဧရာဝတီနှင့် ချင်းတွင်းမြစ်ဝှမ်းဒေသများတွင် ၈၅ ခု၊ သံလွင်မြစ်ဝှမ်းဒေသတွင် ခြောက်ခု၊ စစ်တောင်းမြစ်ဝှမ်းဒေသတွင် ငါးခုနှင့် ရခိုင်ကမ်းရိုးတန်းဒေသတွင် သုံးခု စုစုပေါင်း ၉၉ ခုကို ဖော်ထုတ်မှတ်တမ်းတင် ထားရှိပြီးဖြစ်ပါသည်။

မြန်မာ့ရေဝပ်ဒေသများကို ကမ္ဘာ့အဆင့် အရေးပါသော ရမ်ဆာရေဝပ်ဒေသ (Ramsar Site)များအဖြစ်လည်း အသိအမှတ်ပြု သတ်မှတ်ခြင်းခံထားခဲ့ရရာ နိုင်ငံတကာ အသိအမှတ်ပြု ရေဝပ်ဒေသ စုစုပေါင်းဧရိယာ ၂၇၈၆၉၇ ဟက်တာ (၆၈၈၃၈၂ ဧက) ကျော်ကို ထိန်းသိမ်း ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၀၄ ခုနှစ်တွင် မိုးယွန်းကြီးအင်း (မိုးယွန်းကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော)၊ ၂၀၁၆ ခုနှစ်တွင် အင်းတော်ကြီး (အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော)၊ ၂၀၁၇ ခုနှစ်တွင် မိန်းမလှကျွန်း (မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော) နှင့် မုတ္တမပင်လယ်ကွေ့ဒေသ၊ ၂၀၁၈ ခုနှစ်တွင် အင်းလေးကန် (အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော) နှင့် ၂၀၂၀ ပြည့်နှစ်တွင် နံ့သာကျွန်းနှင့် မေယုမြစ်ဝဒေသ စသည်ဖြင့် ရမ်ဆာရေဝပ်ဒေသ ခြောက်နေရာကို သတ်မှတ်ခံရပြီးဖြစ်ပါသည်။

ဇီဝဘူမိထူးခြားသည့် ဒေသအတွင်း၌ သဘာဝအတိုင်းတွေ့ရသည့် သို့မဟုတ် သဘာဝနီးပါးရှိနေသည့် ထူးခြားရှားပါးသည့် ရေဝပ်ဒေသဖြစ်ခြင်း၊ ထူးခြားသော ဇီဝဘူမိဒေသ၏ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းရန်အတွက် အပင်နှင့် တိရစ္ဆာန်မျိုးစိတ်များကို ထောက်ပံ့ပေးသည့် ရေဝပ်ဒေသဖြစ်ခြင်း၊ အပင်နှင့် တိရစ္ဆာန်မျိုးစိတ်များ၏ အသက်ရှင်နေထိုင်မှု၌ အကောင်းဆုံးအခြေအနေကို ပေးနိုင်သော၊ ခိုလှုံခွင့်ပေးနိုင်သော ရေဝပ်ဒေသဖြစ်ခြင်း၊ ရေပျော်ငှက်ပေါင်း ၂၀၀၀၀ နှင့်အထက် ပုံမှန်ကျက်စားနိုင်သော ရေဝပ်ဒေသဖြစ်ခြင်းအပါအဝင် စံသတ်မှတ်ချက်ကိုးချက်အနက် အနည်းဆုံးတစ်ချက်နှင့် ကိုက်ညီခြင်းတို့ကြောင့် နိုင်ငံတကာအသိအမှတ်ပြု ရမ်ဆာရေဝပ်ဒေသအဖြစ် သတ်မှတ်ခံရခြင်းဖြစ်ပါသည်။

**ရေဝပ်ဒေသများ၊ ငှက်ပျံသန်းရာလမ်းကြောင်းများနှင့် ဆောင်းခိုငှက်များ**

ရေဝပ်ဒေသများသည် သားငှက်တိရစ္ဆာန်မျိုးစိတ်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ဒေသမျိုးရင်း ငှက်မျိုးစိတ်အမျိုးမျိုး၏ နေရင်းဒေသများဖြစ်ရုံသာမက မိုင်ထောင်ချီကွာဝေးသည့် ကမ္ဘာ့အအေးပိုင်းဒေသများက လာရောက်ကြသည့် ဆောင်းခိုငှက်များအတွက်လည်း မှီခိုရာ၊ တည်းခိုရာ၊ နားနေရာ ဂေဟစနစ်လည်းဖြစ်ပါသည်။ မြန်မာနိုင်ငံသည် နိုင်ငံအဆင့်နှင့် ကမ္ဘာ့အဆင့် ထူးခြားသည့် ရေဝပ်ဒေသများကို ပံ့ပိုးပေးသည့်နေရာအများအပြားကို ပိုင်ဆိုင်ထားပြီး အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်း (East Asian–Australian Flyway) နှင့် ဗဟိုအာရှဒေသ ငှက်ပျံသန်းရာလမ်းကြောင်း (Central Asian Flyway) တွင် ကျရောက်သဖြင့် ဆောင်းခိုငှက်များစွာ လာရောက်နားခိုကြသည်ကိုလည်း တွေ့ရှိရပါသည်။

ဆောင်းခိုငှက်များစွာ ပျံသန်းသောနေရာဒေသများဖြစ်သည့် မုတ္တမပင်လယ်ကွေ့၊ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ နံ့သာကျွန်းနှင့် မေယုမြစ်ဝ၊ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ပလိပ်အင်းနှင့် ပြူကန် အစရှိသည့် ငှက်ပျံသန်းကွန်ရက်နယ်မြေ ရှစ်ခုအား နိုင်ငံတကာ အသိအမှတ်ပြု ငှက်ပျံသန်းရာလမ်းကြောင်းများအဖြစ် သတ်မှတ်နိုင်ခဲ့ပြီးဖြစ်သည်။

*စာမျက်နှာ ၁၇ သို့*

**❝ ဇီဝဘူမိထူးခြားသည့် ဒေသအတွင်း၌ သဘာဝအတိုင်းတွေ့ရသည့် သို့မဟုတ် သဘာဝနီးပါးရှိနေသည့် ထူးခြားရှားပါးသည့် ရေဝပ်ဒေသဖြစ်ခြင်း၊ ထူးခြားသော ဇီဝဘူမိဒေသ၏ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းရန်အတွက် အပင်နှင့် တိရစ္ဆာန်မျိုးစိတ်များကို ထောက်ပံ့ပေးသည့် ရေဝပ်ဒေသဖြစ်ခြင်း၊ အပင်နှင့် တိရစ္ဆာန်မျိုးစိတ်များ၏ အသက်ရှင်နေထိုင်မှု၌ အကောင်းဆုံးအခြေအနေကို ပေးနိုင်သော၊ ခိုလှုံခွင့်ပေးနိုင်သော ရေဝပ်ဒေသဖြစ်ခြင်း၊ ရေပျော်ငှက်ပေါင်း ၂၀၀၀၀ နှင့်အထက် ပုံမှန်ကျက်စားနိုင်သော ရေဝပ်ဒေသဖြစ်ခြင်းအပါအဝင် စံသတ်မှတ်ချက် ကိုးချက်အနက် အနည်းဆုံးတစ်ချက်နှင့် ကိုက်ညီခြင်းတို့ကြောင့် နိုင်ငံတကာအသိအမှတ်ပြု ရမ်ဆာရေဝပ်ဒေသအဖြစ် သတ်မှတ်ခံရခြင်းဖြစ်ပါသည်❞**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ချောင်းဆုံမြို့နယ်ရှိ ဆောင်းသီးနှံစိုက်တောင်သူများကို ရွက်ဖျန်းမြေဩဇာများ ထောက်ပံ့ပေးအပ်




**ချောင်းဆုံ ဇန်နဝါရီ ၃၁**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းရှိ ဆောင်းသီးနှံစိုက်ပျိုးလျက်ရှိသည့် တောင်သူများ ဆောင်းသီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးထားသည့် သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်အတွက် ဇန်နဝါရီ ၃၀ ရက်က မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်ဝန်ကြီးများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများက ကမာကေးကျေးရွာနှင့် ကော့မုပွန်ကျေးရွာများရှိ ဆောင်းသီးနှံစိုက်ပျိုးထားသည့် တောင်သူများထံ ကွင်းဆင်း၍ တွေ့ဆုံပွဲပြုလုပ်သည်။

မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကမာကေးကျေးရွာနှင့် ကော့မုပွန်ကျေးရွာတို့ရှိ ဆောင်းသီးနှံစိုက်တောင်သူများနှင့် တွေ့ဆုံပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးက ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးနှင့် ဆောင်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှုကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဆောင်းသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် တောင်သူများ တင်ပြဆွေးနွေးသည့် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် တောင်သူများအား ရွက်ဖျန်းမြေဩဇာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ချောင်းဆုံမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ခုနှစ် ဆောင်းသီးနှံ နေကြာဧက ၃၁၇၀၊ မြေပဲ ၉၅ ဧက၊ နှမ်း ၁၁ ဧက စိုက်ပျိုးရန် လျာထားပြီး ဒေသခံတောင်သူများ သတ်မှတ်ဧကထက် ကျော်လွန်စွာ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၃ ခုနှစ် နိုဝင်ဘာတတိယပတ်ကစတင်ပြီး မျိုးကောင်းမျိုးသန့် မျိုးစေ့များ ဖြန့်ဝေပေးခြင်း၊ ဓာတ်မြေဩဇာများ ဖြန့်ဝေပေးခြင်းများနှင့် တောင်သူများ လိုအပ်သည့်အထောက်အပံ့များ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရ သည်။

မြို့နယ်

(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ပြည်သူများအား မီးဘေးအန္တရာယ်ကင်းဝေးစေရေး အသိပညာပေး နှိုးဆော်မှုများကိုမြို့နယ်မီးသတ်ဦးစီးဌာနမှ ဇန်နဝါရီ ၃၀ ရက်က မြို့နယ်အတွင်းရှိ ရပ်ကွက်များအတွင်းသို့ လှည့်လည်၍ အသိပေးနှိုးဆော်ဆောင်ရွက်စဉ်။

ဇာဇာ(အထက်မင်းလှ)



ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်တာဝန်ခံ ဒုတိယမီးသတ်ဦးစီးမှူး ဦးလှိုင်ဘွားနှင့် တာဝန်ရှိသူများက နေအိမ်များ မီးဘေးလုံခြုံရေးအတွက် ဇန်နဝါရီ ၃၀ ရက်က ပဲခူးမြို့ပေါ် ရပ်ကွက်များအတွင်း ကွင်းဆင်းဆောင်ရွက်စဉ်။ ခရိုင် (ပြန်/ဆက်)

*စာမျက်နှာ ၁၆ မှ*

အဆိုပါနေရာများသည် လုံခြုံစိတ်ချရပြီး အစားအစာများပေါများသော ရေဝပ်ဒေသများဖြစ်သောကြောင့် ဌာနေဒေသမျိုးရင်းငှက်မျိုးစိတ်များ ပေါကြွယ်ဝသကဲ့သို့ ကမ္ဘာ့အအေးပိုင်းဒေသများမှ လာရောက်ကြသော ဆောင်းခိုငှက်များစွာ လာရောက်ခိုနားကြသည်ကိုလည်း တွေ့နိုင်ပါသည်။ ရေညှော်နှုတ်သီးဝိုင်းငှက် (Spoon-billed Sandpiper) နှင့် ပို့ချပ်ခေါင်းစိမ်း (Baer’s Pochard)၊ မျိုးသုဉ်းရန်အန္တရာယ်ရှိသော မျိုးစိတ် (Endangered-EN) ဖြစ်သည့် ခြေစိမ်းခြောက် (Spotted Greenshank)၊ နေဒ္ဓ(Great Knot-EN)နှင့် မြစ်တွေးဗိုက်မည်း (Black-bellied Tern) ကဲ့သို့ ရွှေ့ပြောင်းနေထိုင်သော ရေပျော်ငှက်မျိုးစိတ်များစွာအတွက် ဆောင်းခိုသည့်ရာသီတွင် နိုင်ငံတကာအဆင့် သတ်မှတ်ချက်နှင့် ကိုက်ညီသည့်အရေးပါသော နေရာများ (Staging Sites) နှင့် ရပ်နားရာနေရာများ (Stopover Sites) ဖြစ်ပါသည်။

သစ်တောဦးစီးဌာန၏ နှစ်စဉ်ငှက်စာရင်း ကောက်ယူမှုများအရ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ရေဝပ်ဒေသတွင် ငှက်မျိုးစိတ် ၁၂၀ နှင့် ကောင်ရေ ၂၄၆၃၇ ကောင်၊ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ရေဝပ်ဒေသတွင် ငှက်မျိုးစိတ် ၁၃၉ မျိုးနှင့် ကောင်ရေ ၃၆၁၁၃ ကောင်၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ရေဝပ်ဒေသတွင် ငှက်မျိုးစိတ် ၁၈၄ မျိုးနှင့် ကောင်ရေ ၁၆၇၁၁ ကောင်နှင့် မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ရေဝပ်ဒေသ၌ ငှက်မျိုးစိတ်ပေါင်း ၁၈၁ မျိုး၊ ကောင်ရေ ၁၀၅၉၉ ကောင်တို့ နေထိုင်ကျက်စားကြောင်း တွေ့ရှိရပါသည်။

ရေညှော်နှုတ်သီးကောက် (Curlew Sandpiper)၊ နေဒ္ဓနီ (Red Knot)၊ ပျံဖြူနားမည်း (Asian Dowitcher)၊ ကုလားကောက် (Eurasian Curlew)၊ နှုတ်သီးရှည်မြီးမည်း (Black-tailed Godwit)၊ ရေညှော်နှုတ်သီးဝိုင်း (Spoon-Billed Sandpiper)၊ ခြေစိမ်းခြောက် (Spotted Greenshank)၊ ပို့ချပ်ခေါင်းစိမ်း (Baer’s Pochard)၊ ငှက်ကြီးတုံးစပ် (Greater Adjutant)၊ မြစ်တွေးဗိုက်မည်း (Black-Bellied Tern)၊ ရေဗလုံ (Masked Finfoot) အစရှိသည့် ငှက်မျိုးစိတ်များ ပါဝင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ရေဝပ်ဒေသများထိန်းသိမ်းခြင်း**

ရေဝပ်ဒေသများသည် မြေအသုံးချမှုပြောင်းလဲခြင်း၊ ရေအရည်အသွေးကျဆင်းခြင်း၊ ငါးအလွန်အကျွံဖမ်းခြင်း၊ ပြင်ပမျိုးစိတ်များ ကျူးကျော်ဝင်ရောက်ခြင်း၊ ရေဝပ်ဒေသများ၏ ဂေဟစနစ်၊ ရေရှည်တည်တံ့မှုကို ထိခိုက်နိုင်ခြေရှိသည့် ရေရှည်တည်တံ့မှုမရှိနိုင်သော ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ခြင်း အစရှိသည့် ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင် ကြုံတွေ့လျက်ရှိပါသည်။ ရေဝပ်ဒေသများမှ ရေကိုအလွန်အကျွံထုတ်ယူ၍ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ရေနက်ကွင်းစိုက်ပျိုးမြေများ ဖော်ထုတ်ခြင်း၊ ရွှေနှင့် ဓာတ်သတ္တုအမျိုးမျိုး တူးဖော်ထုတ်လုပ်ခြင်း၊ ကမ်းရိုးတန်းဒေသများတွင် ဒီရေတောများ ပြုန်းတီးခြင်း စသည်တို့သည် မြစ်၊ ချောင်းများ၊ အင်းအိုင်များအပါအဝင် ရေဝပ်ဒေသများအတွင်းသို့ ရေစီးဆင်းမှုနှင့် ရေဝပ်ဒေသ၏ ရေလွှမ်းလွှင်ပြင်ဧရိယာများကိုပြောင်းလဲစေပြီး ပံ့ပိုးလျက်ရှိသော ရေဝပ်ဒေသများကို ထိခိုက်ပျက်စီးစေပြီး ရေဝပ်ဒေသများက ပံ့ပိုးပေးသော ဝန်ဆောင်မှုများကို ဆုံးရှုံးစေပါသည်။

အဆိုပါ ပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် “အမျိုးသားရေဝပ်ဒေသမူဝါဒနှင့် မဟာဗျူဟာလုပ်ငန်းများ” ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် စတင်ရေးဆွဲနိုင်ခဲ့ပြီး ရေဝပ်ဒေသများကာကွယ်ခြင်း၊ အကျိုးရှိစွာအသုံးပြုခြင်း၊ ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ရေဝပ်ဒေသတန်ဖိုးများကို ထည့်သွင်းဆောင်ရွက်စေခြင်း၊ ပြည်သူများ ပူးပေါင်းပါဝင်လာစေခြင်း၊ သိမြင်နိုးကြားမှုအားမြှင့်တင်ခြင်း၊ ဒေသနှင့် နိုင်ငံတကာ ရေဝပ်ဒေသအစီအစဉ်များတွင် ပါဝင်ခြင်း ဟူသည့် ရေဝပ်ဒေသ မူဝါဒခြောက်ချက်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ရေဝပ်ဒေသထိန်းသိမ်းစီမံအုပ်ချုပ်ခြင်းဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ (National Wetland Committee) ကိုလည်း ၂၀၁၆ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး ဆက်စပ်ဌာနများအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ရေဝပ်ဒေသများ ထိန်းသိမ်းရေးအတွက် အရေးကြီးသည့်သတင်းအချက်အလက်များ ပြည်သူများ၊ အကျိုးဆက်စပ်ပတ်သက်သူများထံ သတင်းပါးနိုင်ရေးအတွက် သတင်းမီဒီယာအမျိုးမျိုးဖြင့်ဖြန့်ဝေခြင်း၊ ဆွေးနွေးပွဲများ၊ ပြပွဲပြိုင်ပွဲများကျင်းပခြင်း၊ ပညာရေးအစီအစဉ်များတွင် ပေါင်းစပ်ဆောင်ရွက်ခြင်းနှင့် အသိပညာပေးခြင်း၊ ဒေသခံပြည်သူများအပါအဝင် အကျိုးဆက်စပ်ပတ်သက်သူများ ပူးပေါင်းပါဝင်စေခြင်းနှင့် ရေဝပ်ဒေသဆိုင်ရာ သိမြင်နိုးကြားမှုတိုးပွားလာစေရန်ဆောင်ရွက်ခြင်း (Communication, Education, Participation and Awareness-CEPA) တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရေဝပ်ဒေသများ ပျက်စီးဆုံးရှုံးရခြင်းအကြောင်းရင်းများကို ရှာဖွေဖော်ထုတ်ဖြေရှင်းခြင်း၊ လျော့ပါးစေရန် ကန့်သတ်ခြင်းနှင့် ပင်မဧရိယာမှ ဖယ်ထုတ်ခြင်း၊ ရေဝပ်ဒေသဂေဟစနစ်များ သဘာဝအလျောက် ပြန်လည်ထိန်းသိမ်းနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်း၊ ရေဝပ်ဒေသများမှ ပံ့ပိုးထောက်ပံ့သော ငါး၊ ပုစွန် အစရှိသည့် ရေထွက်ပစ္စည်းများ၊ ရေချိုများအပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများ တိုးပွားစေရန် ဆောင်ရွက်ခြင်း၊ ဒေသမျိုးရင်းတောရိုင်းတိရစ္ဆာန်များ၊ အပင်မျိုးစိတ်များ ထိန်းသိမ်းခြင်းနှင့် ပြင်ပမှ မျိုးစိတ်များကို ဖယ်ရှားခြင်း၊ ဒေသခံပြည်သူများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ ပညာရေးကဏ္ဍမှ ဆရာ ဆရာမများ၊ ဂေဟစနစ်ထိန်းသိမ်းရေး ပညာရှင်များနှင့် လက်တွေ့ဆောင်ရွက်နေသူများ အားလုံး တက်ကြွစွာ ပူးပေါင်းပါဝင်နိုင်စေရန် ဆောင်ရွက်ခြင်းဖြင့် ရေဝပ်ဒေသများ ထိန်းသိမ်းရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

**လူသားတို့ ကျန်းမာပျော်ရွှင်ဖို့၊ ရေဝပ်ဒေသများ ထိန်းသိမ်းစို့**

ရေဝပ်ဒေသများသည် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုအမျိုးမျိုးကို ပံ့ပိုးပေးလျက်ရှိပြီး ရာသီဥတုသာယာမျှတစေရန် ထိန်းညှိပေးခြင်းဖြင့် ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေကာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလျက်ရှိပါသည်။ ရေဝပ်ဒေသများသည် ငါး၊ ပုစွန်၊ ကဏန်း စသည့် ရေထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ရရှိရေး၊ စားရေရိက္ခာဖူလုံရေး၊ ရေချိုသယံဇာတများရရှိရေးအတွက်လည်း အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေသဖြင့် ရေဝပ်ဒေသများကို စဉ်ဆက်မပြတ်ထိန်းသိမ်းကြရမည် ဖြစ်ပါသည်။

ပင်လယ်ကမ်းခြေရေဝပ်ဒေသများ၊ လူတို့ပြုလုပ်ဖန်တီးထားသောရေဝပ်ဒေသများနှင့် ကုန်းတွင်းရေချိုရေဝပ်ဒေသများ ဟူသည့် မတူညီသော ရေဝပ်ဒေသဂေဟစနစ်များနှင့် ဆက်စပ်နေသော သစ်တောဂေဟစနစ်များကို ထိန်းသိမ်းခြင်းဖြင့် လူ့ဘောင်အဖွဲ့အစည်းများက ရင်ဆိုင်နေရသော ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဖြေရှင်းပေးနိုင်မည်ဖြစ်ပြီး လူသားများအတွက် ကျန်းမာခြင်းနှင့် ပျော်ရွှင်ခြင်းဆုလာဘ်များ ရရှိနိုင်မည်ဖြစ်ပါသည်။ **“လူသားတို့ ကျန်းမာပျော်ရွှင်ဖို့၊ ရေဝပ်ဒေသများထိန်းသိမ်းစို့”** ဟူသည့် ကမ္ဘာ့ရေဝပ်ဒေသများနေ့ ဆောင်ပုဒ်နှင့်အညီ ရေဝပ်ဒေသထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းနှိုးဆော်ရင်း **“၂၀၂၄ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့”** ကို ဂုဏ်ပြုအပ်ပါသည်။ ။

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမျိုးသမီးတစ်ဦးကို တရုတ်ယောကျ်ားနှင့် လက်ထပ်ရန် စည်းရုံးပြောဆိုပြီး ငွေကြေးခေါင်းပုံဖြတ်ရယူရန် စီစဉ်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇန်နဝါရီ ၃၁**

အမျိုးသမီးတစ်ဦးကို တရုတ်ယောကျ်ားနှင့် လက်ထပ်ရန်စည်းရုံးပြောဆိုပြီး ငွေကြေးခေါင်းပုံဖြတ်ရယူရန် စီစဉ်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်နေ ဒေါ်ခင်ချို(ခ) ဒေါ်ချိုက တစ်မြို့နယ်တည်းနေ မ........၊ ၂၈/၂၀၂၁ နှစ်အား တရုတ်ယောကျ်ားယူပါက မြန်မာငွေကျပ် သိန်း ၂၀ ရမည်ဟု စည်းရုံးပြောဆို၍ တရုတ်နိုင်ငံသို့ တရုတ်ဇနီးမယားအဖြစ် ယွမ်ငွေ ၆၀၀၀၀ ဖြင့် ရောင်းစားပြီး ငွေကြေးများ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် သပိတ်ကျင်းမြို့မရဲစခန်း(ပ)၄၄/၂၀၂၁၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး သပိတ်ကျင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇန်နဝါရီ ၃၀ ရက်တွင် တရားခံ ဒေါ်ခင်ချို (ခ) ဒေါ်ချိုအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တောင်ငူမြို့၌ နွေစပါးပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်ရေး စိုက်ပျိုးနည်းစနစ်ပညာပေး သင်တန်းဖွင့်

**တောင်ငူ ဇန်နဝါရီ ၃၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဝင်များအား နွေစပါးပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်ရေး စိုက်ပျိုးနည်းစနစ်ပညာပေး(ToT) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက အမှတ် (၁၇) ရပ်ကွက် ကေတုရတနာခန်းမ၌ ကျင်းပသည်။



ဦးစွာ တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းအောင်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမြတ်မင်းထွေးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်ပြီး ဆွေးနွေးပြောကြားကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညဏ်လင်းအောင်က သင်တန်းနှင့်ပတ်သက်၍ ထပ်ဆင့်ဆွေးနွေးပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးနှင့် အဖွဲ့ဝင်များ၊ သင်တန်းတက်ရောက်သူများက ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှ ခင်းကျင်းပြသထားသော မျိုးစေ့ချကိရိယာ၊ တန်ဖိုးနည်း လက်ဆွဲကောက်စိုက်စက် (အင်ဂျင်မပါ)၊ တန်ဖိုးနည်း လက်ဆွဲ ကောက်စိုက်စက် (အင်ဂျင်ပါ) တို့ကို ကြည့်ရှုကြသည်။

ထို့နောက် သင်တန်းကို ဆက်လက်ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးကျော်ဝင်းက "လယ်ယာမြေအကြောင်း သိကောင်းစရာ" များ၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးမျိုးသန့်က "လယ်ယာမြေ လုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းနှင့် အမွေဆက်ခံခြင်း ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများ၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးထက်ထက်မင်းက စက်မှုလယ်ယာအကွက်ချစနစ်၊ လက်ဆွဲကောက်စိုက်စက် အသုံးပြုခြင်းနှင့် Drum Seeder အသုံးပြုနည်းစနစ်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစောဇော်ဇော်ဂျိမ်းက စိုက်နည်းစနစ်များကို ရှင်းလင်း ဟောပြောဆွေးနွေးပြီး မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဝင်များနှင့် ဒေသခံ တောင်သူလယ်သမား ၁၆၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**



မင်းဘူးမြို့၌ ပွင့်လင်းရာသီ မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၃၁ ရက်က မင်းဘူးမြို့ပေါ်ရပ်ကွက်များအတွင်း ဆောင်ရွက်ရာ ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်း ကြီးကြပ်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိန်ထွန်း ဦးဆောင်ပြီး သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မင်းဘူးမြို့ အမှတ်(၁)ရပ်ကွက်နှင့် မြို့ပေါ်ရပ်ကွက်များအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် စစ်ဆေးခြင်းများ ဆောင်ရွက်စဉ်။ မောင်မောင်(မင်းဘူး)



ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် တောင်ဘက်ခြမ်းဒေသ နမ့်လန်ကျေးရွာအုပ်စု၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းကို ဇန်နဝါရီ ၃၁ ရက်က နမ့်လန်မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကြည်ထွန်းက ပညာပေးဟောပြောကာ လက်ထောက်ဦးစီးမှူး ဦးအောင်ဇော်ဇင်မောင်နှင့် သန္ဓေအရန်မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြသပြီး နေအိမ်များ၌ မီးဘေးကာကွယ်ရေး စစ်ဆေးဆောင်ရွက်စဉ်။ စိုင်း(သီပေါ)

## ပေါင်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အဆောက်အအုံစာရင်းသွင်းခြင်း ဆောင်ရွက်

**ပေါင် ဇန်နဝါရီ ၃၁**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်



အကြောင်းအရာ သန်းခေါင်စာရင်း Census Unit (သန်းခေါင်စာရင်း ယူနစ်) အဆောက်အအုံ စာရင်းသွင်းခြင်းကို ယမန်နေ့က ပေါင်မြို့နယ် ရပ်ကွက် လေးခုနှင့် ဇင်းကျိုက်မြို့ ရပ်ကွက် လေးခု တို့၌ ဆောင်ရွက်သည်။

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ မြို့နယ်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ သန်းခေါင်စာရင်း ကောက်ယူခြင်းဖြစ်သည်။

မြို့ပြ ရပ်ကွက်များတွင် သန်းခေါင်စာရင်း ယူနစ်များ (Census Unit) ရေးဆွဲခဲ့ပြီး အဆောက်အဦများ၏ တည်နေရာ၊ အရေအတွက်၊ အမျိုးအစား၊ အသုံးပြုမှုနှင့် လူနေထိုင်သော အိမ်ထောင်စု အရေအတွက်တို့ကို မှတ်တမ်းတင် သိရှိနိုင်ရန် အဆောက်အအုံ စာရင်းတင်ခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် မြို့နယ်အတွင်းရှိ ရပ်ကွက် ရှစ်ခုအား ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

အိမ်ကွင်းတွင် လက်ခံကစား ရသော်လည်း ခြေစွမ်းပြသနိုင်ခြင်း မရှိဘဲ ပြိုင်ဘက်အသင်း၏ ဂိုးကန်သွင်းချက်များကိုသာ ပွဲချိန်အများစု ကာကွယ်ရင်းထုတ်ခဲ့ရသည်။

အာဆင်နယ် အသင်းသည် နော်တင်ဟမ်အသင်းကို အနိုင်ရရှိခဲ့သည့်အတွက် ၂၂ ပွဲကစားပြီး ရမှတ် ၄၆ မှတ်ဖြင့် ဦးဆောင်သူ လီဗာပူးအသင်းကို ဖိအားပေးလျက်ရှိသည်။ အသင်းအတွက် သွင်းဂိုးတစ်ဂိုး ရရှိခဲ့သော တိုက်စစ်ကစားသမား ဂျေဆူးသည် ပရီမီယာလိဂ်တွင် ၎င်းယှဉ်ပြိုင်ကစားခဲ့သည့် အသင်း ၃၁ သင်း အနက် ၂၉ သင်းကို သွင်းဂိုးသွင်းယူထားနိုင်ပြီ ဖြစ်သည်။

အာဆင်နယ်အသင်းအတွက် သွင်းဂိုးများကို ဂျေဆူးနှင့် ဆာကာက သွင်းယူပေးပြီး နော်တင်ဟမ်အသင်းအတွက် သွင်းဂိုးကို အယိုနီယီက သွင်းယူပေးခဲ့သည်။ အာဆင်နယ်ကို ရှုံးနိမ့်ခဲ့သော နော်တင်ဟမ် အသင်းသည် တန်းဆင်းဇုန်အသင်းနှင့် ရမှတ်ကွာဟမှု ကျဉ်းမြောင်းလာပြီဖြစ်သောကြောင့် တန်းမဆင်းရရေးအတွက် လက်ကျန်ပွဲစဉ်များတွင် မဖြစ်မနေ ရလဒ်ကောင်းရရှိရေး ကြိုးပမ်း အားထုတ်ရတော့မည် ဖြစ်သည်။

ပရီမီယာလိဂ်ပွဲစဉ် (၂၂) မှ အခြားသော ပွဲစဉ်ရလဒ်များတွင် လူတန်က တိုက်စစ်ထက်မြက်သည့် ဘရိုက်တန်ကို လေးဂိုး-ဂိုးမရှိ၊ ပဲလေ့စ်က ရှက်ဖီးလ်ကို သုံးဂိုး-နှစ်ဂိုး၊ နယူးကာဆယ်က အက်စ်တွန်ဗီလာကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဖူလ်ဟမ်နှင့် အဲဗာတန်အသင်းပွဲစဉ်မှာ ဂိုးမရှိ သရေကျခဲ့သည်။ **အောင်ဇော်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# အဆင့်မြင့်ပညာဦးစီးဌာန
# မအူပင်တက္ကသိုလ် (အဝေးသင်သင်တန်း)
# ကြေညာချက်
# ဒုတိယအကြိမ် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မအူပင်တက္ကသိုလ် အဝေးသင်သင်တန်း၏ ၂၀၂၃ ပညာသင်နှစ် (အောက်တိုဘာလနှင့် နိုဝင်ဘာလ) တွင် ကျင်းပခဲ့သော စတုတ္ထနှစ် ဝိဇ္ဇာ/သိပ္ပံ (ဘွဲ့) အောင်မြင်သူများအတွက် မအူပင်တက္ကသိုလ်တွင် ဒုတိယအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကျင်းပမည်ဖြစ်ပါသဖြင့် အဆိုပါအခမ်းအနားသို့ တက်ရောက်ဘွဲ့ (သို့) အဝေးရောက်ဘွဲ့ယူရန် ဘွဲ့လျှောက်လွှာ ပုံစံများကို မအူပင်တက္ကသိုလ်အဝေးသင်ဌာနတွင် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်မှ ဖေဖော်ဝါရီလ ၉ ရက်အထိ (စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ) နောက်ဆုံးထား၍ ရုံးချိန်အတွင်း လျှောက်ထားရပါမည်။

၂။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်/အဝေးရောက် လျှောက်ထားလိုသူများသည် ဘွဲ့လျှောက်လွှာများကို မအူပင်တက္ကသိုလ် အဝေးသင်ဌာနတွင် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မူရင်း-မိတ္တူ)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း-မိတ္တူ)နှင့် နောက်ဆုံးနှစ်ကျောင်းသားကတ် (မူရင်း-မိတ္တူ) တင်ပြတောင်းယူလျက် လွန်ခဲ့သော (၃)လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံ (၂"x ၁ ၁/၂" အရွယ်) -(၂) ပုံ ပူးတွဲ၍ လျှောက်ထားရပါမည်။

၃။ ဘွဲ့နှင်းသဘင်ကြေးကို မအူပင်တက္ကသိုလ် ငွေလက်ခံဌာနသို့ပေးသွင်းရမည်။ နယ်မှ လျှောက်ထားသူများသည် သတ်မှတ်ကြေးကို ပါမောက္ခချုပ် မအူပင်တက္ကသိုလ်သို့ လိပ်မူ၍ စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့် ပေးပို့နိုင်သည်။ ငွေပို့လွှာ၏ အောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးဟုဖော်ပြပြီး လျှောက်လွှာရှင် အမည်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ အောင်မြင်သည့်ခုနှစ် စသည်တို့ကို တိကျစွာဖော်ပြရမည်။

၄။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်လိုသူများသည် ဘွဲ့နှင်းကြေး (၁၅၀၀၀/-) တစ်ထောင့်ငါးရာကျပ်တိတိနှင့် အဝေးရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းကြေး (၁၀၀၀၀/-) တစ်ထောင်ကျပ်တိတိ ပေးသွင်းရမည်။

၅။ ဘွဲ့တက်ရောက်ယူမည်ဟု လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ဘွဲ့ယူရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့် အချိန်မှသာ ထုတ်ပေးမည်ဖြစ်သည်။

၆။ မအူပင်တက္ကသိုလ် (အဝေးသင်သင်တန်း) ဒုတိယအကြိမ်ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**ပထမနေ့အစီအစဉ်**

(က) ဘွဲ့နှင်းသဘင်နေ့ (၁-၃-၂၀၂၄)ရက်

**နံနက်ပိုင်း (၉:၀၀) နာရီ**

| | | | |
|---|---|---|---|
| ဝိဇ္ဇာဘွဲ့ | - | အင်္ဂလိပ်စာ | (ခုံအမှတ် -၄အ-၁ မှ ၁၀၃ ထိ) |
| ဝိဇ္ဇာဘွဲ့ | - | ပထဝီဝင် | (ခုံအမှတ် - ၄ပ-၁ မှ ၂၃၉ ထိ) |
| ဝိဇ္ဇာဘွဲ့ | - | စိတ်ပညာ | (ခုံအမှတ် - ၄စ-၁ မှ ၉ ထိ) |
| သိပ္ပံဘွဲ့ | - | ဓာတုဗေဒ | (ခုံအမှတ် - ၄ဓ-၁ မှ ၇၄ ထိ) |

**မွန်းလွဲပိုင်း (၂:၀၀)နာရီ**

| | | | |
|---|---|---|---|
| ဝိဇ္ဇာဘွဲ့ | - | အင်္ဂလိပ်စာ | (ခုံအမှတ် - ၄အ-၁၀၄ မှ ၂၁၈ ထိ) |
| ဝိဇ္ဇာဘွဲ့ | - | ပထဝီဝင် | (ခုံအမှတ် - ၄ပ-၂၄၀ မှ ၄၇၁ ထိ) |
| သိပ္ပံဘွဲ့ | - | ရူပဗေဒ | (ခုံအမှတ် - ၄ရပ-၁ မှ ၁၁၄ ထိ) |

**အစမ်းလေ့ကျင့်ရက် (၂၈-၂-၂၀၂၄) ရက် နံနက်ပိုင်း (၉:၀၀) နာရီ**

**ဒုတိယနေ့အစီအစဉ်**

(ခ) ဘွဲ့နှင်းသဘင်နေ့ (၂-၃-၂၀၂၄)ရက်

**နံနက်ပိုင်း (၉:၀၀)နာရီ**

| | | | |
|---|---|---|---|
| ဝိဇ္ဇာဘွဲ့ | - | မြန်မာစာ | (ခုံအမှတ် - ၄မ-၁ မှ ၂၁၁ ထိ) |
| ဝိဇ္ဇာဘွဲ့ | - | ဒဿနိကဗေဒ | (ခုံအမှတ် - ၄ဒ-၁ မှ ၇၄ ထိ) |
| ဝိဇ္ဇာဘွဲ့ | - | အရှေ့တိုင်းပညာ | (ခုံအမှတ် - ၄အရ-၁ မှ ၅၈ ထိ) |
| သိပ္ပံဘွဲ့ | - | သင်္ချာ | (ခုံအမှတ် - ၄သခ-၁ မှ ၉၁ ထိ) |

**မွန်းလွဲပိုင်း (၂:၀၀) နာရီ**

| | | | |
|---|---|---|---|
| ဝိဇ္ဇာဘွဲ့ | - | မြန်မာစာ | (ခုံအမှတ် - ၄မ-၂၁၂ မှ ၄၂၃ ထိ) |
| ဝိဇ္ဇာဘွဲ့ | - | သမိုင်း | (ခုံအမှတ် - ၄သ-၁ မှ ၂၁၆ ထိ) |
| သိပ္ပံဘွဲ့ | - | သတ္တဗေဒ | (ခုံအမှတ် - ၄သတ-၁ မှ ၁၆ ထိ) |

**အစမ်းလေ့ကျင့်ရက် (၂၈-၂-၂၀၂၄) ရက် မွန်းလွဲပိုင်း (၂:၀၀) နာရီ**

**တတိယနေ့အစီအစဉ်**

(ဂ) ဘွဲ့နှင်းသဘင်နေ့ (၆-၃-၂၀၂၄)ရက်

**နံနက်ပိုင်း (၉:၀၀) နာရီ**

| | | | |
|---|---|---|---|
| ဝိဇ္ဇာဘွဲ့ | - | မြန်မာစာ | (ခုံအမှတ် - ၄မ-၄၂၄ မှ ၆၃၃ ထိ) |
| ဝိဇ္ဇာဘွဲ့ | - | သမိုင်း | (ခုံအမှတ် - ၄သ-၂၁၇ မှ ၄၃၃ ထိ) |
| သိပ္ပံဘွဲ့ | - | ရုက္ခဗေဒ | (ခုံအမှတ် - ၄ရခ-၁ မှ ၁၁ ထိ) |

**မွန်းလွဲပိုင်း (၂:၀၀) နာရီ**

| | | | |
|---|---|---|---|
| ဝိဇ္ဇာဘွဲ့ | - | မြန်မာစာ | (ခုံအမှတ် - ၄မ- ၆၃၄မှ ၈၅၇ ထိ) |
| ဝိဇ္ဇာဘွဲ့ | - | သမိုင်း | (ခုံအမှတ် - ၄သ-၄၃၄ မှ ၆၄၉ ထိ) |

**အစမ်းလေ့ကျင့်ရက် (၄-၃-၂၀၂၄) ရက် နံနက်ပိုင်း (၉:၀၀) နာရီ**

**စတုတ္ထနေ့အစီအစဉ်**

(ဃ) ဘွဲ့နှင်းသဘင်နေ့ (၇-၃-၂၀၂၄)ရက်

**နံနက်ပိုင်း (၉:၀၀) နာရီ**

| | | | |
|---|---|---|---|
| ဝိဇ္ဇာဘွဲ့ | - | မြန်မာစာ | (ခုံအမှတ် - ၄မ-၈၅၈ မှ ၉၅၀ ထိ) |
| ဝိဇ္ဇာဘွဲ့ | - | သမိုင်း | (ခုံအမှတ် - ၄သ-၆၅၀ မှ ၁၀၄၃ ထိ) |

**အစမ်းလေ့ကျင့်ရက် (၄-၃-၂၀၂၄) ရက် မွန်းလွဲပိုင်း (၂:၀၀) နာရီ**

၇။ ဘွဲ့အသီးသီးကို တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာနှင့် ကိုက်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသား ဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား) တို့မှ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံ ဝတ်ဆင်၍ တက်ရောက်ရမည်။

၈။ ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာကို (၂၅-၂-၂၀၂၄) ရက် (တနင်္ဂနွေနေ့) နံနက် (၁၀:၀၀) နာရီအချိန်တွင် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် ထုတ်ပေးပါမည်။ ဘွဲ့ဝတ်စုံထုတ်ယူသူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ကျောင်းသားမှတ်ပုံတင်ကတ်ပြားများကို ယူဆောင်လာရမည်။

၉။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မအူပင်တက္ကသိုလ်မော်ကွန်းထိန်း (စာမေးပွဲနှင့်ဘွဲ့နှင်းဌာန) ဖုန်းနံပါတ် ၀၉- ၄၂၈၀၀၄၆၃၃ နှင့် ဌာနမှူး (သင်တန်းရေးရာ) ဖုန်းနံပါတ် ၀၉-၄၀၂၆၆၂၀၀၅ သို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

မှတ်ချက်။ အခြားပညာသင်နှစ်မှ (အဝေးသင်သင်တန်း) ဘွဲ့စာမေးပွဲ အောင်မြင်ကြသူများသည် အဝေးရောက်ဘွဲ့ လျှောက်ထားနိုင်ပါသည်။

**မော်ကွန်းထိန်း၊ သင်တန်းရေးရာ**
**မအူပင်တက္ကသိုလ်**

## အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၆)၊ စစ်ကိုင်းတိုင်း ဒေသကြီးရုံး၊ မုံရွာမြို့မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ချင်းတွင်းမြစ်ပေါ်ရှိ ဆိပ်ကမ်း(၈)ခု (မုံရွာ၊ ကနီ၊ မင်းကင်း၊ ကလေးဝ၊ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်း၊ ခန္တီး) နှင့် ဧရာဝတီမြစ်ပေါ်ရှိ ဆိပ်ကမ်း(၆)ခု (မြင်းမူ၊ စစ်ကိုင်း၊ မင်းကွန်း၊ မောင်းကုန်း၊ ထီးချိုင့်၊ ကသာ)တို့၏ မြို့ဆိပ်ကမ်းများအလိုက် ဆိပ်ကမ်းကပ်ခအခွန်များ အား အိတ်ဖွင့်လေလံ ခေါ်ယူမည်ဖြစ်ပါသဖြင့် လေလံဝယ်ယူကြပါရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| **လေလံလျှောက်လွှာပုံစံ ရယူရမည့်နေရာ** | - | ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့ |
| **လေလံလျှောက်လွှာပုံစံ စတင်ရောင်းချမည့်နေ့ရက်** | - | ၁-၂-၂၀၂၄ ရက် (ရုံးချိန်အတွင်း) |
| **လေလံလျှောက်လွှာ ပိတ်သိမ်းမည့်နေ့ရက်** | - | ၂၉-၂-၂၀၂၄ ရက် ညနေ ၄နာရီ |
| **လေလံစပေါ်ငွေတင်သွင်း ရမည့်နောက်ဆုံးနေ့ရက်** | - | ၁-၃-၂၀၂၄ ရက် ညနေ ၄နာရီ |

၂။ အိတ်ဖွင့်လေလံလျှောက်လွှာပုံစံ၊ လေလံစည်းကမ်းချက်များနှင့် အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန၊ ဒေသ(၆)၊ စစ်ကိုင်း တိုင်းဒေသကြီးရုံး၊ ဖုန်း-၀၇၁-၂၀၂၁၁၆၂ သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။ **လေလံကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် (နန-၁၅)၊ ဦးပိုင်အမှတ် (၈)၊ ၆၀.B x ၆၁ လမ်းကြား၊ စံပြလမ်းနှင့် သခင်ဖိုးလှကြီးလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးစိုးမောင်(ခ)ရှိုလင်စိန် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၃၆၃၈/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ခင်ကြည်ဝင်း ၁၃/နခန(နိုင်)၀၀၃၁၁၃ က အမှုတွဲအမှတ် ၆၈၉၂/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ ဗဟို(၃၃) လမ်းထောင့်၊ မြေကွက်အမှတ်(L/၃၅)ဟု ခေါ်တွင်သော အကျယ်အဝန်း ပေ (၄၀ x ၆၀)အကျယ်ရှိ ဦးသာဟန် အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးမြတ်မင်းဟိန်း(ခ)ဦးမင်းခန့်(ဘ)ဦးကျော်မြင့်(၁၂/တမန(နိုင်)၁၀၂၅၂၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ရတနာဝင်း(ဘ)ဦးဝင်းနိုင်(၁၂//သဃက(နိုင်) ၁၆၇၉၄၃) က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင် မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက် ရယူသွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇာနည်(LL.B, D.B.L)** | **ဒေါ်အိအိမော်(ခ)အိသဥ္ဇာအောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၆၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၂၆)** |

**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(သကတ-၂)၊ အမှတ်(၇)ရပ်ကွက်၊ စိန်ပန်းမြိုင်(၂)လမ်း၊ မြေကွက်အမှတ် (၁၆၄/က)၊ မြေအကျယ်(၂၀ x ၆၀)ပေ၊ (ဦးဘတင် အမည်ပေါက် မြေချပါမစ်) ရှိ မြေကွက်နှင့် နေအိမ်၊ ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အဆင့်ဆင့် စာချုပ်များဖြင့် တရားဝင်ဝယ်ယူ လက်ရှိထားပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချခွင့်ရှိ ကြောင်း ဝန်ခံပြောဆိုသူ ဒေါ်သန္တာမျိုး ၁၀/ကမရ(နိုင်)၀၆၃၉၁၀ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးသက်ဆွေအောင် ၁၂/လသယ(နိုင်)၀၃၄၁၃၁ က အပြီးအပိုင် ဝယ်ယူပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါ က ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက် အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးသက်ဆွေအောင်** | **ဒေါ်ညိုမာထွေး(စဉ်-၁၄၆၇၂)** |
| **၁၂/လသယ(နိုင်) ၀၃၄၁၃၁** | **တရားလွှတ်တော်ရှေ့နေ** |
| | **အမှတ်(၇၉/ခ)၊ ခရေလမ်း၊ (၁၅)ရပ်ကွက်၊** |
| | **လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။** |
| | **ဖုန်း-၀၉-၄၂၀၂၉၄၀၀၄** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/82729, Honda Wave 110 M/C ယာဉ် လက်ဝယ်ရှိသူ ဦးဟိန်းမင်းလတ် ၁၄/လပတ(နိုင်) ၁၇၅၂၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 70W/05972, Honda Dream 125 M/C ယာဉ် လက်ဝယ်ရှိသူ ဒေါ်အေးချမ်း မြတ်ဖြိုး ၁၂/မရက(နိုင်) ၁၅၄၀၇၄ က ဖောင်းကြွနံပါတ်ပြား ပျောက် ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ကြော်ငြာပါသည့်ရက် မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက် ပြယ်ပါကြောင်း အများသိစေ ရန် ကြေညာအပ်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
## နေပြည်တော်

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ ကြော်ငြာ ခေါ်ယူထားသော အငယ်တန်းစာရေးရာထူးနေရာများအတွက် ၂၆-၁-၂၀၂၄ရက် တွင် ကျင်းပပြုလုပ်ခဲ့သော အရည်အချင်းစစ် ရေးဖြေစာမေးပွဲ အောင်မြင်သူများ၏ ခုံအမှတ်စာရင်းအား အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည် -

(က) **အငယ်တန်းစာရေး ရာထူးနေရာများအတွက် ရေးဖြေအောင်မြင်သူ ခုံအမှတ်စာရင်း**

| စဉ် | ခုံအမှတ် | အမည်/ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် |
|---|---|---|
| (၁) | ခုံအမှတ်(၁) | မအိမ့်မြတ်သူ ၁၃/တကန(နိုင်)၂၈၂၀၁၈ |
| (၂) | ခုံအမှတ်(၂) | မောင်မိုးမင်းဝင်း ၈/စလန(နိုင်)၁၇၂၅၆၉ |
| (၃) | ခုံအမှတ်(၃) | မခိုင်မေစိုးချစ် ၁၂/ဒပန(နိုင်)၀၆၂၆၄၂ |
| (၄) | ခုံအမှတ်(၄) | မနန္ဒာလွင် ၉/တကန(နိုင်)၂၃၉၂၇၄ |
| (၅) | ခုံအမှတ်(၅) | မနှင်းယုဝေ ၉/တကန(နိုင်)၂၃၆၄၃၉ |
| (၆) | ခုံအမှတ်(၆) | မောင်ရန်နိုင်ဦး ၁/မမန(နိုင်)၀၄၇၂၁၅ |
| (၇) | ခုံအမှတ်(၇) | မစုစုထွေး ၁၂/ဥကမ(နိုင်)၁၈၆၂၅၇ |
| (၈) | ခုံအမှတ်(၈) | မမေဇင်နွေဦး ၁၂/မရက(နိုင်)၁၅၆၅၉၂ |
| (၉) | ခုံအမှတ်(၁၁) | မခိုင်မာထွေး ၉/လဝန(နိုင်)၂၆၀၁၅၈ |
| (၁၀) | ခုံအမှတ်(၁၂) | မထက်ထက်ကျော် ၁၂/ကမတ(နိုင်)၀၆၀၇၃၁ |
| (၁၁) | ခုံအမှတ်(၁၃) | မောင်ကျော်ဇေယျာအောင် ၈/ခမန(နိုင်)၁၄၇၃၉၆ |
| (၁၂) | ခုံအမှတ်(၁၆) | မောင်အောင်ဘုန်းမင်း ၁၂/ဒလန(နိုင်)၀၇၅၅၈၀ |

၂။ အဆိုပါစာမေးပွဲအောင်မြင်သူများသည် (၁၉-၂-၂၀၂၄)ရက်တွင် ပြန်ကြားရေး ဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ ဖုန်း ၀၆၇၃- ၄၁၂၀၃၊ ၄၁၂၀၅ များသို့ သတင်းပို့ ဆက်သွယ်ရန်ဖြစ်ပြီး **(၂၀-၂-၂၀၂၄) ရက် (အင်္ဂါနေ့) နံနက် (၁၀း၀၀)နာရီ**တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ နေပြည်တော်ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)တွင် လူတွေ့စစ်ဆေး မည်ဖြစ်ပါသဖြင့် လူတွေ့အရည်အချင်း စစ်ဆေးမှုခံယူရမည့်သူများသည် နိုင်ငံသား စိစစ်ရေးကတ်ပြား(မူရင်း)၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မူရင်း)၊ ဘွဲ့လက်မှတ် (မူရင်း) (သို့မဟုတ်) ဘွဲ့ထောက်ခံစာ(မူရင်း) များယူဆောင်၍ **မပျက်မကွက်** လာရောက်ဖြေဆိုရန် အကြောင်းကြားပါသည်။

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၉

| | | |
|---|---|---|
| ဒေါ်ခင်မာဝေ | **နှင့်** | ဦးညီညီနိုင်(၎င်း၏အထူး ကိုယ်စားလှယ်စာရသူ ဒေါ်နန်းခင်ထွေး) |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်မှတ် (သ-၆)၊ ဦးပိုင်အမှတ် (၃၇)နေ ဦးညီညီနိုင် (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်နန်းခင်ထွေး) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဦးညီညီနိုင် (၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်နန်းခင်ထွေး) သင့်အပေါ်၌ တရားလို ဒေါ်ခင်မာဝေက ပြည်ကြီးတံခွန်မြို့နယ် (ခ) ရပ်ကွက်၊ အကွက်မှတ်(သ-၆)၊ ဦးပိုင်အမှတ် (၃၇)၊ ဧရိယာ(၀.၀၅၅၁)ဧကရှိ ဦးညီညီနိုင်အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ် ဖေဖော် ဝါရီလ ၈ ရက်) (၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်)နေ့မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်း ရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင် မလာ ရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့် မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကြည်ပြာဆင့်)**
**မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရ သီရိမြောက်ရပ်၊ မြေဧရိယာ (၀.၁၆၀) ဧက၊ မြေကွက်အမှတ် (ဥ-၆၄၂၂)၊ Original Group အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်ကို ဦးလင်းလင်း ၈/ပဖန(နိုင်)၀၇၄၉၀၀ (ဘ) ဦးထွန်းရှင်မှ နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၀၅၅/၂၀၂၃ (၁-၁၁-၂၀၂၃) တင်ပြ၍ ဒေါ်မေဇင်ထွန်း ၈/မဘန(နိုင်)၀၇၃၇၁၇(ဘ)ဦးချစ်ရွှေအမည်ဖြင့်မှတ် ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက် ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာ တမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာ ယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန သို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံမြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပခုက္ကူတက္ကသိုလ် ပခုက္ကူတက္ကသိုလ် နေ့သင်တန်း (၁၉) ကြိမ်မြောက်နှင့် အဝေးသင် သင်တန်း ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ပခုက္ကူတက္ကသိုလ် နေ့သင်တန်း ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊၂၀၂၃ ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပခဲ့သော မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ စာမေးပွဲများကို အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများသည် ပခုက္ကူတက္ကသိုလ်၏ နေ့သင်တန်း (၁၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် တက်ရောက်ဘွဲ့ယူရန် (သို့မဟုတ်) အဝေးရောက် ဘွဲ့ယူရန် လျှောက်ထားနိုင်ပါသည်။

၂။ ပခုက္ကူတက္ကသိုလ် အဝေးသင်သင်တန်း ၂၀၂၃ ပညာသင်နှစ်၊၂၀၂၃ ခုနှစ်၊အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် ကျင်းပခဲ့သော ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ စာမေးပွဲများကို အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများသည် ပခုက္ကူတက္ကသိုလ်၏ အဝေးသင်သင်တန်း ဘွဲ့နှင်းသဘင်တွင် တက်ရောက်ဘွဲ့ယူရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ပါသည်။

**ဘွဲ့နှင်းသဘင်ကြေး**

| | |
|---|---|
| တက်ရောက်ဘွဲ့ကြေး | - ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ) |
| အဝေးရောက်ဘွဲ့ကြေး | - ၁၀၀၀၀/ -(ကျပ် တစ်သောင်းတိတိ) |
| လျှောက်လွှာတင်သွင်းရမည့်ရက် | - (၁-၂-၂၀၂၄မှ ၁၃-၂-၂၀၂၄)ရက်နေ့ထိ |

**မှတ်ချက်**

၁။ သတ်မှတ်ဘွဲ့လျှောက်လွှာပုံစံများကို သင်တန်းရေးရာဌာနတွင် ရယူ၍ (၃)လအတွင်း ရိုက်ကူးထားသော ( ၁ ½ x၂ )လက်မ ဓာတ်ပုံ(၃)ပုံနှင့်အတူ (အမျိုးသမီးများ မြန်မာအမျိုးသမီးဝတ်စုံဖြင့်၊ အမျိုးသားများ မြန်မာအမျိုးသားဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံအပြည့်အစုံဖြင့်) ပူးတွဲ၍ ပြည့်စုံစွာ ဖြည့်စွက်လျှောက်ထားကြရမည်။

၂။ သတ်မှတ်ဘွဲ့ကြေးများကို ပခုက္ကူတက္ကသိုလ် ငွေကိုင်ဌာနတွင် ပေးသွင်းရမည် ဖြစ်ပါသည်။ အချိန်မီလျှောက်ထားခြင်းမပြုလျှင် ဘွဲ့နှင်းသဘင်တက်ရောက်ရမည် မဟုတ်ပါ။

၃။ ဘွဲ့စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် ဘွဲ့လျှောက်လွှာ တင်သွင်းသည့် အချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်မိတ္တူ၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မိတ္တူ တင်ပြနိုင်မှသာလျှင် ဘွဲ့လျှောက်လွှာများကို လက်ခံဆောင်ရွက် ပေးမည်ဖြစ်ပါသည်။

၄။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို ဘွဲ့အပ်နှင်းသည့်နေ့ရက်မှ နောက်(၆)လပြည့်သည့် အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၅။ အဆိုပါ ပညာသင်နှစ်မတိုင်မီ သက်ဆိုင်ရာဘွဲ့အသီးသီးအတွက် ဘွဲ့လျှောက်ထားခြင်း မပြုရသေးသောသူများသည် အဝေးရောက်ဘွဲ့ လျှောက်ထားနိုင်ပါသည်။

၆။ ဘွဲ့နှင်းသဘင်ကျင်းပမည့် အသေးစိတ်အချက်အလက်များကို ပခုက္ကူတက္ကသိုလ်၊ သင်တန်းရေးရာဌာန ကြော်ငြာသင်ပုန်းများတွင် ထပ်မံ ကြေညာသွားမည် ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပခုက္ကူတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာန၊ အဝေးသင်ဌာနတို့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ဖုန်းနံပါတ်-၀၉-၄၄၄၀၃၆၈၁၂ (နေ့သင်တန်း)

ဖုန်းနံပါတ်-၀၉-၉၇၀၃၈၂၁၁၉ (အဝေးသင်သင်တန်း)

**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**ပခုက္ကူတက္ကသိုလ်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇၇)၊ မြေကွက်အမှတ်(၈၅၉)၊ အကျယ်အဝန်း(၄၀ပေ x ၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးတင်ထွန်း ၇/မညန(နိုင်)၀၄၅၄၀၂ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်း ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြမွန်(LL.B,LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၂၂၂၈)၊ ဧရိယာ(၀ဒသမ၀၈၂)ဧကရှိ ဒေါ်တင်မိုးခိုင် အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်မိုမိုကို (ဘ)ဦးသန်းကို ၈/မကန(နိုင်)၁၆၀၂၈၂ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန တင်ဒါအဆိုပြုလွှာဖိတ်ခေါ်ခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက စီမံခန့်ခွဲလျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လှိုင်သာယာမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့ရှိ စက်မှုမြေကွက်လွတ် (၄)ကွက်အား စက်မှုကုန်ထုတ်လုပ်ငန်း ဆောင်ရွက်နိုင်ရန် ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များသို့ ငှားရမ်းမည်ဖြစ်ပါသဖြင့် ငှားရမ်းလိုသောကုမ္ပဏီများအနေဖြင့် အောက်ပါအတိုင်း တင်ဒါအဆိုပြုလွှာတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| | |
|---|---|
| **တင်ဒါပုံစံရောင်းချမည့်ရက်** | - ၂-၂ -၂၀၂၄ရက် (ရုံးချိန်အတွင်း) |
| **တင်ဒါပိတ်မည့်ရက်** | - ၁၆-၂- ၂၀၂၄ရက် (ရုံးချိန်အတွင်း) |
| **တင်ဒါပုံစံရောင်းချမည့်နေရာနှင့် ပြန်လည်တင်သွင်းရမည့်နေရာ** | - ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ရုံးအမှတ် (၄၀)၊ နေပြည်တော် |
| **ဆက်သွယ်ရန် ဖုန်းနံပါတ်** | - ၀၆၇-၃၄၀၇၃၁၁ |

**တင်ဒါကော်မတီ**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသော လူမှုကရုဏာလုပ်ငန်းများတွင် ထောက်ပံ့ရန်အတွက် လိုအပ်သော ရေနှင့် တကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်းများနှင့် အထောက်အပံ့ပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ် အပ်ပါသည်။

| | |
|---|---|
| ၂။ **တင်ဒါပုံစံစတင်ထုတ်ယူရမည့် နေ့ရက်နှင့်အချိန်** | - ၁-၂-၂၀၂၄ ရက် နံနက် ၁၀နာရီ |
| **တင်ဒါပုံစံများနောက်ဆုံး ထုတ်ယူရမည့်နေ့ရက်နှင့်အချိန်** | - ၉-၂-၂၀၂၄ ရက် ညနေ ၄နာရီ |
| **တင်ဒါပုံစံတင်သွင်းရမည့် နေ့ရက်နှင့်အချိန်** | - ၁၅-၂-၂၀၂၄ ရက် ညနေ ၄နာရီ |
| **တင်ဒါထုတ်ယူရန်နှင့် တင်သွင်းရမည့်နေရာ** | - မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရန်ကုန်ရုံးခွဲ၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ဝယ်ယူဖြည့်တင်းရေးဆိုင်ရာ စီမံခန့်ခွဲမှုဌာန၊ အမှတ်(၄၂)၊စတုတ္ထထပ်၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းများ အသေးစိတ်ကို သိရှိရန် ဦးအာကာမင်း (ဖုန်း-၀၉-၄၂၁၀၄၈၈၄၁)ထံသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ အထက(ခွဲ)ထိန်ကုန်းကျောင်းမှ မဆုမြတ်နိုးထိုက် G.5 ၏ ဖခင်အမည်မှန်မှာ ဦးဝင်းဇော်ထိုက် ၅/တဆန(နိုင်)၁၃၃၅၈၃ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ဦးလှသိန်း ၉/မခန(နိုင်)၁၀၄၅၃၇ အမည်ပေါက် အမ်းမြို့နယ်၊ အောက်ရွာကျေးရွာ၊ အကွက်(၂)၊ ရခိုင်စု၊ ဦးပိုင်/မြေကွက်အမှတ် ၁၂/၁ ကျေးရွာ၊ (၁၀)နှစ်မြေငှားဂရန် ပျောက်ဆုံးကြောင်း တွေ့ရှိက အကြောင်းကြားပေးပါရန် ကြေညာအပ်ပါသည်။

**ဖုန်း-၀၉-၂၆၁၁၇၉၂၃၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1D/1506, Toyota Hilux Surf Kzns185 Station Wagon ယာဉ်လက်ဝယ်ရှိသူ ဦးကုမာရ ၉/အမဇ(သ) ၀၀၁၂၃၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် RKE/2484, Yamaha Fino-113, M/C အား စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်ကွက်နေ ဒေါ်ဝင်းသန္တာအောင် ၁၁/စတန(နိုင်)၀၉၄၅၉၆ က ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ရက် (၃၀) အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီး ဌာန၊ ပြည်နယ်ရုံး(စစ်တွေ) သို့ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး**
**(စစ်တွေ)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-(၇၉)၊ မြေကွက်အမှတ် (၁၄၄၇)၊ ပိတောက်ရွှေဝါလမ်း၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ ဦးမောင်မောင်စန်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်အေးအေးဦး (၇/တငန(နိုင်)၀၆၀၅၂၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးမြမွန် (LLB, LL.M) အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

## ရှင်ပင်ဂေါတမမြတ်ဗုဒ္ဓစက်ကိန်း တည်းခိုငြိမ်းရာကျောင်းဝိဟာကို သိကြားဒေဝါ ဌာပနာတည်ထား ဘုရားဘွဲ့မည် မြတ်စေတီတွင် ရှင်ပင်စက္ကိန်းတဲ ဘုန်းတော်ကဲမှာ နွမ်းပါးလာငြား သက်နိမ်များကြောင့် လဲငြားသစ်ဆန်းရွှေသင်္ကန်းမြတ်လှူဆက်ကပ်ရန် “အလှူခံစာ နှိုးဆော်လွှာ”

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့၏အရှေ့တောင်အရပ်ရှိ ကေလာသဖ တောင်ထိပ်မှာတည်ရှိသည့် ရှင်ပင်စက္ကိန်းတဲစေတီတော်မြတ်ကြီးအား ပဉ္စမအကြိမ် လုံးတော်ပြည့် ရွှေသင်္ကန်း ၁၇၀၈ ဆိုင်းကပ်လှူခြင်းကို ၂၀၂၄ ခုနှစ် ဧပြီလအတွင်း ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။ ဗုဒ္ဓဘာသာမြတ်နိုးသူ အလှူရှင်များသည် အတိဒုလ္လဘဖြစ်သော ၅နှစ်၊ ၁၀နှစ်မှတစ်ကြိမ်သာ လှူဒါန်းခွင့်ကြုံသည့် ရွှေစင်၊ ရွှေပြား၊ ရွှေသင်္ကန်းတော်ကို ပါဝင်လှူဒါန်းလိုပါက မျက်ပါးရွှေ ရာပြည့် တစ်ဆိုင်း( ၂လက်မပတ်လည် အရွက် ၁၀၀ ပါ )လျှင် ကျပ် ၁၅၀၀၀၀/- (ကျပ်တစ်သိန်းငါးသောင်း)ဖြင့်လည်းကောင်း၊ ဆိုင်းဝက်နှင့် ဆိုင်း၏ဆယ်ပုံတစ်ပုံ၏ တန်ဖိုးကိုလည်းကောင်း၊ တတ်စွမ်းသမျှကိုလည်းကောင်း၊ လှူဒါန်းနိုင်ကြပါကြောင်း နိဗ္ဗာန်အကျိုး ရည်မျှော်ကိုးနှိုးဆော်အပ်ပါသည်။

**ရှင်ပင်စက္ကိန်းတဲစေတီ၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ဖုန်း- ၀၉-၈၉၈၇၇၇၁၄၁၊ ၀၉- ၆၈၇၉၃၈၅၃၃၊ ၀၉-၄၃၀၂၆၅၀၅**

## ကြော်ငြာစာ

ပဲခူးဥဿာဂေါက်သီးရိုက်အသင်း၏ အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်ပွဲကို ၂-၃-၂၀၂၄ရက် မွန်းတည့် ၁၂ နာရီတွင် ဥဿာဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်ပါသဖြင့် အလုပ်အမှုဆောင် အဆိုပြုလွှာများကို ၁-၂-၂၀၂၄ရက်မှစ၍ ဥဿာဂေါက်ကလပ်တွင် ထုတ်ယူပြီး ၁၅-၂-၂၀၂၄ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ရွေးချယ်တင်မြှောက်ပွဲ ကော်မရှင်နာယက ဦးမြင့်သန်း (ဖုန်း-၀၉-၄၂၈၁၉၅၁၁) ထံသို့ လျှောက်ထားနိုင်ပြီဖြစ်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**ပဲခူးဥဿာဂေါက်သီးရိုက်အသင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ ဘန်းကချွန်ကျေးရွာ၊ အထက(ခွဲ) (စိုင်ဒင်း) နဝမတန်းမှ မအေးမျိုးသူ၏ ဖခင် ဦးထွန်းထွန်းအေးနှင့် ဦးထွန်းအေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့်မအေးမျိုးသူ၏ မွေးသက္ကရာဇ် အမှန်မှာ ၉-၁၂-၂၀၀၇ ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းအေး(ခ)ဦးထွန်းအေး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ ( တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀ ) မြန်အောင်မြို့နယ်တရားရုံး ၂၀၂၄ ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၇

| | | |
|---|---|---|
| ဦးထက်ဝေဖြိုး (တရားလို) | နှင့် | ဒေါ်ဝင်းသဇင်ခိုင် (တရားပြိုင်) |

မြန်အောင်မြို့နယ်၊ မြို့မတဲကြီးကုန်းအုပ်စု၊ ရှမ်းစုကျေးရွာနေ တရားပြိုင် ဒေါ်ဝင်းသဇင်ခိုင် (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးထက်ဝေဖြိုးက "လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု”အရ လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ၊ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ရက် (၁၃၈၅ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ် ၊ ဇန်နဝါရီလ ၃၁ ရက်တွင်ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထက်တင်ပိုင်ဦး)**
**ဒုတိယမြို့နယ်တရားသူကြီး**
**မြန်အောင်မြို့နယ်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပုလောမြို့နယ်၊ ပလောက်မြို့၊ ကျောက်လုံးကြီး ကျေးရွာအုပ်စု၊ အရှေ့ကုန်းကျေးရွာနေ ဦးအောင်ဖေ၏သမီး မသန်းသန်းညိုနှင့် မသန်းညို ၆/ပလန(နိုင်) ၀၄၄၉၇၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မသန်းသန်းညို(ခ)မသန်းညို**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၅၉၂၆၉, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲထက်အောင် ၆/သရခ(သ)၀၉၈၆၆၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မြိတ်)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ စမ်းချောင်းကျောင်းလမ်း၊ အမှတ်(၃/B)၊ ဓာတ်လှေခါး ပါဝင်သော (၁)ခန်းတည်း RC (၈)ထပ်ခွဲမီနီကွန်ဒိုတိုက်ခန်း အဆောက်အအုံ၏စတုတ္ထထပ်(၅)လွှာအခန်း၊ ဧရိယာ(၁၅၀၀)စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့် ၎င်းမီနီကွန်ဒို တိုက်ခန်း၏ရေမီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူ ဖြစ်သော ဦးငြိမ်းချမ်း ၁၂/လသန(နိုင်)၀၀၅၂၂၃၊ ဒေါ်မြင့်မြင့်ရီ ၁၂/စခန(နိုင်) ၀၁၄၈၈၅တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးပြည့်စုံသာ ၁၂/အလန (နိုင်) ၀၃၈၄၁၁၊ ဒေါ်နှင်းဥလွင် ၁၂/စခန(နိုင်)၀၆၀၅၆၃တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးပြည့်စုံသာ၊ ဒေါ်နှင်းဥလွင်တို့၏လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်သူဇာကျော်**
**LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**အမှတ်(၃၇)၊ မဟာမြင့်မိုရ်လမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉၇၆၅၆၀၂၂၉၀**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်းအမှတ်(၉/၅က)၊ ဦးပိုင်အမှတ်(၁/၃က)၊ မြေဧရိယာ (၀.၁၇၉)ဧကရှိမြေကွက်သည် ဦးသိန်းရှင်(ခ)သိန်းစိန်အမည်ဖြင့် အမှုတွဲအမှတ် ၆(၃)၂၀၀၇-၂၀၀၈ အရ (၈-၂-၂၀၁၇) ရက်အထိ (၁၀) နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန် အမည်ပေါက်သူ ဦးသိန်းရှင်(ခ)သိန်းစိန်သည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်း၏တစ်ဦးတည်းသောဇနီး ဒေါ်ဂျာရာကော့ ၁/မကန(နိုင်)၀၈၃၅၁၉က (၂၈-၁၁-၂၀၂၃)ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၅၄၈/၂၀၂၃)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ဒေါ်ဂျာရာကော့အမည်ဖြင့် မြေငှား ဂရန် (အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ်တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ပျောက်ဆုံးကြောင်း

မုံရွာမြို့၊ ခတက္ကန်(တ)ရွာနေ ဦးပေါ်ရှင်၏သား မောင်အေးကို ၅/မရန(နိုင်)၂၈၈၇၈၅၏ နိုင်ငံကူးလက်မှတ်နံပါတ် MF 026643 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၅၉၇၈၈၅**

## ပျောက်ဆုံးကြောင်း

မုံရွာမြို့၊ ဘုန်းစိုးရပ်နေ ဦးမျိုးနိုင်၏သမီး မဉ္ဇူနီခင် ၅/မရန(နိုင်)၃၄၇၀၉၀၏ နိုင်ငံကူးလက်မှတ်နံပါတ် ME 049772 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၈၉၃၉၇၅၅၃၈**

## ဖခင်အမည်မှန် မွေးသက္ကရာဇ်အမှန်

ရွှေဘိုမြို့၊ အမှတ် (၇)ချီပါစုရပ်နေ ဒေါ်ချစ်စုဝင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁၄-၁၀-၁၉၉၈ ဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်ကျော် ၅/ရဘန(နိုင်)၀၀၉၂၃၅ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/77766, Honda C90 Custom CMPယာဉ်လက်ဝယ်ရှိသူ ဦးမျိုးလွင် ၉/မရမ(နိုင်)၀၀၅၁၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ငွေချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၀

ဦးစိန်ကြွယ် နှင့် ဒေါ်ခင်လှ(၎င်း၏အထူးကိုယ်စားလှယ်စာရရှိသူ ဦးအောင်နိုင်)

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ၅၇ x ၅၈ လမ်းကြား၊ ၃၉ လမ်း၊ ရဲမွန်တောင်ရပ်ကွက်၊ ဒေါ်ခင်လှ ၎င်း၏ အထူးကိုယ်စားလှယ်စာရရှိသူ-ဦးအောင်နိုင်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလိုဦးစိန်ကြွယ်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (cc-၁)၊ ဦးပိုင်အမှတ်(၄၈)၊ ဧရိယာ(၀.၀၅၅၁)ဧက အကျယ်အဝန်းရှိမြေကွက် ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလကွယ် ၁၅ ရက်နေ့)မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဖွဲ့နေလအေး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ် (လလ-၉၄)၊ ဦးပိုင်အမှတ် (၃၂+၃၃)၊ ၁၄၂(A)လမ်း၊ ၅၀ လမ်းထောင့်ရှိ ဦးမြင့်လှိုင်အမည်ပေါက် ဂရန်မြေကွက်အား (ဖခင်) ဦးမြင့်လှိုင် (မိခင်) ဒေါ်လှရီတို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၃၈၁၂/၂၀၂၃ ဖြင့် အမွေဆက်ခံခဲ့သည့် တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်ခင်စန်းမော် ၉/မနတ(နိုင်)၀၅၈၅၄၉က အမှုတွဲအမှတ် ၆၈၈၃/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၄)လမ်း၊ အမှတ်(၁၇၈)၊ (၃လွှာ-ခေါင်းရင်း) တိုက်ခန်းအပါအဝင် ယင်းတိုက် ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အအရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်အိရွှေစင်ဝင်း ၁၂/ဗဟန(နိုင်) ၀၈၇၁၉၆ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးစည်သူစိုး ၁၂/ဒဂရ(နိုင်) ၀၁၉၁၄၁ က အပြီးအပိုင်လွှဲ ပြောင်းဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L)** | **ဒေါ်ခင်စောသိန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ်(၁၁၂/က)၊ (ဖလွှာ-ခြေရင်း) တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အအရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးသန့်ဇင် ၁၂/သကတ(နိုင်) ၁၆၄၉၇၀ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးသန့်ဇင်ဦး ၁၄/မမက(နိုင်)၁၈၂၅၂၆ က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L)** | **ဒေါ်ခင်စောသိန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် RKE/3335, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်နေ ဦးစိုးမြင့်ဦး ၁၁/စတန(နိုင်)၀၆၁၅၉၃ က ကမ-၃ ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်တွေမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/4889, Honda Click 125 M/Cအား စစ်တွေမြို့၊ ရွာကြီးတောင်ရပ်ကွက်နေ ဒေါ်အေးငြိမ်းမြတ် ၁၁/စတန(နိုင်)၁၂၀၆၃၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(စစ်တွေ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/4833, Honda Wave 110 M/Cအား စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်နေ ဦးမျိုးလွင် ၁၁/ကတန(နိုင်) ၀၆၅၈၂၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(စစ်တွေ)**

## ငွေချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၁

ဦးရန်ပိုင်ဦး နှင့် ဦးဟန်

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၁၃၁x၆၁လမ်းထောင့်၊ အကွက်အမှတ်(ခခ-၁၅/၇၈)၊ (ဆ-ရပ်ကွက်)နေ ဦးဟန်(ဘ)ဦးအောင်ရ(အေအီး-၂၃၃၂၀၀)(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးရန်ပိုင်ဦးက ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့် အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလကွယ်နေ့ မွန်းမတည့်မီ ၁၀ နာရီ)တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သုထက်နောင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ပတ်စ်ပို့ပျောက်

လားရှိုးမြို့နယ်၊ လွယ်လွမ့်အုပ်စု၊ နောင်ဖဲ့ကျေးရွာနေ မဝေဝေလှိုင်(ဘ)ဦးဟော်ရိန်စိမ် ၁၃/လရန(နိုင်)၂၄၅၈၆၇ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၅၁၀၅၁၄၈**

## မွေးသက္ကရာဇ်အမှန်

တောင်ငူခရိုင်၊ ထန်းတပင်မြို့၊ အလက(ခွဲ) မွန်အလယ်ကျောင်း၊ Grade-8မှ (ဘ)ဦးကျော်မျိုးအောင် ၇/ထတပ(နိုင်)၀၄၈၀၁၂ ၏ သမီး မမေမီအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၅-၂၀၀၅ ဖြစ်ပါကြောင်း။

**ဦးကျော်မျိုးအောင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7I/1843, Toyota Dyna Xzu 304, Light Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်စိုး ၈/ရနခ(နိုင်) ၀၇၆၀၄၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/36087 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဟန်နီထွန်း ၉/ရမသ(နိုင်) ၁၉၃၃၀၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရမည်းသင်း)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

စစ်တွေမြို့၊ မြို့သူကြီးရပ်ကွက်နေ ဦးထွန်းထွန်းနိုင်က စစ်တွေမြို့၊ မြို့သူကြီးရပ်ကွက်၊ အကွက်အမှတ်(၃၄)၊ ပါဒလိပ်ချိပ်အရှေ့အကွက်၊ ဦးပိုင်အမှတ်(၉၈-ဃ)၊ ဧရိယာ(၀.၀၃၈)ဧကနှင့် ဦးပိုင်အမှတ် (၉၈-စ)၊ ဧရိယာ (၀.၀၃၈)ဧကတို့ရှိ ဘိုးဘပိုင်(B)၊ မြို့မြေအား အမည်ပေါက်ပိုင်ဆိုင်ခဲ့သူ ဦးအောင်သာကျော်မှာ ကွယ်လွန်သွားပြီးဖြစ်၍ ဇနီးဖြစ်သူ ဒေါ်အေးကျော့စိန်ထံမှ ဦးထွန်းထွန်းနိုင်က စစ်တွေမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏၊ စာချုပ်အမှတ်- ၁၉၅/၂၀၂၃ အရ အိမ်ရာမြေနှင့် နေအိမ်အဆောက်အအုံ အပြီးအပိုင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားရှိပြီး ၎င်းအမည်ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော သက်သေအထောက်အထားများဖြင့် စစ်တွေမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူးထံ ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ စစ်တွေမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

စစ်တွေမြို့၊ ဆင်ကူးလမ်းရပ်ကွက်နေ ဒေါ်စုယဉ်အောင်က စစ်တွေမြို့၊ ဆင်ကူးလမ်းရပ်ကွက်၊ အကွက်အမှတ်(၃၀)၊ ဆင်ကူးလမ်းအကွက်၊ ဦးပိုင်အမှတ် (၁၄၂-က)၊ ဧရိယာ(၀ဒသမ၀၂၄)ဧကရှိ ဘိုးဘပိုင်(B)၊ မြို့မြေအား အမည်ပေါက်ပိုင်ဆိုင်သူ ဦးသိန်းဝင်းမှ ဦးခင်မောင်လှအား စစ်တွေမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏၊ စာချုပ်အမှတ် ၆၂/၂၀၂၃ ဖြင့် ဘိုးဘပိုင်အိမ်ရာမြေကွက် အပြီးအပိုင်အရောင်းအဝယ်စာချုပ်ဖြင့် ရောင်းချထားရှိပြီး ၎င်းထံမှ ဒေါ်စုယဉ်အောင်က စစ်တွေမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ်-၁၈၈/၂၀၂၃ အရ ဘိုးဘပိုင်အိမ်ရာမြေကွက်အပြီးအပိုင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားရှိပြီး ၎င်းအမည်ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော သက်သေအထောက်အထားများဖြင့် စစ်တွေမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူးထံ ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ စစ်တွေမြို့**

## ပြည်ထဲရေးဝန်ကြီးဌာန
## အကျဉ်းဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်များအတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်သော ငစိန်(၂၅%)နှင့် ၎င်းထက်အရည်အသွေး မနိမ့်သော ရိက္ခာဆန်များအား မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ အောက်ပါအတိုင်း ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | စစ်တွေအကျဉ်းထောင် | ၂,၆၁၇ အိတ် |
| (ခ) | ဘူးသီးတောင်အကျဉ်းထောင် | ၄,၅၇၁ အိတ် |
| (ဂ) | ကျောက်ဖြူအကျဉ်းထောင် | ၈၀၆ အိတ် |
| (ဃ) | သံတွဲအကျဉ်းထောင် | ၁,၆၀၄ အိတ် |
| | **စုစုပေါင်း** | **၉,၅၉၈ အိတ်** |

၂။ တင်ဒါပေးသွင်းသူသည် တင်ဒါအာမခံစပေါ်ငွေအဖြစ် မိမိတင်သွင်းမည့်ဈေးနှုန်းနှင့် ပေးသွင်းရမည့် ရိက္ခာဆန်အိတ်တန်ဖိုးကျသင့်ငွေ၏ (၁%)ကို Payment Order Cheque (PO Cheque)အား ဘဏ်တွင်ပြုလုပ်၍ တင်ဒါလျှောက်လွှာပုံစံနှင့်အတူ ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့၊ အကျဉ်းဦးစီးဌာန၊ ရခိုင်ပြည်နယ် ဦးစီးမှူးရုံး၊ စစ်တွေမြို့သို့ ပေးအပ်ရမည်။

၃။ တင်ဒါပုံစံတစ်စုံလျှင် ၁၀,၀၀၀/-နှုန်းဖြင့် ၁-၂-၂၀၂၄ ရက်နေ့မှ ၁၄-၂-၂၀၂၄ ရက်အထိ ရုံးချိန်အတွင်း လာ ရောက်ဝယ်ယူနိုင်သည်။

၄။ အိတ်ဖွင့်တင်ဒါများကို ၁၄-၂-၂၀၂၄ ရက် (၁၆၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၅။ အိတ်ဖွင့်တင်ဒါဖွင့်မည့်အချိန်မှာ ၁၅-၂-၂၀၂၄ ရက် (၁၀၀၀)နာရီ ဖြစ်ပါသည်။

၆။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၄၃-၂၁၀၄၀၊ ၀၉-၆၇၉၁၇၉၀၇၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**
**အကျဉ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/သမိုင်း၊ (၂)ရပ်ကွက်၊ သမိုင်းဘူတာရုံလမ်းသွယ်၊ မြေကွက်အမှတ် ၄၆/က၊ အိမ်အမှတ်(၅၁/က)ပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ (၃ ၁/၂)တိုက်ခန်း၏ ဒုတိယထပ်၊ (၃လွှာ)(တိုက်ရှေ့မျက်နှာမူလျှင် လက်ယာဘက်ခြမ်း)၊ ဧရိယာ(၅၅၅စတုရန်းပေ) ကျယ်ဝန်းသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်စပ်လျဉ်းသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့်ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်ပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ **ဒေါ်မာလာထွန်း (၁၂/တမန(နိုင်)၀၇၉၈၆၄)**ထံမှ ကျွန်ုပ်၏ မိတ်ဆွေ **ဒေါ်စုထွေးလှိုင် (၁၂/မရက(နိုင်) ၁၄၉၁၆၀)**က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စုလှိုင်ထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အေးဝင်း(LL.B)၊ အထက်တန်းရှေ့နေ(စဉ်-၅၂၅၈၂)**
**အမှတ်(၇၃၇/ခ)၊ မြေညီထပ်၊ မာဃလမ်းမ၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၆၇၆၄၈၉၈**

## ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ဥသျှစ်ကန်ကျေးရွာနေသော ကျွန်မ ဒေါ်ဘေဘီဝင်း ၅/ခဥန(နိုင်)၀၈၀၇၃၁ ၏ ခင်ပွန်းဖြစ်သူ ဦးဇော်ဇော်ထွန်း ၅/ရဘန(နိုင်)၁၄၈၁၁၄ သည် နေအိမ်မှ ဆင်းသွားပြီး လင့်ဝတ္တရား ပျက်ကွက်ပါသဖြင့် ယနေ့မှစ၍ ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ကြောင်း၊ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား ကျွန်မ ဒေါ်ဘေဘီဝင်းနှင့် မသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဘေဘီဝင်း ၅/ခဥန(နိုင်)၀၈၀၇၃၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ် (လလ-၉)၊ ဦးပိုင်အမှတ် (၃၁)၊ ၁၄၀.A လမ်း၊ ၆၂ x ၆၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးထွန်းမောင်၊ ဒေါ်မီမီအောင်တို့ (၂) ဦးအနက်၊ ဦးထွန်းမောင်ထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ် (၃၈၈၉/၂၀၂၃)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံသူ ဒေါ်မီမီအောင် ၉/မနတ(နိုင်)၀၆၆၈၅၃ က အမှုတွဲအမှတ် ၆၈၉၈/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3C/9383, Hino FWIKWC, Trcuk (8x4) (R) အမည်ပေါက်သူ/ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်း ၁၄/ကပန (နိုင်) ၀၇၄၂၃၅ မှ ဖောင်းကြွနံပါတ်ပြား ပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/61670, Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မင်း ၇/ရတန(နိုင်) ၁၄၈၃၉၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ပြည်ထဲရေးဝန်ကြီးဌာန
## အကျဉ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး
## ရိက္ခာဆန်ဝယ်ယူရေး (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အကျဉ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ကွပ်ကဲမှုအောက် အကျဉ်းထောင်/စခန်းများမှ အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူနှင့် လုပ်အားရှင်များအား ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်းကျွေးမွေးရန်လိုအပ်သော ငစိန်ဆန်(၂၅%)နှင့် ၎င်းထက်အရည်အသွေးမနိမ့်သော ရိက္ခာဆန် ၁၅,၃၈၇ အိတ်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသား လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါတင်သွင်းသူသည် ပေးသွင်းသည့်ဈေးနှုန်းနှင့် ဆန်အိတ်တန်ဖိုး၏ ၁% ကိုမြန်မာ့စီးပွားရေးဘဏ်၌ PO Cheque ပြုလုပ်၍ယှဉ်ပြိုင်သည့်ရက်၌ တင်ဒါနှင့် အတူပူးကွဲတင်ပြရမည်။

**တင်ဒါရောင်းချမည့်ရက်/ နေရာ** - ၁-၂-၂၀၂၄ရက်မှ ၁၃-၂-၂၀၂၄ရက် ၁၆:၀၀နာရီ
အကျဉ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မကွေးမြို့၌ တင်ဒါပုံစံ (၁) စောင်လျှင် ၁၅,၀၀၀/-ဖြင့် ဝယ်ယူနိုင်ပါသည်။

**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၅-၂-၂၀၂၄ရက် (ကြာသပတေးနေ့) ၀၉:၀၀ နာရီ

**နေရာ** - တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ မကွေးမြို့

အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**
**ဖုန်း-၀၆၃-၂၈၃၈၆၊ ၀၆၃-၂၈၃၈၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိ ရဲအုပ်မာမာလေး ၁၂/မရက(နိုင်)၀၅၆၂၉၁(ဘ)ဦးမြင့်သိန်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၀၀၃၀)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၅၉၂/၂၀၂၂(၁၅-၈-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးပိုင်မင်းဇံ ၉/ပဗသ(နိုင်)၀၂၂၈၂၄(ဘ)ဦးကျော်လွင်မှ ဒေါ်ငြေးလှိုင် ၇/ဒဥန(နိုင်)၂၀၅၃၁၃နှင့်မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံမြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁/သပြေကုန်း၊ မြေကွက်အမှတ်(S-၁၈၆)၊ ဧရိယာ(၀.၂၂၉)ဧကရှိ ဦးသန့်ဇင် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အား ဦးသန်းစိုးအောင် (ဘ) ဦးမြင့်အောင် ၉/လဝန(နိုင်)၁၂၉၃၀၂ (ဘဏ်ခွဲတာဝန်ခံ)၊ ရောဝတီဘဏ်အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ မြေငှားစာချုပ်၊ ပြန်လည်ရုပ်သိမ်းပယ်ဖျက်ခွင့်မရှိသော အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၂၈၉၀/၂၀၂၃)၊ နိုင်ငံသား စိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်ခိုင်သဇင်(ဘ)ဦးတင်မြ ၇/ဒဥန(နိုင်)၁၂၁၀၈၆နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် (နန-၁၅)၊ ဦးပိုင်အမှတ် (၉)၊ ၆၀.Bx၆၁ လမ်းကြား၊ စံပြလမ်းနှင့် သခင်ဖိုးလှကြီးလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးစိုးမောင်(ခ) ရှုလင့်စိန်ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၃၆၃၉/၂၀၂၃)ဖြင့်အမွေဆက်ခံသည့် ဇနီးဖြစ်သူ ဒေါ်ခင်ကြည်ဝင်း ၁၃/နခန(နိုင်)၀၀၃၁၁၃က အမှုတွဲအမှတ် ၆၈၈၄/၂၀၂၃-၂၀၂၄ဖြင့် သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မသက်ဆိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ဇီးပင်ဝန်းရွာနေ ကျွန်တော် ဦးတင်မိုး ၈/ဆမန(နိုင်)၀၀၃၅၇၆၏ ဇနီး ဒေါ်ထွေးထွေးဝင်း ၉/ကဆန(နိုင်)၁၂၂၉၃၅သည် ကျွန်တော်၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ မသက်ဆိုင်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှအား ကျွန်တော်နှင့်အတူ မိသားစုမှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်မိုး ၈/ဆမန(နိုင်)၀၀၃၅၇၆**
**ဇီးပင်ဝန်းရွာ၊ ကျောက်ဆည်မြို့နယ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ မိုးကုတ်မြို့၊ ရှောလီဝိုင်းရပ်ကွက်၊ ပိတ်စွယ်ရပ်ရှိဦးဘရင်နှင့်သမီး ဒေါ်တင်တင်ဝင်းအမည်ဖြင့် ဂရန်စာချုပ်နံပါတ်(၆၃၉/၉၇-၉၈)၊ အမှုတွဲအမှတ်-(၆၇၉/၉၇-၉၈)၊ (၁၂)ပိတ်စွယ်အနောက်၊ ဦးပိုင်အမှတ်-၉၄၊ ဧရိယာ(၀.၁၁၁)ဧကအတွင်းမှ ဂရန်မြေကွက်၏ အစိတ်အပိုင်းမြေကွက်ဖြစ်သော ဧရိယာ(၅၀)ပေx (၅၅)ပေရှိ ဂရန်မြေကွက်နှင့် ယင်းဂရန်မြေပေါ်ရှိ အိမ်အမှတ်- (၅/က-၃၇)၊ အောက်ထပ်အုတ်ညှပ်၊ အပေါ်ထပ်ပျဉ်ထောင်သွပ်မိုး၊ (၅/၅)ခန်းပတ်လည် နှစ်ထပ်နေအိမ်အဆောက်အအုံတို့ အပါအဝင် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်အတူ

၂။ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ မိုးကုတ်မြို့၊ ရှောလီဝိုင်းရပ်ကွက်၊ ပိတ်စွယ်ရပ်၊ (၁၂) ပိတ်စွယ်အနောက်၊ ဦးပိုင်အမှတ်-N ၁၄၅၊ ဧရိယာ-(၀.၀၄၅)ဧကရှိ အိမ်မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် အမွေဆက်ခံခြင်း၊ ပူးတွဲအမည်ပေါက်ပိုင်ဆိုင်ခြင်းတို့ဖြင့် လက်ရှိပိုင်ဆိုင်လျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်တင်တင်ဝင်း (ဘ)ဦးဘရင် (၉/မကန(နိုင်)၀၅၇၁၅၀) မှရောင်းချမည်ဖြစ်ကြောင်း အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေကိုပေးချေခဲ့ပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်း အပြည့်အစုံနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါကဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကိစ္စရပ်များကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဦးရာဇာထွန်း (LL.B)၊ အထက်တန်းရှေ့နေ (စဉ်-၄၀၄၁၆)**
**အမှတ်-၁၅၈၊ အောင်ချမ်းသာရပ်၊ မိုးကုတ်မြို့၊**
**ဖုန်း-၀၉-၇၇၅၅၅၅၂၇၇၊ ၀၉-၂၅၉၉၈၀၃၇၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်လိပ်စာပါ မြေကွက်အမှတ် ၁၆၃ ၏ အလျား၊ အနံ (၂၂ x ၆၀)ပေရှိ (ခေါင်းရင်းဘက်ခြမ်း)ရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ (၁)ထပ်နေအိမ်တို့ကို ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ကြောင်းနှင့် ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး ရောင်းသူ ဒေါ်နေခြည်အောင် ၁၃/လရန(နိုင်)၁၈၄၅၄၈ ထံမှ ဦးကျော်ဆန်းတင် ၁၁/စတန(နိုင်)၀၇၀၃၀၇ က လက်ရောက်ဝယ်ယူရန် စရန်ငွေ ပေးပြီးဖြစ်၍လည်းကောင်း၊ ယင်းမြေကွက်အမှတ်(၁၆၃)၏ ခြေရင်းဖက်ခြမ်းရှိ (၂၀ x ၆၀)ပေရှိသည့် မြေကွက်နှင့် မြေကွက်ပေါ်ရှိ (၁)ထပ်နေအိမ်တို့ကို ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ကြောင်းနှင့် ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး ရောင်းသူ ဦးအောင်စိုး ၁၂/မဂတ(နိုင်)၀၁၆၃၇၆ ထံမှ ဦးကျော်ဆန်းတင် ၁၁/စတန(နိုင်)၀၇၀၃၀၇ က လက်ရောက်ဝယ်ယူရန် စရန်ငွေ ပေးပြီးဖြစ်၍လည်းကောင်း၊ ယင်းအရောင်းအဝယ်တို့ကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း သက်ဆိုင်ရာစာချုပ်၊ စာရွက်စာတမ်းမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေအရ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းဇော်အောင် (LLB.) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၀၆၅)**
**အမှတ် ၂၂၁၅၇ လမ်း၊တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၅၅၈၆၃၁၆၊ ၀၉-၄၂၄၃၂၇၁၉၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးရုံး (ရုံးအမှတ်-၁၉) ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး (ရုံးအမှတ်-၁၉)တွင် လစ်လပ်လျက်ရှိသော(လစာနှုန်း၊၁၈၀၀၀၀ိ-၂၀၀ိ-၁၉၀၀၀၀ိ) နှင့် (လစာနှုန်း၊၁၄၄၀၀ိ-၂၀၀ိ-၁၅၄၀၀ိ) အောက်ဖော်ပြပါ အမှုထမ်း ရာထူး(၃) နေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း ဖြစ်ပါသည်-

| စဉ် | ရာထူး | ရာထူးနေရာ | အနိမ့်ဆုံးပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းစာရေး | ၁ | အခြေခံပညာ အထက်တန်းအောင်ရမည်။ |
| (ခ) | ရုံးအကူ | ၁ | အခြေခံပညာ အလယ်တန်းအောင်ရမည်။ |
| (ဂ) | သန့်ရှင်းရေး | ၁ | မြန်မာစာကို ကောင်းစွာ ရေးဖတ် တတ်ရမည် |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည် -
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၆)နှစ် မကျော်လွန်သူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ် မကျော်လွန်သူဖြစ်ပြီး လက်ရှိဌာန၏ ခွင့်ပြုချက် မူရင်းပါရှိရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဃ) ဌာနအတွင်း အနည်းဆုံး လုပ်သက်တစ်ဆက်တည်း (၃)နှစ် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။
(င) ရွေးချယ်ခြင်းခံရပါက နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။
(စ) အခြား ဝန်ထမ်းအဖွဲ့အစည်းများမှ လျှောက်ထားသူများသည် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။
(ဆ) အစိုးရဌာနတစ်ခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal) ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင် အောက်ဖော်ပြပါအချက်များကို ပြည့်စုံစွာဖော်ပြရမည်-
(က) အမည်၊
(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊
(ဂ) မွေးသက္ကရာဇ်၊ အသက်၊
(ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊
(င) ပညာအရည်အချင်း၊အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်သည့်ကျောင်း၊ တက္ကသိုလ်၊
(စ) လျှောက်ထားလိုသည့်ရာထူး၊
(ဆ) မိဘအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်၊
(ဇ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန၊
(ဈ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်၊
(ည) ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ၊
(ဋ) အမြဲတမ်းနေရာလိပ်စာ အပြည့်အစုံကို ဖော်ပြရမည်။

၄။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-
(က) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရယူထားသည့် စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်မူရင်း၊
(ဃ) သက်ဆိုင်ရာရဲစခန်းမှ (၁)လအတွင်းရယူထားသည့်ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊
(င) အလုပ်သမားမှတ်ပုံတင်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
(စ) (၁)လအတွင်း ရိုက်ကူးထားသည့် ပတ်စ်ပို့အရွယ် ကာလာဓာတ်ပုံ (၃)ပုံ (ဓာတ်ပုံ နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)
(ဆ) အခြားကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံရှိပါက ခိုင်လုံသော အထောက်အထား မိတ္တူများ၊
(ဇ) သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ (၁)လအတွင်း ရယူထားသော ကျန်းမာကြောင်း ဆေးထောက်ခံချက်မူရင်း၊
(ဈ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)။

၅။ လျှောက်ထားလိုသူသည် လျှောက်လွှာပုံစံနှင့်အတူ ဝန်ကြီးရုံး (ရုံးအမှတ်-၁၉)တွင် ၇-၂-၂၀၂၄ ရက် ရုံးချိန်အရောက် နောက်ဆုံးထား ပေးပို့ လျှောက်ထားရပါမည်။

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာပုံစံ(၁)စုံအား ဝန်ကြီးရုံး(ရုံးအမှတ်-၁၉) သို့ ပေးပို့လျှောက်ထားရမည်။

၇။ ဖြေဆိုခွင့်ရရှိသူအမည်စာရင်းနှင့် ခုံအမှတ်တို့ကို ကြော်ငြာသင်ပုန်းတွင် ကြေညာပေးထားမည်ဖြစ်သည်။

၈။ လျှောက်ထားသူသည် မြန်မာစာနှင့် အထွေထွေဗဟုသုတဘာသာရပ် မေးခွန်းတို့အား ၁၀-၂-၂၀၂၄ ရက်တွင် စစ်ဆေးခံရမည်ဖြစ်ပြီး အောင်မြင်သူကိုသာ ၁၁-၂-၂၀၂၄ ရက်တွင် လူတွေ့နှုတ်ဖြေ စစ်ဆေးမည်ဖြစ်သည်။

၉။ ဖြေဆိုခွင့်ကတ်ပြားများကို ၉-၂-၂၀၂၄ ရက်တွင် ထုတ်ယူရမည် ဖြစ်ပါသည်။

၁၀။ သတ်မှတ်ရက်ထက် နောက်ကျမှရောက်လာသောလျှောက်လွှာများအား ပယ်ဖျက်မည် ဖြစ်ပါသည်။

၁၁။ ရေးဖြေစာမေးပွဲဖြေဆိုရာတွင် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မူရင်း ပါရှိရမည် ဖြစ်ပါသည်။ မပါရှိပါက စာမေးပွဲဖြေဆိုခွင့် ရမည်မဟုတ်ပါ။

၁၂။ အသေးစိတ်သိလိုပါက ဖုန်း-၀၆၇-၄၀၉၃၈၆သို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

**ဝန်ကြီးရုံး**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊**
**(ရုံးအမှတ်-၁၉)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) တာချီလိတ်ခရိုင်တရားရုံးတော် ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၇

ဒေါ်စန်းမြင့် နှင့် ၁။ ကိုကျော်ဇေယျ
၂။ ဒေါ်ယဉ်နွယ်ထွေး
၃။ ဒေါ်စိုးစိုး
၄။ ကိုကျားပေါက်(ခ)ကိုရဲမင်းထွန်း

**တရားလို** **တရားပြိုင်များ**

တာချီလိတ်မြို့၊ ဟောင်လိတ်အုပ်စု၊ ရောင်နီဦးဟိုတယ်နေ ဒေါ်ယဉ်နွယ်ထွေးနှင့် ဒေါ်စိုးစိုး(အတူနေများ)(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စန်းမြင့်က လူထိခိုက်သေဆုံးခြင်းအတွက် ဝန်ခံကတိပြုထားသော နစ်နာကြေးငွေ ဘတ်(၁)သိန်းနှင့်ညီမျှသော မြန်မာငွေကျပ်သိန်း(၁၀၀)တိတိနှင့် အထွေထွေနစ်နာမှုလျော်ကြေးငွေ ဘတ်(၂)သိန်းနှင့်ညီမျှသော မြန်မာငွေကျပ် သိန်း(၂၀၀)တိတိ၊ စုစုပေါင်းဘတ်ငွေ(၃)သိန်း၊ မြန်မာငွေကျပ်သိန်း(၃၀၀)တိတိရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်(၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင်၊ သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစ ရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်စန်းမောင်)**
**ဒုတိယခရိုင်တရားသူကြီး**
**တာချီလိတ်ခရိုင်တရားရုံး**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၉၀)၊ မြန်အောင်လမ်းရှိ ဦးမောင်ဦး အမည်ပေါက် ပေ(၂၀x၆၀) ရှိသော မြေကွက်အမှတ်(၃၅၃)၏ ခေါင်းရင်းဖက်ခြမ်း (မြေကွက်အမှတ် ၃၅၄ နှင့် ကပ်လျက်ဖက်ခြမ်း)မြေကွက်ကို အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

အထက်လိပ်စာပါမြေကွက်ကို ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ကြောင်းနှင့် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းမရှိကြောင်း ဝန်ခံပြောဆိုပြီး ရောင်းသူ ဒေါ်ဖြူဖြူခိုင် ၉/မခန(နိုင်)၁၆၉၈၂၆ ထံမှ ဒေါ်အေးစုစုထွန်း ၁၁/စတန(နိုင်) ၀၅၆၀၆၈ က လက်ရောက်ဝယ်ယူရန် စရန်ငွေပေးပြီးဖြစ်၍ ယင်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း သက်ဆိုင်ရာစာချုပ်၊ စာရွက်စာတမ်းမူရင်းများနှင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေအရ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်သိန်းကျော်၊ ဦးအောင်နိုင်**
**တရားလွှတ်တော်ရှေ့နေများ**
**ဖုန်း-၀၉-၇၃၀၅၄၉၇၀၊ ၀၉ -၅၀၇၀၈၀၄**
**ရှေ့နေရုံးခန်း - ကွန်ဒိုတိုက်အမှတ် ၄၅၆၊ ပထမထပ်၊ ကမ်းနားလမ်းနှင့် လမ်းမတော်လမ်းထောင့်၊ (၁)ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။**
**Facebook: land lawyer1**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁၉)ရပ်ကွက်၊ မြတ်လေးလမ်း၊ အမှတ် (၉၀၂/ခ)ရှိ မြေတိုင်းရပ်ကွက် အမှတ်-၄၈၊ မြေကွက်အမှတ်-၉၀၂(ခ)၊ အကျယ်အဝန်းပေ(၂၀ x ၆၀)၊ ဦးသန်းငွေ ၁၂/ဗဟန(နိုင်)၀၁၄၈၅၁ အမည်ပေါက် ပါမစ်မြေ အမျိုးအစား မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို စာချုပ် အဆက်အစပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျော်မျိုးခန့် ၁၂/ရပသ(နိုင်)၀၆၉၁၅၁ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင် ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါ ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးကျော်မောင်မောင်မင်း(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၂၁)**
**အမှတ်(၂၈)၊ ဒုတိယထပ်၊ ဖျာပုံလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၅၈၉၅၂၅၄၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးမေတ္တာရပ်ကွက်၊ မြေကွက်အမှတ်-အောင်ချမ်းသာတိုးချဲ့-၁၆၂၄၊ အကျယ်အဝန်း (၄၀ x ၆၀)ရှိ ဦးဌေးဝင်း ၁၂/သလန(နိုင်)၀၅၅၈၆၄ အမည်ဖြင့် မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်သန်းသန်းရီ ၇/ပခန(နိုင်)၀၁၄၆၂၁ ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ယဉ်ယဉ်နိုင်က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကိုပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက မြေကွက်အရောင်းအဝယ်အား အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြညွန့် B.A (Law), LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၀)**
**အမှတ်-၁၇/၂၁၊ မြေညီ၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၀၆၀၂၁၆**

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်နှင့် အရန်တစ်လစာအတွက် ရိက္ခာဆန်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါပြန်လည်ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းများမှ အကျဉ်းသား/သူ၊ အချုပ်သား/သူ၊ ရဲဘက်လုပ်အားရှင်များအတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်နှင့် အရန်တစ်လစာအတွက် ကျွေးမွေးရန် လိုအပ်သောရိက္ခာဆန် (၅၉၁၂၀) အိတ်ကို သက်ဆိုင်ရာ အကျဉ်းထောင်/စခန်းများအရောက် မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များ အနေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်း ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ | **လုပ်ငန်းအမည်** | - ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်နှင့် အရန်တစ်လစာအတွက် လိုအပ်သော ရိက္ခာဆန်ဝယ်ယူခြင်း လုပ်ငန်း |
| ၃။ | **ဝယ်ယူမည့်အရေအတွက်** | - ရိက္ခာဆန်(၅၉၁၂၀)အိတ် |
| ၄။ | **အိတ်ဖွင့်တင်ဒါ လျှောက်လွှာဈေးနှုန်း** | - အိတ်ဖွင့်တင်ဒါတစ်စုံလျှင် (၅၀,၀၀၀/-)နှုန်း |
| ၅။ | **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** | - ၁-၂-၂၀၂၄ ရက်မှ ၁၄-၂-၂၀၂၄ ရက်ထိ ရုံးချိန်အတွင်း |
| ၆။ | **တင်ဒါရောင်းချမည့်နေရာ** | - ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန၊ အင်းစိန်မြို့နယ် |
| ၇။ | **တင်ဒါဖွင့်ဖောက်မည့်ရက်** | - ၁၅-၂-၂၀၂၄ ရက်( ကြာသပတေးနေ့) (ရက်အပြောင်းအလဲရှိနိုင်ပါသည်) |
| | **အချိန်** | - (၁၀၀၀)နာရီ |

၈။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး - ၀၁-၂၁၇၅၂၀၊ ၀၁-၂၁၇၅၂၁

(ခ) ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး - ၀၁၃-၆၄၂၄၉၅၊ ၀၁၃-၆၄၂၄၉၆

**တင်ဒါစိစစ်ရေးအဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန**

## ပြည်ထဲရေးဝန်ကြီးဌာန
## အကျဉ်းဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ထောင်/စခန်းများ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်နှင့်(အရန်တစ်လစာအပါ)လိုအပ်သော ဆန်ငစိန် (၂၅ရာခိုင်နှုန်း)နှင့် ၎င်းထက် အရည်အသွေးမနိမ့်သော ရိက္ခာဆန်(၁)အိတ် (အိတ်ခွံမပါ၊ ၁၁၀ပေါင်) ၂၂၇၂၅ အိတ်ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။ ပေးသွင်းရမည့်နေရာများမှာ ပုသိမ်ထောင် ၈၂၂၁ အိတ်၊ မြောင်းမြထောင် ၅၄၀၇ အိတ်၊ ဟင်္သာတထောင် ၂၉၅၆ အိတ်၊ မအူပင်ထောင် ၂၁၆၁ အိတ်၊ ဖျာပုံထောင် ၁၉၈၄အိတ်၊ ကစက်ကဲစခန်း ၆၀၄ အိတ်၊ ဆားမလောက်စခန်း ၆၃၉ အိတ်၊ ၄က်ပေါက်စခန်း ၇၅၀ အိတ် ဖြစ်ပါသည်။

၂။ တင်ဒါသွင်းသူသည်ပေးသွင်းမည့် ဈေးနှုန်းနှင့်ဆန်အိတ်တန်ဖိုး၏ ၁ရာခိုင်နှုန်းကို မြန်မာ့စီးပွားရေးဘဏ်၌ PO Cheque ပြုလုပ်၍ယှဉ်ပြိုင်သည့်ရက်၌ တင်ဒါနှင့်အတူ ပူးတွဲတင်ပြရမည်။

၃။ တင်သွင်းမည့် ရိက္ခာဆန်နမူနာ (၁)ပေါင်အိတ်(၅)အိတ်ကို ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့သို့ တင်ပြရမည်။ တင်ဒါစာရွက်များကို အိတ်ပိတ်စာအိတ်ဖြင့် တင်သွင်းရမည်ဖြစ်ပြီး အောက်ပါအတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်။** ၁-၂-၂၀၂၄ မှ ၁၄-၂-၂၀၂၄ ထိ ရုံးချိန်အတွင်း အကျဉ်းဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပုသိမ်မြို့၌ တစ်စောင်လျှင် ၁၇၀၄၃၇.၅/-နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

(ခ) **တင်ဒါရောင်းချခြင်းကို** ၁၃-၂-၂၀၂၄ ရက်၊ ၁၆၀၀ နာရီ၌ ပိတ်မည်ဖြစ်ပါသည်။

(ဂ) **တင်ဒါဖွင့်မည့်ရက်။** ၁၅-၂-၂၀၂၄ ရက်၊ နံနက်(၁၀၀၀)နာရီဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ ပုသိမ်မြို့၌ ဖြစ်ပါသည်။ (ရက်အပြောင်းအလဲ ရှိနိုင်ပါသည်။)

၄။ တင်ဒါရွေးချယ်ခြင်းမပြုသူများအား သီးခြားအကြောင်း ပြန်ကြားမည်မဟုတ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**
**ဖုန်း-၀၄၂-၂၄၂၈၅၊ ၀၄၂-၂၄၂၈၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၆/ကျောင်းတော် မြောက်ရပ်)၊ ဦးပိုင်အမှတ်(၁၂-င)၊ မြေဧရိယာ ၀ ဒသမ ၀၅၈ ဧကရှိ အစိုးရ မြို့မြေကွက်အား ဒေါ်နီလာဦး (ဘ)ဦးချစ်တီး ၉/လဝန(နိုင်)၂၃၉၂၂၈ မှ အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်လွှာ မူရင်းများတင်ပြ၍ အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှု အပေါ်ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန
## မအူပင်တက္ကသိုလ် ကြေညာချက်
## (၁၆) ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မအူပင်တက္ကသိုလ်၏ (၂၀၂၂-၂၀၂၃)ပညာသင်နှစ်၊ ၂၀၂၃ စက်တင်ဘာလတွင် ကျင်းပပြီးစီးခဲ့သော ရိုးရိုးဘွဲ့ (ဝိဇ္ဇာ/သိပ္ပံ)၊ ဂုဏ်ထူးတန်းဘွဲ့ (ဝိဇ္ဇာ/သိပ္ပံ)၊ မဟာဘွဲ့ (ဝိဇ္ဇာ/သိပ္ပံ)စာမေးပွဲ အောင်မြင်သူများအတွက် မအူပင်တက္ကသိုလ်၌ (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကျင်းပမည်ဖြစ်ပါသဖြင့် အဆိုပါအခမ်းအနားသို့ တက်ရောက်ဘွဲ့(သို့) အဝေးရောက်ဘွဲ့ယူရန် ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို မအူပင်တက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် ၁၈-၁-၂၀၂၄ရက် (ကြာသပတေးနေ့) မှ စတင်ရယူ၍ ၉-၂-၂၀၂၄ရက် (သောကြာနေ့)အထိ (စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ) နောက်ဆုံးထား၍ ရုံးချိန်အတွင်း လျှောက်ထားရပါမည်။

၂။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်/အဝေးရောက် လျှောက်ထားလိုသူများသည် ဘွဲ့လျှောက်လွှာများကို မအူပင်တက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်(မူရင်း-မိတ္တူ)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း-မိတ္တူ)နှင့် နောက်ဆုံးနှစ်ကျောင်းသားကတ် (မူရင်း-မိတ္တူ) တင်ပြတောင်းယူလျက် လွန်ခဲ့သော(၃)လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံ (၂"x၁ ၁/၂' အရွယ်) (၂) ပုံ ပူးတွဲ၍ လျှောက်ထားရပါမည်။

၃။ ဘွဲ့နှင်းသဘင်ကြေးကို မအူပင်တက္ကသိုလ် ငွေလက်ခံဌာနသို့ ပေးသွင်းရမည်။ နယ်မှ လျှောက်ထားသူများသည် သတ်မှတ်ကြေးကို ပါမောက္ခချုပ် မအူပင်တက္ကသိုလ်သို့ လိပ်မူ၍ စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့် ပေးပို့နိုင်သည်။ ငွေပို့လွှာ၏ အောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးဟု ဖော်ပြပြီး လျှောက်လွှာရှင် အမည်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ အောင်မြင်သည့် ခုနှစ် စသည်တို့ကို တိကျစွာ ဖော်ပြရမည်။

၄။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်လိုသူများသည် ဘွဲ့နှင်းကြေး (၁၅၀၀၀/-) တစ်ထောင့်ငါးရာကျပ်တိတိနှင့် အဝေးရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းကြေး (၁၀၀၀၀/-) တစ်ထောင်ကျပ်တိတိပေးသွင်းရမည်။

၅။ ဘွဲ့တက်ရောက်ယူမည်ဟု လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ဘွဲ့ယူရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်သည်။

၆။ မအူပင်တက္ကသိုလ် (၁၆)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**ဘွဲ့နှင်းသဘင်နေ့ - ၂၄-၂-၂၀၂၄ ရက် (စနေနေ့)**

| **(က) နံနက်ပိုင်း (နံနက် ၉ နာရီ)** | **(ခ) မွန်းလွဲပိုင်း (မွန်းလွဲ ၂နာရီ)** |
|---|---|
| - ရိုးရိုးဘွဲ့ | - ရိုးရိုးဘွဲ့ |
| မြန်မာစာ၊ ပထဝီဝင်၊ အရှေ့တိုင်းပညာ ဓာတုဗေဒ၊ သင်္ချာ၊ ရုက္ခဗေဒ | အင်္ဂလိပ်စာ၊ သမိုင်း၊ ဒဿနိကဗေဒ ရူပဗေဒ၊ သတ္တဗေဒ၊ ဘူမိဗေဒ |
| - ဂုဏ်ထူးတန်းဘွဲ့ | - ဂုဏ်ထူးတန်းဘွဲ့ |
| မြန်မာစာ၊ သင်္ချာ၊ ရုက္ခဗေဒ၊ | ရူပဗေဒ၊ သတ္တဗေဒ |
| - မဟာဘွဲ့ | - မဟာဘွဲ့ |
| မြန်မာစာ၊ ပထဝီဝင်၊ အရှေ့တိုင်းပညာ၊ ဓာတုဗေဒ ၊သင်္ချာ၊ ရုက္ခဗေဒ | သမိုင်း၊ ဒဿနိကဗေဒ ၊ရူပဗေဒ၊ သတ္တဗေဒ |

**အစမ်းလေ့ကျင့်ခြင်းရက် - ၂၂-၂-၂၀၂၄ရက် (ကြာသပတေးနေ့) (နံနက်ပိုင်း)**

၇။ ဘွဲ့အသီးသီးကို တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာနှင့် ကိုက်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)တို့မှ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။

၈။ ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာကို ၁၉-၂-၂၀၂၄ရက် (တနင်္လာနေ့) နံနက် (၁၀:၀၀)နာရီတွင် စာမေးပွဲနှင့်ဘွဲ့နှင်းဌာန၌ ထုတ်ပေးပါမည်။ ဘွဲ့ဝတ်စုံထုတ်ယူသူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ကျောင်းသားမှတ်ပုံတင်ကတ်ပြားများကို ယူဆောင်လာရမည်။

၉။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက မအူပင်တက္ကသိုလ် မော်ကွန်းထိန်း (စာမေးပွဲနှင့်ဘွဲ့နှင်းဌာန) ဖုန်း-၀၉-၄၂၈၀၀၄၆၃၃ သို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

**မှတ်ချက်။** အခြားပညာသင်နှစ်မှ ဘွဲ့စာမေးပွဲ အောင်မြင်ကြသူများသည် အဝေးရောက်ဘွဲ့ လျှောက်ထားနိုင်ပါသည်။

**မော်ကွန်းထိန်း၊ သင်တန်းရေးရာ**
**မအူပင်တက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၀၆ ဧကရှိ ဒေါ်မေရီအင်န် (ခ) ဒေါ်ခင်သီတာ ၁၂/ဗတထ(နိုင်)၀၁၉၄၉၉ (ဘ) ဦးအောင်ခင် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၀၆၈၂)ကို နေပြည်တော်စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၆၁၅၂/၂၀၂၂(၁၈-၄-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးအောင်သူလင်း ၁/မကတ(နိုင်)၀၆၄၄၆၁ (ဘ)ဦးမောင်ရှိန်(ခ)စက်ရှိန်မှ ဒေါ်နှင်းနုအောင် ၁၂/ရပသ(နိုင်)၀၄၈၆၉၉ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးသန်းထွန်း၏သား မောင်ဌေးနိုင်လင်းသည် ၅/ဆလက(နိုင်)၁၄၂၆၅၁ ၏ ပတ်စ်ပို့နံပါတ် (ME 231108) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးရန်။

**ဖုန်း-၀၉-၄၀၀၁၅၁၆၁၀**

## ပတ်စ်ပို့ပျောက်

ကျွန်မ မသိင်္ဂီ ၇/သဝတ(နိုင်) ၁၅၄၅၈၇ ကိုင်ဆောင်သော နိုင်ငံကူး လက်မှတ်အမှတ် MD-904651 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၅၄၄၀၃၇၄**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ထွန်းနိုင်ဝင်း ၉/ညဥန(နိုင်)၁၇၀၃၂၃ ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် ME-199934 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၂၆၁၆၃၅၇**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အထက(၂)စမ်းချောင်း Grade-5 မှ မောင်ဘုန်းပြည့်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးချမ်းမြေ့ထွန်း ဖြစ်ပါကြောင်း။

**ဦးချမ်းမြေ့ထွန်း**

## နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း

ဦးတင်ဝင်းနိုင်၏သမီး ဒေါ်နှင်းသဇင်လှိုင် ၈/မသန(နိုင်)၀၉၆၇၄၃၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၈၆၇၆၆၉**

## နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း

ဦးခင်မောင်၏သား ဦးမြင့်စိုး ၈/မသန(နိုင်)၀၉၈၅၂၁၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၈၆၇၆၆၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/94683 Yunde-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးပေါက်စ ၇/ပခတ(နိုင်) ၁၃၁၅၇၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ပုံစံ(၈)ဝင် အခြားခွဲသား (၉၂၄)ချောင်း၊ (၁၆ ဒသမ ၃၂၅၆)တန်နှင့် ပုံစံ(၈)ဝင်မီးသွေးဂျပ်ဖာ (၁၂၀၀)ပုံး (၇၆ ဒသမ ၈)တန်အား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းကြော်ငြာ

ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ကရင်ပြည်နယ်၏ ၁၅-၁၂-၂၀၂၃ ရက်စွဲပါစာအမှတ်၊ ၄၂၆၉-၄၂၇၀/သ(င)၇ နှင့် ၂၄-၁-၂၀၂၄ ရက်စွဲပါ စာအမှတ် ၂၄၃-၂၄၄/ သ(င)၇ တို့အရ ပုံစံ(၈)ဝင် အခြားခွဲသား (၉၂၄)ချောင်း၊ (၁၆ ဒသမ ၃၂၅၆)တန်နှင့် ပုံစံ(၈)ဝင်မီးသွေးဂျပ်ဖာ (၁၂၀၀)ပုံး၊ (၇၆ ဒသမ ၈)တန်အား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသဖြင့် မည်သူမဆို လေလံစည်းကမ်းချက်များနှင့်အညီ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာအပ်ပါသည်။

လေလံဆွဲဝယ်ယူလိုသောသူများသည် လေလံလျှောက်လွှာနှင့် လေလံစည်းကမ်းချက်များအား ၁၃-၂-၂၀၂၄ ရက်ထိ၊ ရုံးချိန်အတွင်း (ရုံးပိတ်ရက်မှအပ) ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် (၁)စုံလျှင် ၃၀၀၀/- ကျပ်နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်-

| | | |
|---|---|---|
| ၁။ | **လျှောက်လွှာတင်ရမည့် နောက်ဆုံးရက်** | - ၁၃-၂-၂၀၂၄ ရက်(အင်္ဂါနေ့) |
| ၂။ | **လေလံတင်ရောင်းချမည့်ရက်** | - ၁၅-၂-၂၀၂၄ ရက်(ကြာသပတေးနေ့) |
| ၃။ | **လေလံတင်ရောင်းချမည့်အချိန်** | - နံနက် ၁၁:၀၀နာရီ ပုံစံ(၈)ဝင် အခြားခွဲသား (၉၂၄)ချောင်း၊ (၁၆.၃၂၅၆)တန် နံနက် (၁၁:၃၀)နာရီ ပုံစံ(၈)ဝင် မီးသွေး ဂျပ်ဖာ (၁၂၀၀)ပုံး၊ (၇၆.၈)တန် |
| ၄။ | **လေလံတင်ရောင်းချမည့်နေရာ** | - မြို့နယ်ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ အမှတ်(၄)ရပ်ကွက်၊ အင်ကုန်းလမ်း၊ ဘားအံမြို့ |

အသေးစိတ်စုံစမ်းလိုပါက အောက်ပါအတိုင်းစုံစမ်းမေးမြန်းနိုင်ပါသည်-

(က) ဘားအံခရိုင်၊ သစ်တောဦးစီးဌာန၊ ဘားအံမြို့
ဖုန်း ၀၅၈-၂၀၂၁၄၆၄၊ ၀၉-၂၅၉၂၆၅၅၃၅၊ ၀၉-၂၅၅၈၃၈၄၀၂

(ခ) ဘားအံမြို့နယ်၊ သစ်တောဦးစီးဌာန၊ ဘားအံမြို့
ဖုန်း ၀၉-၄၀၀၄၀၆၀၈၂ ၊ ၀၉-၄၂၅၂၈၄၄၅၁

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ - ၂၈၃ )
## ဖေယျာသီရိခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁

**ကွယ်လွန်သူ ဦးမြသိန်း၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

ဖေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ မီးလောင်ကုန်းရွာသစ်ကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးမြသိန်း၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းစာ ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ဌေးကြွယ်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်)၌ မိမိကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်)၌ မိမိကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်း လက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ဌေးကြွယ်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မျိုးကျော်အောင်)
ခရိုင်တရားသူကြီး
ဖေယျာသီရိခရိုင်တရားရုံး

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ ငထွေရှူးလမ်း၊ အမှတ်(၁၄၇/က)ရှိ အိမ်၊ မြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၈)၊ ငထွေရှူးလမ်း၊ မြေကွက်အမှတ် (၁၄၇/က)ဟုခေါ်တွင်သော မြေအလျားxအနံ(၂၀x၆၀)ပေ၊ ဧရိယာ ၀ ဒသမ ၀၂၇၅ ဧက၊ (၁၂၀၀) စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် အဆောက်အအုံ၊ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား အမည်ပေါက် ဦးနေဝင်း ၁၂/ဗဟန(နိုင်) ၀၆၄၆၄၀ ထံမှ ဆက်စပ် အရောင်းအဝယ်စာချုပ်စာတမ်းများဖြင့်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ယမင်းနီဝေ ၇/ဒဥန(နိုင်) ၀၉၉၀၈၉ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးဇော်ထက် ၁၂/လသန(နိုင်)၀၁၉၉၈၁ က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ အိမ်နှင့်မြေအရောင်း အဝယ်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်း အထောက်အထားမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက် ပြသကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ သတ်မှတ်ရက်ကျော်လွန်က ဤအိမ်နှင့်မြေအရောင်းအဝယ်ကို အပြီးအပိုင် ဝယ်ယူရန်အတွက် တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ ဦးဇော်ထက်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်စုစုအောင် (LL.B) | ဒေါ်ဖွေးလဲ့ဖြူ (LL.B) |
| (စဉ်-၁၃၄၉၈/၂၀၁၇) | (စဉ်-၅၃၁၃၁/၂၀၂၀) |
| (တရားလွှတ်တော်ရှေ့နေ) | (အထက်တန်းရှေ့နေ) |

**အမှတ်(၃၃၂)၊ ဒုတိယထပ်၊ သီလ(၁၀)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၇၇၈၉၄၀၂၀၆**

## ဆရာကြီး ဦးကြင်သောင်း
### သဲကုန်းအ.ထ.က ကျောင်းသား / ကျောင်းသူဟောင်းများ
### ကန်တော့ခံဆရာကြီး အမှတ်စဉ် (၈)
### အသက် (၈၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ သဲကုန်းမြို့နယ်၊ ရပ်ကွက်(၁)၊ ဘုရားကြီးလမ်းနေ (ဒေါ်တင်မြ)၏ခင်ပွန်း၊ ဦးရွှေဝင်းဦး-ဒေါ်သင်းသင်းခိုင် (မြို့နယ်ပညာရေးမှူးရုံး)၊ ဒေါ်နီနီသောင်း (အ.လ.ပြ တည်သီးပြင် အ.မ.က)၊ ဦးတင်မောင်မောင်၊ ဦးတင်ကျော်ကျော်-ဒေါ်မြင့်မြင့်လေး၊ ဦးကျော်ကျော်မိုး၊ ဦးဝင်းနီ-ဒေါ်အေးအေးသောင်းတို့၏ မွေးသဖခင်၊ မြေး(၆)ယောက်တို့၏ အဘိုးဆရာကြီးဦးကြင်သောင်း (အ.လ.ပြ-ငြိမ်း)သည် (၉၆)ပါး ရောဂါဖြင့်နေအိမ်တွင် (၃၁-၁-၂၀၂၄)ရက် မွန်းလွဲ (၁၂:၃၀)နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် (၂-၂-၂၀၂၄)ရက်၊ (သောကြာနေ့)၊ မွန်းလွဲ (၁:၃၀)နာရီတွင် သဲကုန်းမြို့မသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ကျောင်းသား/ကျောင်းသူဟောင်းများ လိုက်ပါပို့ဆောင်ကြပါရန်။

**သဲကုန်း အ.ထ.ကကျောင်းသား/ကျောင်းသူဟောင်းများ**
**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**

## ဒေါက်တာ တင်တင်ငွေး
### အထူးကုဆရာဝန်ကြီး(အဏုဇီဝဗေဒ)
### ဗိုင်းရပ်စ်ဗေဒဌာန
### အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန
### အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၃လမ်း(အလယ်ဘလောက်)၊ အမှတ်(၇၀)၊ မြေညီထပ်နေ ဦးကျင်ငွေး-(ဒေါ်ကျင်သန်း)တို့၏သမီးလတ်၊ ဒေါက်တာ တင်တင်သော်၏ညီမ၊ ဦးသန်းအောင်၊ ဒေါ်အိအိငွေးတို့၏အစ်မလတ်သည် ၃၀-၁-၂၀၂၄ရက်(အင်္ဂါနေ့) ည ၇:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၂၄ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၅-၂-၂၀၂၄ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အမှတ်(၇၀)၊ မြေညီထပ်၊ (၁၃)လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနခွဲ၊ ရန်ကုန်မြို့မှ ဒေါက်တာတင်တင်ငွေး၊ ဌာနမှူး/အထူးကုဆရာဝန်ကြီး (အဏုဇီဝဗေဒ)(ရောဂါပြီးဗေဒဌာန) အသက်(၄၉)နှစ်သည် ၃၀-၁-၂၀၂၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဒေါက်တာ ငွေးငွေးတင်နှင့်**
**အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနခွဲမှ**
**အရာထမ်း၊ အမှုထမ်းများ**

## အများသိစေရန်ကြေညာခြင်း

ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့၊ သာယာအေးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၂၀၆၆၊ တွင်းမ)၊ ဦးပိုင်အမှတ် (၁၄၅)၊ မြေကွက်အမှတ် (၈၄/၁၅၇)၊ မြေဧရိယာ (၀.၁၀၄)ဧကအား လူနေထိုင်အသုံးပြုရန်အတွက် ဦးလှဆက်(ခ)ဦးစိန်ဝင်းကျော်အမည်ဖြင့် ၂၂-၂-၂၀၂၆ ရက်မှ ၂၁-၄-၂၀၄၆ ရက်အထိ နှစ်ရှည်နှစ် ၃၀ ခွင့်ပြုချထားပေးခဲ့ရာ ခင်ပွန်းဖြစ်သူ ဦးလှဆက်(ခ)ဦးစိန်ဝင်းကျော်သည် ၂၄-၇-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်ရွှေမှုံ (၉/ကပတ(နိုင်)၁၂၅၇၆၀) အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း)ခွင့်ပြုချထားပေးနိုင်ပါရန် တင်ပြလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်ဦးမြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးမျိုးဇော်(၁၂/ဥကတ(နိုင်)၁၃၀၀၃၁)နှင့် ဒေါ်နှင်းဆီ (၁၂/ဥကတ (နိုင်)၀၀၁၀၀၃)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးဇော်နှင့် ဒေါ်နှင်းဆီတို့၏သားဖြစ်သူ ဦးထက်အာကာဝင့် (၁၂/ဥကတ(နိုင်)၂၀၂၄၈၂) သည် မိဘများ၏ ဆိုဆုံးမမှုများကို မနာခံဘဲ မိဘများအား ဂုဏ်သိက္ခာကျဆင်းစေသည့်ကိစ္စရပ်များကို ပြုမူဆောင်ရွက်ခြင်း၊ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲစေခြင်း အစရှိသောကိစ္စရပ်များ အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့ခြင်း၊ မိဘများဆိုဆုံးမနေသည့်ကြားမှ မိဘများ ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များကို ပြုမူ၍ နေအိမ်ပေါ်မှ မိမိသဘောဖြင့် ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်ငြိမ်း(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၅၅)**
**အမှတ်(၈၉၈)၊ စာဂုလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၀၀၁၇၉၃၊ ၅၇၂၆၉၀**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဦးအထွီး
### အသက် (၇၁)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် (၁၁၅-A) ၅၂လမ်းနေ (ဦးသာဦး-ဒေါ်ကျော့စိန်)တို့၏သား၊ (ဦးကျော်ဇောရှီ-ဒေါ်လှမြသိန်း)တို့၏ သားသမက်၊ ဒေါ်သန်းသန်းငွေး၏ ခင်ပွန်း၊ မောင်ထွန်းထွန်းဦး-မသန်းသန်းနု၊ မောင်ကျော်ကျော်အောင်၊ မောင်ကျော်လင်းထွန်း-မခိုင်ဇံဝေ၊ မောင်ဇင်လင်းသက်-မမြသန်းနွယ်တို့၏ဖခင်၊ မောင်အောင်ဆန်းဦး၊ မောင်ကျော်ဆန်းဦး၊ မောင်ဉာဏ်လင်းထက်၊ မောင်ဟိန်းထက်လင်းတို့၏ ချစ်လှစွာသောအဘိုးရှင်သည် ၃၁-၁-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇:၄၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၂-၂၀၂၄ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

နေအိမ်မှကားများ ၂-၂-၂၀၂၄ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာတင်တင်ငွေး
### ဌာနမှူး/အထူးကုဆရာဝန်ကြီး(အဏုဇီဝဗေဒ)
### ရောဂါပြီးဗေဒဌာန၊
### အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနခွဲ
### အသက်(၄၉)နှစ်

ရောဂါပြီးဗေဒဌာန၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနခွဲမှ ဒေါက်တာတင်တင်ငွေး၊ ဌာနမှူး/အထူးကုဆရာဝန်ကြီး (အဏုဇီဝဗေဒ)သည် ၃၀-၁-၂၀၂၄ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အဏုဇီဝဗေဒဘာသာရပ်အဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

တောင်ငူခရိုင်၊ ဖြူးမြို့၊ မြို့မအရှေ့ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၁-ဃ၊ ဖြူးမြို့မရပ်)၊ ဦးပိုင်အမှတ်(၈၇)၊ ဧရိယာ(၀ ဒသမ ၀၄၈)ဧကရှိ မြေအား ဦးငွေးအောင်၊ ဒေါ်အေးအေးမာ အမည်ဖြင့် မြေငှားဂရန် လျှောက်ထားမှုနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖြူးမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ဖြူးမြို့**

## အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ နယ်မြေ (၅)၊ လွယ်ခမ်းလမ်းခွဲ (၂၅) လမ်းရှိ မြေကွက်အမှတ် (A-5) (၆၀ x ၄၀) ပေရှိ မြေကွက်အား ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ Hill Top Bista ကွန်ဒို၊ အမှတ် (၈၀၉-ဘီ)နေ ဦးဝင်းကိုကို (၆/မမန(နိုင်)၁၃၁၁၈၁)က တောင်ကြီးမြို့၊ ရတနာသီရိရပ်ကွက်၊ နီလာလမ်း၊ အမှတ်(၁၄)နေ ဦးဖြိုးအောင်ဇော်လတ် (၁၃/တကန(နိုင်)၁၄၄၆၄၂) ထံမှ (၁-၆-၂၀၂၀) ရက်တွင် ငွေကျပ်သိန်း (၂၅၀) ဖြင့် တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရှေ့မှောက်၌ မှတ်ပုံတင်အမှတ် (၁၁၇/၂၀၂၀) အရ အရောင်းအဝယ်စာချုပ် (အရပ်စာချုပ်) ပြုလုပ်ကာ ဝယ်ယူလက်ရောက်ပိုင်ဆိုင်ခဲ့ပါသည်။ ရောင်းသူ၊ ဝယ်သူတို့ချုပ်ဆိုခဲ့သည့် (၁-၆-၂၀၂၀) ရက်စွဲပါ အရောင်းအဝယ်စာချုပ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် အရောင်းအဝယ်စာချုပ်အသစ်ထပ်မံချုပ်ဆိုမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးဝင်းကိုကို၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နုနုထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၅၈၁/၂၀၂၂)**
**အမှတ် (၂၃၈) ၊ နယ်မြေ (၁၃) ၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့။**
**ဖုန်း-၀၉-၄၅၈၀၄၁၉၆၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅)၊ လူနေရပ်ကွက်အမှတ်()၊ ပင်းယ(၁၀)လမ်း၊ မြေကွက်အမှတ်(၁၆၅/A-က)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ x ၆၀)ပေ၊ ဧရိယာ(၁၂၀၀)စတုရန်းပေ(၀ ဒသမ ၀၂၇၅)ဧက ပေါ်ရှိ နှစ်(၆၀)မြေငှားဂရန်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးရဲမြင့်(AD-051312) အမည်ဖြင့် အမည်ပေါက်လျက်ရှိပါသည်။ အမည်ပေါက် ပိုင်ဆိုင်သူ ဦးရဲမြင့်သည်(၉-၂-၂၀၀၂)ရက်တွင် ကွယ်လွန်သွားသည့်အတွက် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်(၉၃၁၃/၂၀၂၃)အရ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းမြင့် ၁၂/ဥကတ(နိုင်)၀၇၈၅၁၇ မှ ပိုင်ဆိုင်လျက်ရှိပါသည်။ အထက်ဖော်ပြပါ အိမ်နှင့်မြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်စန်းမြင့်၏သမီးအရင်း တော်စပ်သူများဖြစ်ကြသော ဒေါ်သန္တာမြင့် ၁၂/ဥကတ(နိုင်)၀၇၈၆၁၉ နှင့် ဒေါ်နီလာမြင့် ၁၂/ဥကတ(နိုင်)၀၇၃၉၅၇ တို့အား (၁-၁၁-၂၀၂၃)ရက်စွဲပါ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် ပေးအပ်ခဲ့ပြီး ဒေါ်သန္တာမြင့်နှင့် ဒေါ်နီလာမြင့်တို့မှ ၎င်းတို့၏ အမည်ပေါက်စေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဒေါ်သန္တာမြင့်နှင့်ဒေါ်နီလာမြင့်တို့ အမည်ပေါက်စေရန်အတွက် တရားဥပဒေအရ လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်စန်းမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာမြင့်(LL.B,D.B.L)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၅၁)(၁၃-၉-၂၀၁၂)**
**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

### ဘဝနတ်ထံ ပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တပညာသာမိမဟာထေရ်
### သက်တော် (၉၁) နှစ်၊ သိက္ခာတော် (၇၁) ဝါ

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ ချမ်းသာကြီးတောင်တိုက်မရမ်းခြံကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဖြစ်တော်မူသော ဘဒ္ဒန္တပညာသာမိမဟာထေရ် သက်တော် (၉၁) နှစ်၊ သိက္ခာတော် (၇၁) ဝါ ရှိတော်မူသော အရှင်သူမြတ်ကြီးသည် ပြာသိုလပြည့်ကျော် (၃)ရက်နေ့ နံနက်(၁၂:၀၀)နာရီ (၁၅)မိနစ်အချိန်တွင် ဘဝနတ်နန်းစံမြန်းတော်မူသောကြောင့် ဥတုဇရုပ်ကလာပ်ကို ပြာသိုလပြည့်ကျော်(၁၂) ရက်နေ့ မွန်းတည့်(၁၂:၀၀)နာရီအချိန်တွင် အေးရိပ်ငြိမ်သုသာန်၌ အန္တိမအဂ္ဂိစျာပနပူဇာပြုလုပ်မည်ကို ရပ်ဝေးရပ်နီးမှ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**တပည့်ဒါယကာ၊ ဒါယိကာမများ**

## အထူးကျေးဇူးတင်ရှိခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမ
## ဒေါ်ဆိုင်းညွန့်(မြောင်းမြ)
### အသက်(၈၂)နှစ်

၂၃-၁-၂၀၂၄ရက်(အင်္ဂါနေ့) ညနေ ၅:၀၈နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားသော မိခင်ကြီး ဒေါ်ဆိုင်းညွန့်၏ နာရေးသို့ လွမ်းသူ့ပန်းခွေများ၊ လွမ်းသူ့ပန်းခြင်းများ၊ သက်န်းနှင့် သင်္ကန်းခြင်းများ၊ ဂါရဝပြုလက်ဆောင်များ ပေးပို့ကြသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီအကြီးအကဲများ၊ မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)၏ အသင်းသူ/အသင်းသားများ၊ တရုတ်လူမှုရေးအသင်းအဖွဲ့များ၏ အကြီးအကဲများနှင့် အသင်းသူ/အသင်းသားများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီလုပ်ကိုင် ဆောင်ရွက်ပေးခဲ့ကြပါသော Shwe Taung Group of Companies မှ BOD အဖွဲ့ဝင်များနှင့် ဝန်ထမ်းမိသားစုများအားလည်းကောင်း၊ မိခင်ကြီး၏ ကျန်းမာရေးကိစ္စအဝဝကို မေတ္တာဖြင့် စောင့်ရှောက်ကုသပေးပါသော ပါမောက္ခဆရာဝန်ကြီး ဒေါက်တာ ဦးသီဝတင်နှင့် ဒေါက်တာ ဒေါ်စိမ်းမြမြအေး အားလည်းကောင်း၊ Asia Royal Hospital မှအုပ်ချုပ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆရာ/ဆရာမများ အားလည်းကောင်း၊ ကုသိုလ်ပြုအမျှပေးဝေပေးကြသော ဆွေမျိုးမိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျန်ရစ်သူမိသားစုများမှ အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၁)၊ မြေကွက်အမှတ်(၅၅၅)၊ အဌရံလမ်း၊ အကျယ်အဝန်း (၄၀ x ၆၀)ပေ၊ (၂၄၀၀)စတုရန်းပေရှိ ဒေါ်ယဉ်နု (S/OKA-၀၁၄၃၃၄)အမည်ပေါက် ပါမစ်မြေကွက်ထဲမှ မြေကွက်အမှတ်(၅၅၄)နှင့် ကပ်လျပ်ဘက်ခြမ်း အကျယ်အဝန်း (၂၀ x ၆၀)ပေ၊ (၁၂၀၀)စတုရန်းပေရှိ မခွဲမစိတ်ရသေးသော ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးနေလင်း ၁၁/တကန(နိုင်)၀၇၁၂၃၄ မှ ပိုင်ဆိုင်မှု အရှုပ်အရှင်း ကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ်(ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို)ပေးချေထား ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်း အဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို(LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)** |

**အမှတ်(၈၂၈/က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ်(၇၆)ဟု ခေါ်တွင်သော အလျား(၂၂)ပေ x အနံ(၆၂)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဒေါ်အေးအေးထွေး(၁/မကန(နိုင်)၀၁၃၄၁၅)မှ အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအိမ်ခြံမြေ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း နောက်ဆုံးထားပြီး စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးရဲဝင့်နောင်(LL.B)၊ အထက်တန်းရှေ့နေ(စဉ်- ၄၁၀၂၇)**
**အမှတ်-၁၇၁၊ အမက(၇)ကျောင်းလမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊**
**အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၅၀၇၁၄၃၁**

## အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၉၀/၁)၊ ဦးပိုင်အမှတ် (၂-က)၊ ဧရိယာ (၃.၉၂၅) ဧကနှင့် ဦးပိုင်အမှတ် (၂-ခ)၊ ဧရိယာ (၁.၆၀၈)ဧက၊ စုစုပေါင်းဧရိယာ(၅.၅၃၃) ဧက အကျယ်အဝန်းရှိသည့် ဒေါ်မေရင်(ခ)ဒေါ်သန်းသန်းအေး အမည်ပေါက် ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော Garden City Apartment Complex တိုက်အမှတ် (၁၁)၊ (၃-လွှာ)၊ အခန်းအမှတ် (၄)၊ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်း၊ တပ်ဆင်ထားသော ပစ္စည်း အရပ်ရပ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ပြန်လည်လွှဲပြောင်းရောင်းခွင့်ရှိသည်ဟု အဆိုပြု ရောင်းချသူ ဒေါ်ကြူကြူဝင်း(ဘ)ဦးချိုက်ချွန်လီး (၁၃/တခလ(နိုင်)၀၂၇၄၉၀)မှ ကျွန်ုပ်၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေများမှလည်း ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိ (LL.B) (စဉ်-၁၁၄၁၉)**
**တရားလွှတ်တော်ရှေ့နေ**
**၅၁x၅၂ လမ်းနှင့် ၁၀၄(ဘီ) လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း-၀၉-၇၉၈၇၁၆၄၆၈၊ ၀၉-၉၁၀၅၃၃၆၇**

## နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း

ကျွန်မ မရှောက်ရှမ် ၁၃/သနန(နိုင်)၀၆၁၁၆၆၏ နိုင်ငံကူးလက်မှတ်(MH-990698) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၆၃၆၀၄၅၈**

## နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း

ကျွန်မ မလိလျုံကုတ် (၁၃/ကခန(နိုင်)၀၉၀၈၈၆)၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၁၃၄၅၀၈၆**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 8K/2669, ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်းအောင် ၉/မမန(နိုင်) ၀၇၈၆၀၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြင်ဦးလွင်မြို့)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စားရေရိက္ခာသည် လူတိုင်းအတွက် လိုအပ်ပြီး လက်ရှိကမ္ဘာပေါ်တွင်လည်း စားနပ်ရိက္ခာ လုံခြုံရေး (Food Security) မှာ အကြီးမားဆုံး စိန်ခေါ်မှုဖြစ်နေ...**

❖ **မိမိတို့နိုင်ငံအနေဖြင့်လည်း စားနပ်ရိက္ခာ လုံခြုံရေးအတွက် စားရေရိက္ခာ ပေါများရေးကို အလေးထားဆောင်ရွက်လျက်ရှိ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကား ပြောကြားမှု ကောက်နုတ်ချက်)

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ
အသိပေးကြေညာချက်
၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
(၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ) အား ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

### ယနေ့ သတင်းအညွှန်း

**ဂါဇာဒေသအပစ်အခတ်ရပ်စဲရေးအတွက် ဟားမားစ်ကိုယ်စားလှယ်အဖွဲ့ အီဂျစ်သို့သွားမည်**

နိုင်ငံတကာသတင်း စာ ၁၃

**မြဝတီကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီလအတွင်း ကန်ဒေါ်လာ ၄၅ သန်းကျော် ကုန်သွယ်မှုဆောင်ရွက်နိုင်**

စီးပွားရေးသတင်းများ စာ ၁၄

**ပလက်ဝမြို့ရှိ ဟုမ်းကျေးရွာကို တပ်မတော်က ဒုတိယအကြိမ် ပုံးကြဲတိုက်ခိုက်ခဲ့ရာ အရပ်သားခုနစ်ဦး သေဆုံးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ**

ပြည်တွင်းသတင်း စာ ၁၅

## ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ကျောက်တံခါးမြို့နယ် ပိန်းဇလုပ်နှင့် ကျောက်တံခါးဘူတာအကြား ကုန်ရထားဖြတ်သန်းစဉ် မိုင်းပေါက်ကွဲခြင်းကြောင့် ရထားလမ်းချော်ကျမှုဖြစ်ပွားပြီး ရထားခရီးစဉ်များကြန့်ကြာမှုဖြစ်

နေပြည်တော် ဇန်နဝါရီ ၃၁

ရန်ကုန်-မန္တလေးရထားလမ်းပိုင်း၌ မလွှကုန်းမှ မြို့ဟောင်း ခရီးစဉ်အဖြစ် ထွက်ခွာလာသည့် အမှတ် (၉၀၁) အဆန်ကုန်ရထားသည် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပိန်းဇလုပ်ဘူတာမှ နံနက် ၇ နာရီ ၃၅ မိနစ်တွင် ထွက်ခွာပြီး ပိန်းဇလုပ်ဘူတာနှင့် ကျောက်တံခါးဘူတာအကြား မိုင်တိုင်အမှတ်၁၀၃/၁၂-၁၃ အကြားရထားခုတ်မောင်းဖြတ်သန်းစဉ် နံနက် ၇ နာရီ ၄၂ မိနစ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ ထောင်ထားသည့် မိုင်းပေါက်ကွဲခဲ့သဖြင့် ရထားတွဲဆိုင်းတွင် ပါရှိသော စက်ခေါင်းနှင့်အတူ စက်ခေါင်းနောက်ကပ်လျက် ကုန်တွဲသုံးတွဲတို့ လမ်းချော်ကျမှုဖြစ်ပွားခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ◆



မိုင်းပေါက်ကွဲမှုကြောင့် အမှတ်(၉၀၁)အဆန်ကုန်ရထားလမ်းချော်မှု ဖြစ်ပွားစဉ်။

## ပရီမီယာလိဂ်ပွဲစဉ် (၂၂) တွင် အာဆင်နယ်၊ လူတန်၊ ပဲလေ့စ်၊ ကာဆယ်တို့ နိုင်ပွဲရပြီး အဲဗာတန် သရေကျ



အာဆင်နယ်မှ ဂျေဇူး နော်တင်ဟမ် ဘက်သို့ ဂိုးသွင်းယူစဉ်။

ပရီမီယာလိဂ်ပွဲစဉ်(၂၂)မှ နော်တင်ဟမ်ဖောရက်စ်နှင့် အာဆင်နယ်အသင်းပွဲစဉ်တွင် အာဆင်နယ်အသင်းက အကြိတ်အနယ်ကစားပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါပွဲစဉ်ကို နော်တင်ဟမ်အသင်း အိမ်ကွင်း၌ ဇန်နဝါရီ ၃၁ ရက် နံနက် ၂ နာရီက ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်သည်။

တန်းဆင်းဇုန် ဖိအားရှိသည့် နော်တင်ဟမ်အသင်းသည် အာဆင်နယ်အသင်းကို

*စာမျက်နှာ ၁၈ ကော်လံ ၁* ❖